ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်းချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက် သင့်ကြ၏။ မကောင်းမှုကိုရှောင်ကြဉ်၍ မိမိကိုယ်ကို ချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 17 January 2017 (၈၈၀၉)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် နန်းယွန်းမြို့ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ နိုင်ငံတစ်ဝန်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြား

**လဟယ် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် လဟယ်မြို့ စာရာမေရိရိပ်သာ၌ လဟယ်မြို့ပေါ်ရှိ ခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရ ဆရာများ၊ သင်းအုပ်ဆရာများနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် လဟယ်မြို့မှ နန်းယွန်းမြို့သို့ ရောက်ရှိကြရာ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်လှ၊ မြို့မိမြို့ဖများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နန်းယွန်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် နန်းယွန်းမြို့နယ် စုပေါင်းရုံး၌ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်လှနှင့် မြို့နယ်နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရွှေလန်းတို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်သမ္မတ ဦးထင်ကျော် နန်းယွန်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ကျပ်သိန်း ၃၀၀၀၀ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၆**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေ (NRPC-Peace Fund)ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲ ငွေစုဘဏ်စာရင်းအမှတ် SF 004048 တွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က နိုင်ငံပိုင်သတင်းစာများတွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး အလှူငွေများလက်ခံလျက်ရှိရာ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် အလှူငွေကျပ် သိန်းပေါင်း သုံးသောင်းကို ယနေ့တွင် ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင်မြင်စေရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)သည် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော်သစ်ထူထောင်ရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသည် အဓိကကျသဖြင့် အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ပူးပေါင်းမှုစွမ်းအားဖြင့် တစ်ပြည်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး အမြန်ဆုံးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးကို လိုလိုလားလား မျှော်လင့်နေမိပါကြောင်း တစ်နိုင်ငံလုံး အေးချမ်းသာယာမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖောင်ဒေးရှင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

## မြန်မာနိုင်ငံ အောင်မြင်မှာပါ၊ အခွင့်ကောင်းတွေ ပိုများလာပြီ

စာမျက်နှာ - ၅

## မဏ္ဍိုင်(၄)ရပ် မြင့်မြတ်တာဝန်

စာမျက်နှာ - ၆

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# သွားလမ်းသာ၍ လာလမ်းဖြောင့်

ဇန်နဝါရီ ၁၆ ရက်(တနင်္လာနေ့)သည် ရန်ကုန်တိုင်းဒေသကြီးအတွက် ထူးခြားသည့်နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်သည်။ နှစ်ပေါင်းများစွာ ဖြေရှင်းရခက်ခဲသော ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲ၍ တစ်ခေတ်ဆန်းသစ်လိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါအစီအစဉ်သစ်ကို ရန်ကုန်မြို့ပြပြည်သူလူထုသာမက ပြည်သူအများစုက စိတ်ဝင်စားနေကြ၏။ စိတ်ပျက်ဖွယ်အခြေအနေတစ်ရပ်မှ ပိုမိုကောင်းမွန်သောအခြေအနေတစ်ရပ်သို့ ပြောင်းလဲလာမည့် မည်သည့်ပြုပြင်ပြောင်းလဲမှုကိုမဆို ပြည်သူများက မျှော်လင့်ကြသည်မှာ သဘာဝပင်ဖြစ်သည်။

တနင်္လာနေ့နံနက်မိုးသောက်သည်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ရည်မှန်းချက်ကိုယ်စီ၊ မျှော်လင့်ချက်ကိုယ်စီ၊ တာဝန်ကိုယ်စီဖြင့် မိမိတို့ဦးတည်ရာခရီးသို့သွားရောက်ရန် လမ်းမများပေါ်သို့ ထွက်လာကြသော ပြည်သူများမှာ လိုရာခရီးသို့ထင်တိုင်းမပေါက်သဖြင့် စိတ်ပျက်လက်ပျက်ဖြစ်ကောင်းဖြစ်ကြပေလိမ့်မည်။

အထူးသဖြင့် ရုံးအတက်အဆင်းအချိန်များတွင် ခရီးသွားပြည်သူများ ပိုမိုအခက်အခဲဖြစ်ကြရပြီး မပြေးဆွဲမီရက်က အသိပေးထားသကဲ့သို့ ရုံးတက်၊ ရုံးဆင်းအချိန်တွင် နှစ်မိနစ်၊ သုံးမိနစ် ယာဉ်တစ်စီးလွှတ်ပေးခြင်း၊ ခရီးသွားပါးသောအချိန်တွင် ငါးမိနစ်တစ်စီးနှုန်းပြေးဆွဲပေးခြင်းတို့ကို စီစဉ်ထားသော်လည်း မျှော်မှန်းသည့်အတိုင်းဖြစ်မလာသဖြင့် အခက်အခဲနှင့်ကြုံတွေ့ရခြင်းဖြစ်သည်။


အပြောင်းအလဲဟူသည်မှာ မည်သည့်အပြောင်းအလဲမှ လွယ်ကူချောမွေ့လိမ့်မည်မဟုတ်ချေ။ လူဦးရေထူထပ်များပြားပြီး ကျယ်ဝန်းလှသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်ပေါင်းများစွာ ဖြစ်တည်လာခဲ့သော ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် အစပထမနေ့တွင် အခက်အခဲများရှိနေမည်မှာ သေချာပါသည်။

ကနဦးအစီအစဉ်အရ စတင်ပြေးဆွဲသည့်နေ့တွင် ယာဉ်လိုင်း ၇၀၊ ယာဉ်စီးရေ ၃၇၀၀ ကျော် စာရင်းပေးထားသော်လည်း အပြည့်အဝပြေးဆွဲပေးနိုင်ခြင်းမရှိသောကြောင့် နေ့စဉ်ခရီးသွားပြည်သူ သိန်း ၂၀ ခန့်ရှိသည့် ရန်ကုန်မြို့အတွက် ဝန်နှင့်အား မမျှသေးဘဲ ယာဉ်အသစ်၊ ယာဉ်လိုင်းအသစ်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အသစ်များဖြင့်ဆောင်ရွက်ရာတွင် အခက်အခဲများရှိနေမည်မှာ အမှန်ဖြစ်သည်။

အပြောင်းအလဲကို အလိုရှိကြသော ရန်ကုန်ခရီးသွားပြည်သူများအနေဖြင့် အခက်အခဲအကျပ်အတည်းများကြားမှ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ပေးမှုများကို စိတ်ရှည်သည်းခံပြီး ကျေကျေနပ်နပ် လက်ခံကြသည်ဟု သိရသည်။ ကြီးမားသည့် အပြောင်းအလဲတစ်ခုကို ဖော်ဆောင်ရာတွင် အစဦးတွင် အခက်အခဲများရှိမည်ဖြစ်သော်လည်း ကြုံတွေ့ရသောအခက်အခဲများကိုထောက်ရှု၍ နောက်ရက်များတွင် လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ဆောင်ရွက်သွားမည်ဟု ဆိုထားသဖြင့် ခရီးသွားများ တဖြည်းဖြည်းစိတ်ချမ်းသာလိမ့်မည်ဟု မျှော်လင့်ရသည်။

ယခုပြုပြင်ပြောင်းလဲရေးကိုဖော်ဆောင်ရာတွင် ပြည်သူများမှာ နားလည်မှုရှိရှိဖြင့် ပါဝင်လာကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများသာမက စေတနာရှင်သယ်ယူပို့ဆောင်ရေးယာဉ်များကပါ အခမဲ့ကူညီဆောင်ရွက်ပေးနေသဖြင့် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ပြည်သူများ၏ ညီညွတ်သောစွမ်းအားဖြင့် အောင်ပွဲကိုရရှိလိမ့်မည်ဖြစ်သည်။

လတ်တလောတွင် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများကို စနစ်တကျပြေးဆွဲပေးလိုက်သဖြင့် ယာဉ်ကြောကျပ်တည်းမှု အထိုက်အလျောက်ပြေလျော့လာသည်ကို တွေ့ရသည်။ ဆက်လက်၍ အများပြည်သူသုံးယာဉ်၊ အငှားယာဉ်၊ ကိုယ်ပိုင်ယာဉ်များကိုပါ လမ်းစနစ်၊ ယာဉ်စနစ်၊ ခရီးသည်စနစ် အဆင့်ဆင့်ပြုပြင်ပြောင်းလဲဖော်ဆောင်မှုများ အတိုင်းအတာတစ်ခုအထိ ရောက်ပြီဆိုလျှင် သွားလမ်းသာ၍ လာလမ်းဖြောင့်သည့် ကောင်းမွန်သောမြို့ပြတစ်ခုဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။




## အသက်ကယ်အင်္ကျီများ လှူဒါန်း

**တနင်္သာရီ ဇန်နဝါရီ ၁၆**

တနင်္သာရီမြို့မှ မြစ်ချောင်းတစ်ဖက်ကမ်းရှိ ဘန်လောကျေးရွာအုပ်စု၊ သကျက်ကျေးရွာအုပ်စု၊ ညောင်ပင်ကွင်းကျေးရွာအုပ်စုနှင့် တကူကျေးရွာအုပ်စုတို့မှ ဒေသခံခရီးသွားပြည်သူများ နေ့စဉ် တနင်္သာရီမြို့နှင့် ဗောဓိကမ်းရွာ ကူးတို့ဖြင့် သွားလာနေရသဖြင့် ကူးတို့ကူးနေစဉ် သဘာဝဘေးအန္တရာယ်အရေးပေါ်ကျရောက်ပါက အသက်ဘေးကို ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ဇန်နဝါရီ ၁၅ ရက်က မြိတ်မြို့ အပြည်ပြည်ဆိုင်ရာငါးလေလံဈေးမိသားစု ကိုယ်စားပြုအဖွဲ့မှ အသက်ကယ်အင်္ကျီ အထည် ၃၀ ကို လာရောက်လှူဒါန်းရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့်အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြပြီး ကူးတို့လှေဖြင့် လိုက်ပါစီးနင်းမည့် ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများအား အသက်ကယ်အင်္ကျီဝတ်ဆင်နည်း၊ အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြသ ဝတ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)နှင့် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ရောက်ရှိပြီး စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**(ယာပုံ)**



ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စက်ရုံရှိ တာဝန်ရှိသူများနှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို သာစည်ဓာတ်အားခွဲရုံသို့ ပို့လွှတ်၍ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးလျက်ရှိကြောင်း၊ ထို့အတူ ကျိုင်းတောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကိုလည်း နမ့်စန်မှတစ်ဆင့် သာစည်ဓာတ်အားခွဲရုံသို့ပို့လွှတ်ကြောင်း၊ ယခုစက်ရုံမှ အသုံးပြုသည့် လျှပ်စစ်ဓာတ်အားသည် သာစည်-ကလော-တောင်ကြီးသို့ ပေးပို့သည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကလော-တောင်ကြီးသို့ပေးပို့သည့် လျှပ်စစ်ဓာတ်အားလိုင်းမှ တစ်ဆင့် သွယ်တန်းပေးပို့ထားခြင်းဖြစ်ကြောင်း၊ စက်ရုံမှတောင်းဆိုသည့် မတူညီသော Source များမှ လျှပ်စစ်ဓာတ်အားလိုင်း နှစ်လိုင်းအား စက်ရုံအသုံးပြုရန် ချိတ်ဆက်ပေးရမည်ဆိုပါက ကျိုင်းတောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို နမ့်စန်မှတစ်ဆင့် စက်ရုံသို့ တိုက်ရိုက်ချိတ်ဆက်လျှင် ပြည်သူများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရာတွင် လျော့နည်းသွားမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မတူညီသော Source နှစ်ခုမှ လျှပ်စစ်ဓာတ်အားလိုင်း နှစ်လိုင်း ချိတ်ဆက်အသုံးပြု၍မရနိုင်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားရရှိမည့် အခြားနည်းလမ်းများကို ညှိနှိုင်းကြရာတွင် စက်ရုံ၌ စက်စတင်လည်ပတ်ပြီး သံရည်ကျိုမီးဖို စတင်သည့်အချိန်တို့တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် Heat Reco-very Electric Power Station အကောင်အထည်ဖော် တည်ဆောက်ဆောင်ရွက်ထားရှိသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ပြည်နယ်ဦးစီးဌာနမှူးက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများအား ဓာတ်လိုက်မှု၊ ပေါ့ဆမှုမရှိစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန်လိုကြောင်း၊ ဘွိုင်လာများကိုလည်း အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သည်အထိ စနစ်တကျစစ်ဆေးပေးရန်လိုကြောင်း မှာကြားခဲ့သည်။

**(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
စာတည်းများ - ဦးစန်းအောင်၊ ခင်ခင်သက်၊ ဦးအေးသန်း၊ မေလှုံသင်း၊ စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

**❐ နိုင်ငံတော်သမ္မတမှ**

ဒေသလိုအပ်ချက်များအပေါ် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်သည်များကို အလေးအနက်ထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြပြီး ချက်ချင်းခွင့်ပြုနိုင်သည်များကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ရေအားလျှပ်စစ်ထုတ်ယူရေးဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စားနပ်ရိက္ခာထောက်ပံ့ရေးနှင့် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ကာလမှ မွေးဖွားပြီး ကလေး နှစ်နှစ်သားအရွယ်အထိ အာဟာရထောက်ပံ့ရေးဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းအဆင့်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လူနာတင်ယာဉ်ထောက်ပံ့ရေး၊ ကာကွယ်ဆေးထိုးနှံရေး၊ ငှက်ဖျားရောဂါပပျောက်ရေးနှင့် ကျန်းမာရေးအသိပညာပေးရေးအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ခန္တီး-လဟယ်-နန်းယွန်းလမ်းမကြီး အဆင့်မြှင့်တင်ပြုပြင်ရေးနှင့် တံတားတည်ဆောက်ပေးမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မော်အောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်လှတို့ထံ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် နန်းယွန်းမြို့မှ ခန္တီးမြို့သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးနှင့် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ တေရသမအစည်းအဝေးကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်၊ ၇ ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၃၊ ၄)သောကြာ၊ စနေနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်ရန်ဖြစ်သည်။

သတ္တမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၉၊ ၁၀၊ ၁၁ ရက်(၂၀၁၇ခုနှစ်၊ မတ်လ ၆၊ ၇၊ ၈)ရက် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၈ရက်၊ ၂၀၁၇ခုနှစ်၊ မတ်လ ၅ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန်ပင့်စာများဖြင့် ပင့်လျှောက်ထားသည်။

ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၇ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို မတ် ၂၂ ရက်မှ ဧပြီ ၄ ရက်အထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်၊ (ဗုဒ္ဓဟူးနေ့)မှ နှောင်းတန်ခူးလဆန်း ၄ ရက်၊ (သောကြာနေ့) အထိ (၂၀၁၇ ခုနှစ်၊ မတ် ၂၂ ရက်မှ မတ်လ ၃၁ ရက်အထိ)လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ၁၃၇၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၂ ရက်၊ (ဗုဒ္ဓဟူးနေ့)မှ နှောင်းတန်ခူးလဆန်း ၈ ရက်၊ (အင်္ဂါနေ့)အထိ (၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်နေ့အထိ)လည်းကောင်း သက်ဆိုင်ရာစာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စာမေးပွဲကျင်းပမည့် အချိန်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့သို့ ဆက်ကပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘူတန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးမောင်ဝေအား ပူးတွဲခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမောင်ဝေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ စစ်တွေမြို့ အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုလေ့လာ

**မောင်တော ဇန်နဝါရီ ၁၆**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မောင်တောမြို့မှ စစ်တွေမြို့သို့ အမြန်ယာဉ်များဖြင့် ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့ အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




**✪ ရှေ့ဖုံးမှ**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)သည် နိုင်ငံတွင်း သဘာဝဘေးအန္တရာယ်များကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတွင်းသဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်း ၁၄ ခုသို့ အလှူငွေကျပ်သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်း ကျပ်သိန်းပေါင်း ၁၄၀၀၀ လှူဒါန်းခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့တွင် မီးလောင်မှုများဖြစ်ပွားခဲ့ရာ ဖောင်ဒေးရှင်းအဖွဲ့ဝင် ကမ္ဘောဇဘဏ်ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ မီးဘေးသင့်ဒေသများသို့ သွားရောက်ကူညီဆောင်ရွက်လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် နိုင်ငံနှင့်အဝှမ်း သောက်သုံးရေရှားပါးခက်ခဲသော ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် စက်ရေတွင်းများတူးဖော်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်း၊ ရေဘောက်ဆာကားများ လှူဒါန်းပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများ၊ စစ်ရှောင်ပြည်သူများ အအေးလွန်ကဲမှုဒဏ်မှ ကာကွယ်နိုင်ရန် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါအနွေးထည် ၂၀၅၀၀၀ ကို ပြည်ပမှ မှာယူလှူဒါန်းခဲ့ခြင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို ခွဲစိတ်ကုသပေးခြင်း၊ မသန်စွမ်းသူများ၏ ဘဝတိုးတက်မြင့်မားရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် အခြေခံလူတန်းစားဘဝမြင့်မားစေရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း (Micro Finance)ကို ဆောင်ရွက်ပေးခဲ့သည်။

ဖောင်ဒေးရှင်းအဖွဲ့ဝင်များဖြစ်ကြသော တစ်နိုင်ငံလုံးရှိ ကမ္ဘောဇဘဏ်လီမိတက်မှ ဝန်ထမ်းများကလည်း အခါအားလျော်စွာ သွေးလိုအပ်လျက်ရှိသော နေရာများသို့ သွေးလှူဒါန်းပေးခဲ့ကြပြီး ပြည်ပနိုင်ငံများတွင် နေရပ်ပြန်ရန် အခက်အခဲရှိနေသော မြန်မာလုပ်သားဒုက္ခသည်များအား အမိမြန်မာနိုင်ငံသို့ အခမဲ့ အကြိမ်ကြိမ်ပြန်လည်ခေါ်ဆောင်ပေးခဲ့သည်။

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် စတင်ဖွဲ့စည်းသည့် ၂၀၀၇ ခုနှစ်မှ စ၍ ယနေ့အချိန်အထိ နိုင်ငံတော်နှင့် ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ ၁၁၄ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ဒို့ ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုနေ့ ဒို့မမေ့



# ထရန့် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား အစမ်းလေ့ကျင့်

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

မကြာမီကျင်းပမည့် ရွေးကောက်ခံသမ္မတ ဒေါ်နယ်လ်ထရန့်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား အစမ်းလေ့ကျင့်မှုကို အမေရိကန်တာဝန်ရှိသူများက စီစဉ်ကျင်းပခဲ့သည်။

အဆိုပါအစမ်းလေ့ကျင့်မှုကို အမေရိကန်တပ်ဖွဲ့များနှင့် အခြားသူများက တနင်္ဂနွေနေ့တွင် ဝါရှင်တန်မြို့တော်ရှိ ပါလီမန်အဆောက်အအုံရှေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အိမ်ဖြူတော်နှင့် ပါလီမန်အဆောက်အအုံကြားရှိလမ်းပေါ်တွင် တူရိယာအဖွဲ့ဝင်များက ချီတက်လမ်းလျှောက်လေ့ကျင့်ခဲ့ကြသည်။

"ကျမ်းသစ္စာကျိန်ဆိုမယ့်နေ့ဟာ မျှော်လင့်ထားတာထက် ပိုမိုကြီးကျယ်ခမ်းနားမှာပါ။ အားလုံးပျော်ပျော်ရွှင်ရွှင်ပေါ့" ဟု ထရန့်က ၎င်း၏တွစ်တာစာမျက်နှာထက်တွင် ရေးသားခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပမည့် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ လူ ၇၀၀၀၀၀ မှ ၉၀၀၀၀၀ အထိ တက်ရောက်မည်ဟု ခန့်မှန်းထားသည်။ အဖွဲ့အစည်း ၁၀၀ ခန့်ကလည်း ကျမ်းသစ္စာကျိန်ဆိုပွဲကို ဆန္ဒပြကန့်ကွက်ရန် ပြင်ဆင်လျက်ရှိကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင် ၂၈၀၀၀ ခန့်ဖြန့်ကြက်ကာ လုံခြုံရေးတင်းတင်းကျပ်ကျပ်ဖြင့် ကျင်းပသွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ဂျပန်က ဗီယက်နမ်သို့ ကင်းလှည့်ရေယာဉ် ခြောက်စင်းပေးမည်

**ဟန်ွိုင်း ဇန်နဝါရီ ၁၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဗီယက်နမ်နိုင်ငံသို့ ကင်းလှည့်ရေယာဉ်ခြောက်စင်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ဇန်ဖုစ်ကို ပြောကြားလိုက်သည်။

ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသည့် ရှင်ဇိုအာဘေးသည် တနင်္လာနေ့ မွန်းလွဲပိုင်းတွင် ငုယင်ဇန်ဖုစ်နှင့် တွေ့ဆုံခဲ့သည်။ ယင်းနေ့အစောပိုင်းတွင် အာဘေးသည် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူထန်နှင့် အခြားသောခေါင်းဆောင်များကိုလည်း သီးခြားစီတွေ့ဆုံခဲ့သည်။

**နယ်မြေအငြင်းပွား**

အာဘေးနှင့် ဗီယက်နမ်ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးစဉ်အတွင်း တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏လှုပ်ရှားမှုများနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးမှုရှိရန် အရေးပါကြောင်းနှင့် ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းသွားရန် သဘောတူညီခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံသည် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံနှင့် ပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ လုံခြုံရေးနှင့် ပင်လယ်ပြင်တွင် ကာကွယ်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ကင်းလှည့်ရေယာဉ်ခြောက်စင်းပေးအပ်မည်ဖြစ်ကြောင်း အာဘေးက ဗီယက်နမ်ဝန်ကြီးချုပ်ကို ပြောကြားသည်။

ထို့ပြင် အာဘေးက ဗီယက်နမ်နိုင်ငံတွင် အခြေခံအဆောက်အအုံကဏ္ဍ အဆင့်မြှင့်တင်ရန် ဂျပန်ချေးငွေများအပါအဝင် စီးပွားရေးတိုးမြှင့်ရန်အတွက် ဒေါ်လာတစ်ဘီလီယံကျော် အကူအညီပေးသွားမည်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# တောင်အာရှဒေသအပါအဝင် ကမ္ဘာ့ဒေသအချို့၌ နျူလက်နက်ဘေးအန္တရာယ်ရှိနေဆဲဟု ဂျိုးဘိုင်ဒင်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

ဒေသဆိုင်ရာပဋိပက္ခများအတွင်း နျူကလီးယားလက်နက်အသုံးပြုနိုင်သော ကမ္ဘာ့ဒေသအနည်းငယ်တွင် တောင်အာရှဒေသပါဝင်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားလက်နက်လျှော့ချရေးအတွက် မကြာမီတာဝန်စတင်ယူမည့် ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့က ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားစေလိုကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတကာငြိမ်းချမ်းရေးဆိုင်ရာ ကာနက်ဂီ အလှူဒါနအဖွဲ့၌ မိန့်ခွန်းပြောကြားရာတွင် ဘိုင်ဒင်က အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသာမက ရုရှား၊ ပါကစ္စတန်နှင့်အခြားသောနိုင်ငံများသည် အကျိုးထက် အပြစ်များသော နျူကလီးယားလက်နက်များကို ပိုင်ဆိုင်နိုင်ရန် ဦးတည်လှုပ်ရှားခဲ့ကြကြောင်း၊ ဥရောပ၊ တောင်အာရှ သို့မဟုတ် အရှေ့အာရှဒေသတို့၌ဖြစ်ပွားသော ဒေသဆိုင်ရာ ပဋိပက္ခများအတွင်း ယင်းလက်နက်များကို အသုံးပြုနိုင်သည့် ဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ကြောင်း ဘိုင်ဒင်က ဆက်လက်ပြောကြားသည်။

**အလွန်အရေးကြီး**

အမေရိကန် ကွန်ဂရက်လွှတ်တော်ရှိ ရီပတ်ဘလီကန်နှင့် ဒီမိုကရက်အမတ်များသည် ပါတီနိုင်ငံရေးထက်ကျော်လွန်ကာ နျူကလီးယားပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်သင့်ကြောင်း ၎င်းကတိုက်တွန်းသည်။

နျူကလီးယားလုံခြုံရေးသည် မိမိတို့နိုင်ငံအတွက်ရော ကမ္ဘာကြီးအတွက်ပါ ပါတီ၏မူဝါဒတစ်ရပ်အဖြစ်သတ်မှတ်၍ ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း၊ ယနေ့ကာလတွင် နျူကလီးယားလက်နက်ပိုင်ဆိုင်သောနိုင်ငံများအချင်းချင်း ထိပ်တိုက်တွေ့မှုကြောင့် နေ့စဉ်စိုးရိမ်စိတ်ဖြင့် နေထိုင်ကြရခြင်း မျိုးမရှိသော်လည်း နျူကလီးယားလုံခြုံရေးကို မိမိတို့နိုင်ငံရှိ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစွဲမထားဘဲ အလေးနက်ထားဆောင်ရွက်သင့်လှကြောင်း ဘိုင်ဒင်က ပြောကြားသည်။

**ပီတီအိုင်။**

# ကာဂျစ္စတန်တွင် တူရကီကုန်တင်လေယာဉ်ပျက်ကျ၊ လူ ၃၇ ဦးထက်မနည်းသေဆုံး

**ဘစ်ကက်ရှ် ဇန်နဝါရီ ၁၆**

တူရကီလေကြောင်းမှ ကုန်တင်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၁၆ ရက်က ကာဂျစ္စတန်နိုင်ငံမြို့တော် ဘစ်ကက်ရှ်၏ မာနာ့စ် လေဆိပ်အနီးတွင် ပျက်ကျခဲ့ရာ လူ ၃၇ ဦးထက်မနည်း သေဆုံးရကြောင်း၊ သေဆုံးသူအများစုမှာ ဘိုးရင်း ၇၄၇ အမျိုးအစား လေယာဉ်ကြီးပျက်ကျခဲ့သည့် ကျေးရွာမှ ဒေသခံများဖြစ်ကြကြောင်း၊ အဆိုပါ လေယာဉ်သည် သိပ်သည်းစွာ မြူဆိုင်းနေချိန်၌ လေယာဉ်ကွင်းသို့ ဆင်းသက်ရန် ကြိုးပမ်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းတာဝန်ရှိသူများက ပြောကြားသည်။

ဟောင်ကောင်မှ အစ္စတန်ဘူလ်သို့ ပျံသန်းလာသည့် အဆိုပါ ကုန်တင်လေယာဉ်သည် ကာဂျစ္စတန်နိုင်ငံ မြို့တော် ဘစ်ကက်ရှ်အနီး မာ့နာ့စ် လေဆိပ်တွင် ခရီးတစ်ထောက်ရပ်နားရန် ဆင်းသက်ခဲ့ပုံရကြောင်း၊ မြူဆိုင်းနေခြင်းကြောင့်မြင်ကွင်းဆိုးရွားနေစဉ် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၁ မိနစ်ခန့်တွင် လေယာဉ်ကွင်းသို့ ဆင်းသက်ရန် ကြိုးပမ်းရာမှ ပျက်ကျခြင်းဖြစ်ကြောင်း မာနာ့စ် လေဆိပ်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ပျက်ကျသွားသော အဆိုပါလေယာဉ်ကြီးသည် လေဆိပ်မှ မီတာရာနှင့်ချီဝေးကွာသော ကျေးရွာတစ်ရွာပေါ် ပျက်ကျခဲ့ရာ အဆောက်အအုံ ၁၅ လုံးခန့်မှာ ထယ်ထိုးသကဲ့သို့ တိုက်မိကာပျက်စီးစေခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ကနဦးခန့်မှန်းချက်များအရ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၃၇ ဦးဖြစ်ကြောင်း ကာဂျစ္စတန် အရေးပေါ်လုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ပျက်ကျသွားသည့် ဘိုးရင်း ၇၄၇-၄၀၀ အမျိုးအစားကုန်တင်လေယာဉ်ကို တူရကီလေကြောင်းလိုင်းက ပိုင်ဆိုင်သည်ဟု ကာဂျစ်တာဝန်ရှိသူများက ကနဦးအတည်ပြုခဲ့ပြီး တူရကီ လေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သည့် အေစီတီ လေကြောင်းက ယင်းလေယာဉ်မှာ မိမိတို့ ပိုင်ဆိုင်သည်ဟု ပြောကြားသည်။

မိမိတို့ တီစီ-အမ်စီအယ်လ် အမှတ်တံဆိပ်တပ်လေယာဉ်သည် ဇန်နဝါရီ ၁၆ ရက်တွင် ဟောင်ကောင်မှ ဘစ်ကက်ရှ်သို့ ပျံသန်းနေခဲ့ပြီး ဘစ်ကက်ရှ်လေဆိပ်သို့ ဆင်းသက်ရန်ကြိုးပမ်းစဉ် လေယာဉ်ပြေးလမ်းအဆုံး၌ မည်သို့မည်ပုံဖြစ်သည် မသိရဘဲ ပျက်ကျခဲ့ကြောင်း အေစီတီလေကြောင်းလိုင်းက အီးမေးလ်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။ အဆိုပါ လေယာဉ်ပေါ်တွင် လေယာဉ်အဖွဲ့သား လေးဦးပါရှိသည်ဟု သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**




# တရုတ်(တိုင်ပေ)အရေးနှင့်ပတ်သက်၍ ထရန့်က ရန်စလှုံ့ဆော်ပါက ပြင်းပြင်းထန်ထန်အရေးယူတုံ့ပြန်မည်ဟု တရုတ်သတင်းစာများပြော

**ပေကျင်း ဇန်နဝါရီ ၁၆**

အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်လ်ထရန့်သည် သမ္မတအဖြစ် တာဝန်ယူပြီးသည့်အခါ တရုတ်(တိုင်ပေ) အရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံအား ရန်စလှုံ့ဆော်မှုဆက်လက်ပြုလုပ်နေမည်ဆိုပါက တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန် အရေးယူတုံ့ပြန်ရမည်ဖြစ်ကြောင်း နိုင်ငံပိုင် ချိုင်းနားဒေလီသတင်းစာနှင့် ဂလိုဘယ်တိုင်းသတင်းစာတို့က ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြကြသည်။

တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူဝါဒနှင့်ပတ်သက်၍ ဆွေးနွေးရမည့်အချိန်ဖြစ်ကြောင်း ထရန့်က အမေရိကန် ဝေါစထရိဂျာနယ် အမည်ရှိ သတင်းစာ၏လူတွေ့မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ ယင်းလူတွေ့မေးမြန်းခန်းကို ဇန်နဝါရီ ၁၃ ရက်တွင် သတင်းစာက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူဝါဒသည် မိမိတို့၏နိုင်ငံနှင့်အမေရိကန်တို့၏ဆက်ဆံရေးတွင်အခြေခံအကျဆုံးဖြစ်ပြီး တရုတ်(တိုင်ပေ) အရေးနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးရန်မလိုအပ်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထရန့်၏ပြောကြားချက်ကို တုံ့ပြန်ခဲ့သည်။

**ရိုက်တာ။**

# မြန်မာနိုင်ငံအောင်မြင်မှာပါ၊ အခွင့်ကောင်းတွေပိုများလာပြီ

## ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီး H.E. Mr . Martin Tlapa

**မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံမဟုတ်သည့်နိုင်ငံများ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဇန်နဝါရီ ၁၃ရက်က နေပြည်တော်၌ တွေ့ဆုံကာ မြန်မာ-ချက် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**

**ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီး၏ ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အထူးတွေ့ဆုံမေးမြန်းခန်းအစီအစဉ်တွင် ဖြေကြားခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**



ချက်ကိုစလိုဗက်ကီးယားနိုင်ငံနှင့် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ၁၉၅၆ ခုနှစ်က စတင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ပြိုကွဲသွားပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံအဖြစ် ပရက်မြို့တော် (Prague)နှင့်အတူ ချက်သမ္မတနိုင်ငံအဖြစ် ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံးကို ဖွင့်လှစ်ခဲ့ပြီး နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကဏ္ဍသစ် ပြန်လည်ဖော်ဆောင်ခဲ့သည်။

ဒုတိယဝန်ကြီး H.E.Mr. MartinTlapa က "မြန်မာနိုင်ငံက သာယာလှပတဲ့ နိုင်ငံတစ်ခုပါ။ ကျွန်တော် ဒီနိုင်ငံကို လာရောက်ရတာပျော်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အတူတကွ တိုးမြှင့်လုပ်ဆောင်ဖို့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အာရှဒေသမှာရှိတဲ့နိုင်ငံတိုင်းက သာယာလှပပါတယ်။ ဒါကြောင့် ဒီကိုလာဖို့ စိတ်လှုပ်ရှားမိပါတယ်။ ဒီခရီးစဉ်ကကောင်းမွန်တဲ့ ခရီးစဉ်တစ်ခုလို့ ပြောချင်ပါတယ်"ဟု ပဏာမဆိုသည်။

ဆက်လက်၍ တွေ့ဆုံမေးမြန်းရာတွင် -

**မေး။ ။မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် ဒုတိယဝန်ကြီးရဲ့ သဘောထားအမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။တူညီတာတွေ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံက ချက်သမ္မတနိုင်ငံရဲ့ ငါးဆလောက် ပိုကြီးပါတယ်။

**မြန်မာနိုင်ငံအစိုးရရဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်သွားချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့နေရာတွေကို ကူညီပေးသွားဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ စွမ်းအင်လိုအပ်ချက်ဆိုတာကတော့ အဓိကကျပါတယ်။ စွမ်းအင်ကဏ္ဍသာ ပြည့်စုံမယ်ဆိုရင် အစိုးရအနေနဲ့ ပြည်သူတွေကို ပြည့်ပြည့်ဝဝ ပံ့ပိုးပေးရာလည်း ရောက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ကူညီပေးသွားမှာ ဖြစ်ပါတယ်။**

၁၉၈၉ ခုနှစ်မှာ ချက်သမ္မတနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို စတင်ခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်တဲ့နိုင်ငံတိုင်းက လုပ်စရာတွေ အများအပြားရှိပါတယ်။ ကျွန်တော်တို့ကို အကြံဉာဏ်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ကျွန်တော်တို့ဟာ နိုင်ငံတိုင်းရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို လေ့လာခဲ့ပါတယ်။ ချက်သမ္မတနိုင်ငံမှာရှိတဲ့လူတိုင်း မျှော်လင့်တာက ပြုပြင်ပြောင်းလဲပြီးတဲ့တစ်နေ့မှာ အားလုံးက အသစ်ဖြစ်လာမယ်၊ လူ့အဆင့်အတန်းတွေ မြင့်လာမယ်၊ အရာအားလုံးက ပြည့်စုံကောင်းမွန်လာမယ်လို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ သည်းခံခဲ့ရတယ်။ အချိန်ယူခဲ့ရတယ်။ သည်းခံမှုတွေဟာ တကယ်ကို အရေးကြီးပါတယ်။ လုံခြုံရေးနဲ့ဆိုင်တဲ့ စိန်ခေါ်မှုတွေဟာလည်း ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ကိစ္စရပ်တွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက အောင်မြင်မှာပါ။ မြန်မာလူမျိုးတွေက ခင်မင်နှစ်လိုဖွယ်ကောင်းတယ်။ မြန်မာနိုင်ငံကလည်း သာယာလှပတယ်။ အခုဆို အရင်ကထက်ပိုပြီး ကမ္ဘာကြီးရဲ့ စီးပွားရေးအသိုက်အဝန်းမှာ ဝင်ဆံ့လာပြီ၊ အခွင့်ကောင်းတွေလည်း ပိုများလာပြီလို့ ပြောချင်ပါတယ်။

**မေး။ ။မငြိမ်းချမ်းမှုတွေ၊ ဆူပူမှုတွေဟာ နိုင်ငံရဲ့ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေကို ကြန့်ကြာစေပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီလုပ်ငန်းစဉ်တွေမှာ ကြိုးပမ်းဆောင်ရွက်နေမှုတွေအပေါ် ဘယ်လိုထင်မြင်ယူဆပါသလဲ။**

ဖြေ။ ။ဒီလိုအကြောင်းအရာတွေဟာ ကျွန်တော်တို့အတွက်တော့ ကြီးမားတဲ့စိန်ခေါ်မှုတွေပါပဲ။ အတူလက်တွဲဖြေရှင်းရမှာဖြစ်ပါတယ်။ ဒီနိုင်ငံမှာငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေကြတာ၊ လူ့အခွင့်အရေးအတွက် ဆွေးနွေးနေကြတာတွေ့ရပါတယ်။ ကျွန်တော်ပြောချင်တာက တစ်နေ့တည်းအတွက် မဟုတ်ပါဘူး။ နေ့စဉ်ရက်ဆက် ဆက်ပြီး ရှေ့တိုးလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ပိုပြီးကောင်းမွန်အောင်၊ တိုးတက်အောင် အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ချက်သမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ယခင်ချက်ကိုစလိုဗက်ကီးယားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ စတုတ္ထမြောက် အကြီးမားဆုံး စီးပွားရေးမိတ်ဖက်နိုင်ငံဖြစ်ခဲ့တယ်။ ချက်သမ္မတနိုင်ငံအနေနဲ့ အခုလိုပြန်လည်ပူးပေါင်းဆောင်ရွက်နေတဲ့အချိန်မှာ အဓိကပူးပေါင်းဆောင်ရွက်မယ့်ကဏ္ဍတွေက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ချက်ကိုစလိုဗက်ကီးယားနိုင်ငံအတွက် စီးပွားရေးမိတ်ဖက်နိုင်ငံတွေက အာရှဒေသအပြင် အဲဒီအချိန်က နိုင်ငံတိုင်းနဲ့လည်း စီးပွားရေးမိတ်ဖက်ဖြစ်ခဲ့ပါတယ်။ စက်ရုံတွေအမြောက်အမြားကိုလည်း ချက်ကိုစလိုဗက်ကီးယားနည်းပညာရှင်တွေက တည်ဆောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေကို ခေတ်မီပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စက်မှုလုပ်ငန်းတွေဖြစ်အောင် ကူညီပံ့ပိုးပေးဖို့ ကျွန်တော်တို့ဆုံးဖြတ်ထားပါတယ်။ မြန်မာနိုင်ငံအစိုးရရဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်သွားချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့နေရာတွေကို ကူညီပေးသွားဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ စွမ်းအင်လိုအပ်ချက်ဆိုတာကတော့ အဓိကကျပါတယ်။ စွမ်းအင်ကဏ္ဍသာ ပြည့်စုံမယ်ဆိုရင် အစိုးရအနေနဲ့ ပြည်သူတွေကို ပြည့်ပြည့်ဝဝ ပံ့ပိုးပေးရာလည်း ရောက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းတွေမှာ ကူညီပေးသွားမှာဖြစ်ပါတယ်။

**ဒီနိုင်ငံမှာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေကြတာ၊ လူ့အခွင့်အရေးအတွက် ဆွေးနွေးနေကြတာတွေ့ရပါတယ်။ ကျွန်တော်ပြောချင်တာက တစ်နေ့တည်းအတွက် မဟုတ်ပါဘူး။ နေ့စဉ်ရက်ဆက် ဆက်ပြီး ရှေ့တိုး လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ပိုပြီးကောင်းမွန်အောင်၊ တိုးတက်အောင် အားလုံးကဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ချက်သမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။**

ဒုတိယအနေနဲ့ သတ္တုတွင်းလုပ်ငန်းနဲ့ စက်မှုလုပ်ငန်းတွေပဲဖြစ်ပါတယ်။ တတိယအနေနဲ့ကတော့ ခရီးသွားလုပ်ငန်းကဏ္ဍဖြစ်ပါတယ်။ ချက်သမ္မတနိုင်ငံကို ကမ္ဘာလှည့်ခရီးသွားတွေ ဝင်ရောက်မှုပိုမိုများပြားနေပါတယ်။ ချက်သမ္မတနိုင်ငံကလည်း အာရှဒေသကို လာရောက်မှုများပါတယ်။ ကျွန်တော့်အနေနဲ့ပြောရရင် ကောင်းမွန်တဲ့နည်းဗျူဟာကြောင့်လို့လည်း ပြောချင်ပါတယ်။ မြန်မာနိုင်ငံကိုလည်း ခရီးသွားဧည့်သည်တွေပိုပြီး ဖိတ်ခေါ်နိုင်မယ်လို့ထင်ပါတယ်။ ဥပမာ-ထိုင်းနိုင်ငံက ဧည့်သည်ကို ဆွဲဆောင်နိုင်တဲ့ လှပတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။"Golden Land" လို့တင်စားကြတဲ့ မြန်မာနိုင်ငံဟာလည်း အလွန်ဆွဲဆောင်မှုရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကလည်း အောင်မြင်မှုရဖို့ အရေးပါတယ်လို့ထင်ပါတယ်။ လာမယ့်အနာဂတ်မှာ ကျွန်တော်တို့ ချက်သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ စီးပွားရေးကဏ္ဍတွေမှာ အတူတကွပူးပေါင်းဆောင်ရွက်သွားဖို့မျှော်လင့်ပါတယ်။

**မေး။ ။နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအောင် အနာဂတ်မှာ ဘယ်လိုပူးပေါင်းဆောင်ရွက်သွားမလဲ။**

ဖြေ။ ။ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးက ဘာပြဿနာမှ မရှိပါဘူး။ ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ ယဉ်ကျေးမှုနဲ့စီးပွားရေးဆိုင်ရာ ကဏ္ဍတွေကလည်း ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ချင်တဲ့ ကဏ္ဍတွေပဲဖြစ်ပါတယ်။ အတူတကွလက်တွဲလုပ်ဆောင်မယ့် စီမံကိန်းတွေလည်း အများအပြားရှိပါတယ်။ နှစ်နိုင်ငံပြည်သူတွေအချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦးရှေ့ဆက်ပြီး အပြန်အလှန် ကူညီရိုင်းပင်းသွားနိုင်ဖို့ ယုံကြည်ပါတယ်။ ချက်သမ္မတနိုင်ငံအနေနဲ့လည်း ကူညီသွားဖို့အသင့်ရှိပါတယ်။ အခုလို တွေ့ဆုံဖြေကြားခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**ဘာသာပြန်-နန္ဒာဝင်း၊ မြတ်စန္ဒီ**
**ဓာတ်ပုံ-မြတ်နန္ဒာ**

## ၂၀၁၆ ခုနှစ် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရက်တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

၂၀၁၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲရက်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ပခုက္ကူစာပေတွင် သတ်မှတ်ထားသည့် ဘာသာရပ်ငါးမျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ပြီး နယ်မှပုံစံမှာယူလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများကို မှာယူနိုင်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုများကို ယှဉ်ပြိုင်လိုသူများ စိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသော စာပေဝါသနာရှင်များ၏ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက်တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း ပခုက္ကူစာပေဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

**(သတင်းစဉ်)**

# မဏ္ဍိုင်(၄)ရပ် မြင့်မြတ်တာဝန်

ဦးဟန်ညွန့်(ဥပဒေ)

**လောကပါလတရားများ**

"နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေရမည်"ဟူသည့် အခြေခံဥပဒေများ၏ အဓိက မူဝါဒသဘောကို တက္ကသိုလ်ဥပဒေကျောင်းသားဘဝကပင် ရင်ခုန်စွဲလမ်း အမြဲတမ်းအလွတ်ကျက်ခဲ့သည့် စာပိုဒ်ဖြစ်ခဲ့ပါပေသည်။ တစ်ဆက်တည်း ခေါင်းထဲစွဲနေခဲ့သည့် မဏ္ဍိုင် (၃)ရပ်ကလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ဖြစ်သည့်အတွက် နေ့စဉ်ရက်ဆက် အသက်ခန္ဓာပမာ ကျင့်သုံးရွက်ဆောင်ခွင့်ရခဲ့သည့် ဥပဒေဝန်ထမ်းတစ်ဦး ဖြစ်နေခဲ့သောကြောင့် ထဲထဲဝင်ဝင် ခုံမင်နှစ်သက် ထမ်းရွက်ခွင့်ရခဲ့ပြန်ပါသည်။ မဏ္ဍိုင် (၃) ရပ်အပြင် စတုတ္ထမဏ္ဍိုင်ဟု ကမ္ပည်းတင်သည့် "သတင်းမီဒီယာ" ကဏ္ဍကိုပါ တာဝန်တစ်ရပ်အနေဖြင့် ထမ်းဆောင်ဖို့ သမိုင်းလက်ဆင့်ကမ်း အမွေရခဲ့ပြန်ပေသောကြောင့် "မဏ္ဍိုင်(၄)ရပ် မြင့်မြတ်တာဝန်" ဟု မော်ကွန်းတင်ရမည်သာ ဖြစ်ပါပေသည်။

**ပြန်ကြားရေးဝန်ကြီးရုံး**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ နေပြည်တော် ပြန်ကြားရေးဝန်ကြီးရုံးတွင် မိတ်ဆွေအပေါင်း နှစ်ထောင်းအားရ ဆုံတွေ့ခဲ့ကြသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်၍ သတင်း၊ မီဒီယာသမားများ စုံလင်စွာ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိလူကြီးမင်းများပါ မဏ္ဍိုင်(၃)ရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်၊ ပြည်သူများအား တိကျခိုင်မာသည့် သတင်းအချက်အလက်များပေးပို့နိုင်ရန်ရည်ရွယ်ချက်များ အခြေခံ၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ခြင်းပါ။

**အလေ့အထစွဲမြဲသွားဖို့**

"အရင်ကတည်းက ကျွန်တော်တို့ဌာနအနေနဲ့ ပြောရေးဆိုခွင့်ရှိသူတွေကို မီဒီယာတွေနဲ့ ချိတ်ဆက်ပြီး ကွန်ရက်တစ်ခုကို ဆောင်ရွက်ထားပါတယ်။ ပြောရေးဆိုခွင့်ရှိသူတွေကို မီဒီယာတွေနဲ့ ဆက်ဆံရေးအတွက် သင်တန်းပေးတယ်။ ပြောရေးဆိုခွင့်ရှိသူတွေနဲ့ မီဒီယာတွေကို တွေ့ဆုံပွဲတွေ ဆောင်ရွက်ပေးတာရှိတယ်။ အဲဒီလို ဆောင်ရွက်ပေးခြင်းအားဖြင့် တစ်ယောက်နဲ့တစ်ယောက် ဆက်စပ်မှုရှိသွားအောင် အခြေခံအဖြစ် ဆောင်ရွက်ပေးထားခြင်းဖြစ်ပါတယ်။ နောက်ပိုင်းက မီဒီယာသမားတွေက ပြောရေးဆိုခွင့်ရှိသူတွေလို့ သတ်မှတ်ထားတဲ့သူတွေကို ဆက်သွယ်မေးမြန်းခြင်းအားဖြင့် သူတို့ရဲ့အလုပ်ကို ပီပီပြင်ပြင်လုပ်ဖြစ်သွားအောင် သတင်းမီဒီယာသမားတွေဘက်က ကူညီပေးရာလည်း ရောက်တယ်။ သတင်းမီဒီယာသမားတွေအနေနဲ့ ပြောရေးဆိုခွင့်ရှိသူတို့နဲ့ ဆက်ဆံရေးရှိနေတော့ သတင်းရတာပေါ့။ အရင်တုန်းက ပြောရေးဆိုခွင့်ရှိသူတွေနဲ့ ခန့်ခဲ့ပေမယ့် နောက်ပိုင်းသိပ်ပီပြင်မှုမရှိတော့ အခုဒါကိုပဲ ပြန်တည်ဆောက်တဲ့ သဘောပါ။ သူတို့ကို သင်တန်းပေးတဲ့နေရာမှာ သတင်းမီဒီယာကောင်စီက တာဝန်ရှိသူတွေရော၊ နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်တွေနဲ့ပါ လေ့ကျင့်ခန်းတွေလုပ်တယ်။ သတင်းမီဒီယာသမားတွေကလည်း သတင်းရရှိမှုအတွက် ကြိုးစားယူရမှာဖြစ်သလို တာဝန်ရှိသူတွေကလည်း ကိုယ်ပေးလိုက်တဲ့ သတင်းအချက်အလက်က တစ်စုံတစ်ရာများ ထိခိုက်မလား စဉ်းစားရတာရှိတယ်။ သတင်းအချက်အလက်တွေကို ဖြန့်ဝေပေးခြင်းဆိုတာကိုလည်း ကိုယ့်တာဝန်ဆိုတာ သူတို့တွေလက်ခံနိုင်ဖို့နဲ့ အလေ့အထစွဲမြဲသွားဖို့လည်း လိုတယ်။ ဒါဟာလည်း လုပ်ရင်းကိုင်ရင်း အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းထောက်များ၏အမေးကို အေးဆေးတည်ငြိမ်စွာ ဖြေသည်။

နေ့စဉ်ထုတ်သတင်းစာတွေမှာ သတင်းလိမ်၊ သတင်းမှားများကို သတင်းမှန်လို ယုန်ထင် ကြောင်ထင်ဖြစ်အောင်၊ ကမ္ဘာမှာ မြန်မာမျက်နှာငယ်အောင်၊ သိက္ခာကျအောင် မတော်မတရား သတင်းဖြန့်ကားနေကြသည့် အကြောင်းတွေ မြင်နေကြားနေရသည်။

**သတင်းမီဒီယာ၏ သဘောတရား**

သတင်းမီဒီယာ၏ သဘောတရားဆိုတာဘာလဲ။

(၁) အမှီအခိုကင်းခြင်း၊ (၂) မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိကျေးဇူးအတွက် အသုံးချခံမဖြစ်ရ၊ (၃) ပြည်သူတို့၏ ကိုယ်စား၊ အစိုးရအဖွဲ့ ဘယ်လိုပြောင်းပြောင်း၊ သတင်းမီဒီယာ၏ ရပ်တည်ချက် မပြောင်းပါ၊ (၄) ကျွမ်းကျင်မှုရှိတဲ့ မီဒီယာ၊ ကျင့်ဝတ်လိုက်နာတဲ့ မီဒီယာ၊ (၅) သတင်းအချက်အလက်ရပိုင်ခွင့်ရှိတဲ့ မီဒီယာ၊ သတင်းမြန်ဖို့၊ မှန်ဖို့၊ ပြည့်စုံဖို့ အဓိကပါဟု သတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းက တင်ပြသည်။

**အုပ်ချုပ်ရေးဘက်ကအမြင်**

"သတင်းထောက်တွေက သတင်းရဖို့၊ သတင်းယူဖို့ပဲ သိတယ်။ ဌာနတွေကို ဆက်ဆံတာ ရိုင်းတယ်။ ဝတ်စားဆင်ယင်မှုကအစ မယဉ်ကျေးဘူး။ တယ်လီဖုန်းနဲ့ အကြိမ်ကြိမ်ဆက်တယ်။ ဒီသတင်းမပေးရင်ဘဲ ဘာဖြစ်တော့မလိုလို။ ဆရာတို့လူတွေကို ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်လိုဝတ်စားဆိုတာတွေ သင်တန်းပေးပါဦး"ဟု ပွင့်လင်းစွာဆိုသည်။

"တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးတဲ့ သူက ကျွန်တော် သတင်းထောက်ပါလို့ တယ်လီဖုန်းထဲက ပြောတာကို ယုံကြည်ပြီး ရုံးဌာနသတင်းတွေကို အလွယ်တကူပေးရမှာလား ဆရာရယ်"ဟု ခမ္ဘဝိဌာန်ကျသည့် မေးခွန်းကိုလည်း မေးမြန်းပါသည်။

**တရားစီရင်ရေးဘက်ကအမြင်**

"တရားရုံးတွေမှာ ပြည်ထောင်စုအဆင့်ကစပြီး မြို့နယ်အသင်းအထိ သတင်းပြန်ကြားရေးအရာရှိတွေ ခန့်ထားပြီးသားပါ။ တရားရုံးဆိုတော့ အကန့်အသတ်တော့ ရှိစမြဲပါ။ လိုအပ်တာထက် လွန်ကဲပြီး လိုက်လျောဖို့တော့ မဖြစ်နိုင်ပါ။ တရားရုံးဆိုတာ Open court ဖြစ်ပါတယ်။ လူတိုင်းနားထောင်ခွင့်ရပါတယ်။ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ထွန်းက ပြောသည်။

ထိုနေ့က တက်ရောက်လာသော သတင်းမီဒီယာသမား တော်တော်များများက "တရားရုံးတွေမှာ သတင်းယူရတာအခက်ဆုံးပဲ။ ပြီးတော့ စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူဆန္ဒပြရာနေရာဒေသတို့၌ သတင်းရယူမှု အခက်အခဲတွေ ရှိနေဆဲပါ။ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတွေကလည်း သတင်းမီဒီယာဥပဒေပြဋ္ဌာန်းချက်တွေကို ဖတ်ရှုလေ့လာမှု အားနည်းတယ်လို့ ထင်ပါတယ်"ဟု ပွင့်လင်းစွာထောက်ပြသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း သတိပြုဆောင်ရွက်မည်ဟု ယုံကြည်ကြသည်။

**ဥပဒေပြုရေးကဏ္ဍ**

ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဖိတ်ကြားထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဆိုင်ရာကဏ္ဍအလိုက် ဖြေရှင်းတင်ပြကြသည်။ ဆက်လက်ဆောင်ရွက်စရာများကိုလည်း မှတ်သားဆောင်ရွက်မည် ဖြစ်ကြောင်း ဆွေးနွေးကြသည်။ ဥပဒေပြုရေးကဏ္ဍသည် လွန်စွာကျယ်ပြောလှပေသည်။ ဤကဏ္ဍနှင့် ဆက်စပ်၍ "ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ရန်လိုကြောင်း၊ ထို့အပြင် ပြည်သူများလေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း. . ." စသည်ဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ခရီးစဉ်၌ ပြောကြားခဲ့သော အမှာစကားကိုလည်း မှတ်သားသတိထားခဲ့မိသည်။

**(၉-၁-၂၀၁၇ မြန်မာ့အလင်းသတင်းစာ)**

**ပြည်သူကရွေးကောက်**

မဏ္ဍိုင်သုံးရပ်မှ ပုဂ္ဂိုလ်များအနေဖြင့် ပြည်သူက ရွေးကောက်တင်မြှောက်ခံထားသည့် ပုဂ္ဂိုလ်များ၊ ပြည်သူကိုယ်စားပြုထားသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် ပြည်သူကို မိမိတို့က ဘာတွေတာဝန်ယူဆောင်ရွက်နေသလဲဆိုတာ အစီရင်ခံရန်လိုအပ်မည်ဖြစ်ကြောင်း၊ မေးမြန်းမှုများကိုလည်း ဖြေကြားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်သူတို့နှင့် မိမိတို့အကြား ကြားခံပစ္စည်း မီဒီယာများသည် ပြည်သူနှင့်ပေါင်းကူးပေးသည့် တံတားများပမာဖြစ်ကြောင်းလည်း ထိုနေ့က (အလုပ်ရုံ ဆွေးနွေးပွဲက) အသိပေးထောက်ပြခဲ့ပေသည်။

**သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက်**

သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက်များကို ထပ်တလဲလဲသတိရ၊ လက်တွေ့ဘဝတွင်လည်း သုံးစွဲနိုင်ကြစေရန် ထပ်မံတင်ပြရလျှင်-

"သတင်းသိပိုင်ခွင့်" ဆိုသော စကားရပ်သည် အခွင့်ထူးခံမဟုတ်ရပါ။ နိုင်ငံသားတိုင်း၏ အခွင့်အရေးပါ။ တစ်ဖက်နှင့်တစ်ဖက်နားလည်မှုပေးကြပါ။ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြပါ။ သတင်းမီဒီယာသမားများဘက်ကလည်း ရပိုင်ခွင့်ထက် ကျင့်ဝတ်များကို မမေ့ကြစေလိုပါ။ သတင်းမှားများ မပြုကြပါနှင့်။ သတင်းမှန်များသာ တင်ပြကြပါ။ သတင်းနှင့် အတင်းခွဲခြားတတ်ကြပါစေ။

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်းလွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်၊

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန်၊

(ဂ) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကိုဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊

(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်တို့ဖြစ်ပါကြောင်း သတင်းမီဒီယာလောကသားများ၊ မဏ္ဍိုင် (၄)ရပ်မှ လုပ်ဖော်ကိုင်ဖက် ရဲဘော်အပေါင်းအား ထပ်လောင်းတင်ပြပါရစေ။

**သတင်းသိပိုင်ခွင့်**

"သတင်းသိပိုင်ခွင့်" ဆိုသော စကားရပ်သည် အခွင့်ထူးခံမဟုတ်ရပါ။ နိုင်ငံသားတိုင်း၏ အခွင့်အရေးပါ။ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုပေးကြပါ။ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြပါ။ သတင်းမီဒီယာသမားများဘက်ကလည်း ရပိုင်ခွင့်ထက် ကျင့်ဝတ်များကို မမေ့ကြစေလိုပါ။ သတင်းမှားများ မပြုကြပါနှင့်။ သတင်းမှန်များသာ တင်ပြကြပါ။ သတင်းနှင့် အတင်း ခွဲခြားတတ်ကြပါစေ။ ပြည်သူတွေကို အထင်မသေးမိကြပါစေနှင့်။ မှားယွင်းသတင်း၊ မတိကျမမှန်ကန်သောသတင်းရေးမိ၊ ဖော်ပြမိလျှင် အချိန်မီပြင်ကြပါ။ အမှားကိုဝန်ခံကြပါ။ လိမ္မာပါးနပ်ကြပါစေ။ ယဉ်ကျေးသိမ်မွေ့ရည်မွန်သောသူများ ဖြစ်ကြပါစေ။ ဝတ်စားဆင်ယင်မှုမှအစ ပြည်သူ့ဘဝထဲက ပြည်သူ့သားသမီးများ ပီသကြပါစေ။ နေ့စဉ်ထုတ်သတင်းစာတွေမှာ သတင်းလိမ်၊ သတင်းမှားများကို သတင်းမှန်လို ယုန်ထင်ကြောင်ထင်ဖြစ်အောင်၊ ကမ္ဘာမှာ မြန်မာမျက်နှာငယ်အောင်၊ သိက္ခာကျအောင် မတော်မတရား သတင်းဖြန့်ကားနေကြသည့် အကြောင်းတွေ မြင်နေကြားနေရသည်။

**ကျင့်ဝတ်လိုက်နာဖို့**

သတင်းမီဒီယာဥပဒေ ပုဒ်မ (၉)တွင် နည်းပညာတစ်ခုခုသုံးပြီး မလျော်ကန်တာ မလုပ်ဖို့ (သူတစ်ပါးတိုင်းပြည်ကဖြစ်တဲ့ အဖြစ်အပျက်ဓာတ်ပုံကို မြန်မာပြည်မှာဖြစ်တဲ့ဓာတ်ပုံပမာ မပြောင်းလဲဖို့)၊ သတင်းဆောင်းပါးတွေမှာ မလျော်တဲ့အာဘော် မပါဖို့၊ အများပြည်သူ၏ အကျိုးစီးပွား၊ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်မစော်ကားဖို့၊ လူ့အခွင့်အရေးထိခိုက်စေသော အရေးအသားမျိုး ရှောင်ကြဉ်ဖို့၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးကို အကြောင်းပြုပြီး ပဋိပက္ခလှုံ့ဆော်ရေးသားမှု ရှောင်ကြဉ်ဖို့တွေ မမေ့စေနှင့်ဟု ထပ်မံရေးဖို့လိုပါသေးသလား။ စဉ်းစားစေချင်သည်။ ဤသို့ဆိုလျှင်. . .။

**ရလဒ် ၁၆ ချက်ဖြင့်**

မဏ္ဍိုင် (၄) ချက် အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ် ၁၆ ချက်ကို ရင်ဝယ်ပိုက်လျက် နေပြည်တော်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်များအထိ မဏ္ဍိုင် (၄) ရပ် မြင့်မြတ်တာဝန်ကို ဆက်လက်သယ်ဆောင်ပွားများသွားမည်ဖြစ်ပါကြောင်း. . .။ ။

ပြည်တွင်းရေးရာ

# ဘတ်စ်ကားလိုင်းစနစ်သစ်နှင့် ယနေ့ရန်ကုန်

ရန်ကုန် ဇန်နဝါရီ ၁၆

**ရန်ကုန်တစ်ဖက်ကမ်း ဒလဘက်မှ ရန်ကုန်မြို့ရှိ မိမိရုံးဆီသို့ ယနေ့နံနက် ၇ နာရီခွဲတွင် စာရေးသူ စက်တပ်သမ္ဗန်စီးကာ ထွက်ခွာခဲ့သည်။ ယနေ့သည် ရန်ကုန်ဘတ်စ်ကားလိုင်းစနစ်ပြောင်းလဲမှုကို သမိုင်းဝင်စတင်လိုက်သောနေ့ ဖြစ်၍ သတင်းသမားပီပီ ခရီးသွားပြည်သူများ အဆင်ပြေမှုရှိ၊ မရှိ သိရှိလို၍ စာရေးသူ စောစောစီးစီးထွက်ခဲ့ခြင်းဖြစ်သည်။**



ရန်ကုန်ဘတ်စ်ကားလိုင်းစနစ် စတင်ပြောင်းလဲရာ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းကားမှတ်တိုင်၌ ခရီးသွားပြည်သူများ ဘတ်စ်ကားတစ်စီးလာသဖြင့် ဘတ်စ်ကားပေါ်သို့ စုပြုံတိုးဝှေ့စီးနင်းနေမှုကို ဇန်နဝါရီ ၁၆ ရက်နံနက်ပိုင်းက တွေ့ရစဉ်။

ပန်းဆိုးတန်းခုံးကျော်တံတားပေါ် ရောက်လျှင် ပန်းဆိုးတန်းကားမှတ်တိုင်ဘက်သို့လှည့်ကြည့်လိုက်ရာခရီးသွားပြည်သူများစုပြုံနေသည်။

ခရီးသွားပြည်သူများထဲမှ မိခင်တစ်ဦးက ကလေးနှစ်ဦးကို "ငိုမနေနဲ့၊ ဘတ်စ်ကားက ခုထိမလာသေးဘူး။ လာရင်လည်း ဒီလူအုပ်နဲ့ နင်တို့ဘယ်လိုတက်ကြမလဲ"ဟု ပြောဆိုသံကို ကြားလိုက်ရသည်။ ခရီးသွားပြည်သူများကလည်း တစ်ယောက်နှင့်တစ်ယောက် တီးတိုးတီးတိုးပြောနေကြရာမှ အသံကျယ်လာကြသည်။

မစောင့်နိုင်သောအချို့ခရီးသည်များကမူ တက္ကစီငှားစီးကြသောကြောင့် တက္ကစီကားဆရာများ ပြုံးပျော်နေကြသည်။ တက္ကစီကားဆရာများကလည်း ပြုံးပျော်ရွှင်သောမျက်နှာဖြင့် ခရီးသွားပြည်သူများအနားရပ်ကာ "ဘယ်သွားမလဲ၊ အမြန်ရောက်မယ်"ဟူ၍ တစ်စီးပြီးတစ်ပြီး အလျဉ်မပြတ် ထိုးရပ်လာကြသည်။ တက္ကစီကားမစီးနိုင်သော ခရီးသွားပြည်သူများကမူ ပြောင်းလဲလိုက်သော ရန်ကုန်ဘတ်စ်ကားကြီးအလာကို စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြဆဲပင်။


ထိုမှ ရန်ကုန်မြို့တော်ခန်းမရှေ့ကားမှတ်တိုင်သို့ စာရေးသူထွက်ခွာခဲ့သည်။ ယင်းကားမှတ်တိုင်တွင်လည်း ခရီးသွားပြည်သူများ စုပြုံနေကြသည်။ ဆူးလေကားမှတ်တိုင်သို့ရောက်သော်လည်းထူးမခြားနားပင်။ ပြည့်ကျပ်နေသည်ကို တွေ့ရပြန်သည်။ ဘတ်စ်ကားတစ်စီးရောက်ရှိလာသည်။ ကားတံခါးပေါက်ရှိရာသို့ ခရီးသွားပြည်သူများ စုပြုံတိုးဝှေ့ကာ တက်ရောက်နေကြသည်။

ရုံးဝန်ထမ်းများနှင့် မိန်းမပျိုလေးများ အပါအဝင် ခရီးသွားပြည်သူများသည် ဘတ်စ်ကားပေါ် တိုးဝှေ့လိုက်ပါသွားကြသည်။ ဘတ်စ်ကားပေါ်တွင် ခရီးသွားပြည်သူများ၏ ပိုက်ဆံအိတ်၊ တန်ဖိုးရှိသောပစ္စည်းများ မသမာသူများကြောင့် ပျောက်ရှသွားမှာကိုလည်း စိုးရိမ်သောကဖြစ်မိသည်။

ၿငင်းမှတ်တိုင်သို့ ဆင်းလာကြသည့် ဦးလေး၊ အဒေါ်၊ အစ်မအရွယ် ခရီးသွားပြည်သူအချို့၏ ပြောဆိုသံကိုလည်း ကြားရပြန်သည်။ "ဒီကားမှတ်တိုင်မှ လူပြည့်တာမဟုတ်ဘူး၊ အခြားကားမှတ်တိုင်တွေမှာလည်း လူအပြည့်ပဲ"ဟု ခရီးသွားပြည်သူတစ်ဦးကဆိုသည်။ ကားလမ်းမများပေါ်တွင်လည်း ခရီးသွားပြည်သူများ အားထားရာ ဘတ်စ်ကားများထက် အိမ်စီးကား၊ ကုမ္ပဏီကားနှင့် တက္ကစီကားများသာ ပြည့်ကျပ်စွာသွားလာနေသည်ကို တွေ့မြင်ရပြန်ပါသည်။ ရန်ကုန်ဘတ်စ်ကားလိုင်းကို အဓိကအားကိုးအားထားပြုနေရသည့် ခရီးသွားပြည်သူများသွားလမ်းသာ၍ လာလမ်းဖြောင့်ကြပါစေ၊ အဆင်ပြေချောမွေ့ပါစေဟု ဆုတောင်းရင်း စာရေးသူ ရုံးရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် ချီတက်လိုက်ပါသည်။

**သတင်း- ကိုကိုဇော်**
**ဓာတ်ပုံ- ဇော်မင်းလတ်**


ရန်ကုန်ဘတ်စ်ကားလိုင်းစနစ် စတင်ပြောင်းလဲရာ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ကားမှတ်တိုင်၌ ဘတ်စ်ကားများ လာရောက်မှုကို စုပြုံစောင့်ဆိုင်းနေကြသည့် ခရီးသွားပြည်သူများအား ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တွေ့ရစဉ်။


ရန်ကုန်မြို့ အနော်ရထာလမ်းတစ်လျှောက်တွင် အိမ်စီးကားနှင့် အငှားယာဉ်များ သွားလာနေမှုကို ရန်ကုန်ဘတ်စ်ကားလိုင်းစနစ် စတင်ပြောင်းလဲသည့် ဇန်နဝါရီ ၁၆ ရက်နံနက်ပိုင်းက တွေ့ရစဉ်။



ရန်ကုန်ဘတ်စ်ကားလိုင်းစနစ်ပြောင်းလဲသည့် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ဘတ်စ်ကားများမလာသဖြင့် အနော်ရထာလမ်းတစ်လျှောက် ခြေကျင်လျှောက်သွားလာနေရသည့် ခရီးသွားပြည်သူများကို တွေ့ရစဉ်။

# ပြည်သူလူထုအနေနဲ့ ယာဉ်လိုင်းစနစ်သစ်နဲ့ အကျွမ်းတဝင်ဖြစ်အောင် အချိန်ကာလတစ်ခုတော့ စောင့်ရမယ်

မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့မှာ လူဦးရေ ခုနစ်သန်းကျော်ရှိပြီး နေ့စဉ် ခရီးသည်ပို့ဆောင်ရေးယာဉ်တွေနဲ့ သွားလာနေတဲ့ လူဦးရေ နှစ်သန်းကျော်ရှိကာ မြို့ပတ်ရထားစီးခရီးသည် ရှစ်သောင်းခန့်ရှိတယ်လို့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) မှ ကောက်ယူထားတဲ့ စာရင်းတွေအရ သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ယနေ့နံနက်က စတင်ပြီး ယခင် အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် ဖွဲ့စည်းခဲ့တဲ့ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မထသ)ကို ဖျက်သိမ်းပြီး အများပိုင်ယာဉ်လိုင်းစနစ် (YBS)နဲ့ ယာဉ်လိုင်း ၇၀၊ ယာဉ်စီးရေ ၃၇၀၀ ကျော်နဲ့ ယာဉ်လိုင်းစနစ်သစ်ကို စတင်ကျင့်သုံးပြီး ပြေးဆွဲခဲ့ပါတယ်။

ယာဉ်လိုင်းစနစ်သစ်နဲ့ ယာဉ်တွေကို စတင်ကျင့်သုံးပြေးဆွဲတဲ့ ယနေ့ အစမှာတော့ ဘတ်စ်ကားစီးခရီးသည်တွေ အခက်အခဲရှိပေမယ့် တက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုပါဝင်တဲ့ လုပ်အားပေးအဖွဲ့တွေရဲ့ ကူညီမှု၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)ရဲ့ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုတွေနဲ့ ခရီးသည်တွေ လိုရာခရီးကို ရောက်ခဲ့ပါတယ်။

“ခရီးသည်တွေအဆင်ပြေချောမွေ့စွာ သွားလာနိုင်ဖို့အတွက် ယာဉ်လိုင်းစနစ်သစ် စတင်ကျင့်သုံးတဲ့နေ့မှစပြီး ငါးရက်အတွင်း တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပြည်သူလူထုပါဝင်တဲ့ လုပ်အားပေးအဖွဲ့တွေကို ထားရှိသွားမှာဖြစ်ကာ လိုအပ်ပါက ရက်ထပ်တိုး ကူညီပေးသွားမှာဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က ပြောပါတယ်။

“ဒီနေ့က စနစ်သစ်စတာဆိုတော့ အဆင်မပြေတာတွေလည်း တွေ့ရတယ်။ ပြဿနာက ဘာလဲဆိုတော့ ခရီးသည်တွေက ယာဉ်လိုင်းတွေပဲ မှတ်ထားတယ်။ အဲဒီတော့ အဆင်မပြေဘူး။ မှတ်တိုင်တိုင်းမှာတော့ Information ပေးတဲ့ လုပ်အားပေးတွေရှိတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောပါတယ်။

သာကေတမြို့နယ်မှ ဦးလှဝင်းက “သာကေတကနေ ဆေးရုံကြီးကိုသွားတာ နှစ်ဆင့်လောက်တော့ ကားပြောင်းစီးရတယ်။ ကားခကတော့ ၂၀၀ ပဲ၊ ပထမရက်ဆိုတော့ အခက်အခဲကရှိတာပေါ့။ နောက်ပိုင်း အဆင်ပြေသွားမှာပါ”ဟု ဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)သို့ ယာဉ်လိုင်းပေါင်း ၇၀ ခန့်တွင် ကုမ္ပဏီအစုအဖွဲ့များက ပြေးဆွဲရန် ကတိပြုထားတဲ့ ယာဉ်စီးရေ ၃၇၀၀ ကျော် ရှိသော်လည်း ယနေ့ပြေးဆွဲတဲ့ ယာဉ်စီးရေမှာ ပေးထားတဲ့ ယာဉ်စီးရေအတိုင်း ပြေးဆွဲနိုင်ခြင်းမရှိတဲ့အတွက် ခရီးသည်တွေ အခက်အခဲဖြစ်ရတယ်လို့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ဆိုပါတယ်။



ဒေါက်တာမောင်အောင်

“ယာဉ်လိုင်းတွေမှာရှိတဲ့ ကားတွေက ပေးထားတဲ့ ယာဉ်စီးရေအတိုင်း ပြေးဆွဲတာ မရှိဘူး။ ဆက်သွယ်မေးမြန်းတဲ့အခါ စတစ်ကာကပ်လို့ မပြီးသေးဘူးဆိုတာတွေရှိတယ်။ အဲဒီအတွက် နည်းနည်းကသီသွားတယ်။ တချို့နေရာတွေမှာ အဆင်မပြေမှုလေးတွေ ဖြစ်သွားတယ်”ဟု ဒေါက်တာမောင်အောင်က ပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေနဲ့ ပြေးဆွဲတဲ့ ယာဉ်လိုင်းစနစ်သစ်တွင် ပြည်သူလူထုတောင်းဆိုလာပါက ယာဉ်လိုင်းသစ်တိုးချဲ့ခြင်း၊ ယာဉ်စီးရေ တိုးချဲ့ခြင်းတွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ သိရပါတယ်။

ယနေ့ အများပိုင်ယာဉ်လိုင်းစနစ် (YBS) ပြေးဆွဲတဲ့နေ့မှာ သခင်မြပန်းခြံနဲ့ မြို့ထဲပတ်ဝန်းကျင် ပြေးဆွဲတဲ့ ယာဉ်စီးရေ နည်းပါးခြင်း၊ ယာဉ်စီးခ ပိုတောင်းခြင်း၊ ယာဉ်စည်းကမ်းချိုးဖောက်ခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်းတွေကြောင့် ခရီးသွားပြည်သူတွေထံမှ တိုင်ကြားခြင်းတွေရှိလာကြောင်း အတွင်းရေးမှူး ဒေါက်တာမောင်အောင်ထံမှ သိရပါတယ်။

“စည်းကမ်းချိုးဖောက်တာတွေကို ပြင်းပြင်းထန်ထန် အရေးယူသွားမယ်။ ယာဉ်စီးခနဲ့ပတ်သက်ပြီး ပိုမယူဖို့ ညွှန်ကြားထားတယ်။ ခံဝန်ကတိလည်း ထိုးခိုင်းထားတယ်။ နေရာတိုင်းမှာ ဘယ်လိုင်းတွေက အားနည်းလဲဆိုတာ မှတ်သားထားတယ်။ အတတ်နိုင်ဆုံးဖြေရှင်းသွားမယ်ဟု ဒေါက်တာမောင်အောင်က ပြောပါတယ်။

ယနေ့ စတင်ကျင့်သုံးလိုက်တဲ့ ယာဉ်လိုင်းစနစ်သစ်ကြောင့် ခရီးသည်တင် ဘတ်စ်ကားအချင်းချင်း ပြိုင်မောင်းခြင်း၊ ခရီးသည်လုတင်ခြင်းတွေ ကင်းဝေးသွားမှာဖြစ်ကြောင်း အတွင်းရေးမှူး ဒေါက်တာမောင်အောင်က သုံးသပ်ထားပါတယ်။

ယာဉ်လိုင်းစနစ်သစ်ကြောင့် ခရီးသည်တွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ YRTA အောက်ရှိ လက်ရှိပြေးဆွဲနေတဲ့ ကုမ္ပဏီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်တွေပါဝင်တဲ့ ပြဿနာတွေ ချက်ချင်းဖြေရှင်းနိုင်ဖို့ Operator Team တစ်ခု ဖွဲ့စည်းထားကြောင်း YRTA မှ သိရပါတယ်။

“ပြည်သူလူထုအနေနဲ့ ယာဉ်လိုင်းစနစ်သစ်နဲ့ အကျွမ်းတဝင်ဖြစ်အောင် အချိန်ကာလတစ်ခုတော့ စောင့်ရမယ်။ ကျွန်တော်တို့အပိုင်းကတော့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို လက်ငင်းဖြေရှင်းနိုင်တဲ့ နည်းလမ်းနဲ့ပဲသွားမယ်”ဟု ဒေါက်တာမောင်အောင်က ပြောပါတယ်။

ယာဉ်လိုင်းအမှတ်(၇)မှ ကြီးကြပ်ရေးမှူး ဦးသိန်းဇော်က “ကားစီးတဲ့ခရီးသည်တွေက ဘယ်ကားနံပါတ်က ဘယ်သွားတယ်ဆိုတာ မသိကြသေးဘူး၊ ကားစီးရင် ဘယ်ရောက်မယ်ဆိုတာ မသိသေးဘူး။ ဒီအခက်အခဲတော့ အများကြီးဖြစ်နေတယ်။ အဲဒီအတွက် ဖြေပေးနေရတယ်”လို့ ခရီးသည်တွေရဲ့ အခက်အခဲကို ပြောပါတယ်။

ဆူးလေဘုရားအနီး မြို့တော်ခန်းမရှေ့ရှိ ကားမှတ်တိုင်မှာ ခရီးသည်တွေ အခက်အခဲမရှိစေဖို့ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းတွေနဲ့အတူ ကူညီဆောင်ရွက်ပေးနေတဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က “ခရီးသည်တွေက ဘယ်ကားစီးရမှန်း မသိဘူး။ အဲဒီအတွက် ကူညီပေးနေရတယ်။ တချို့လိုင်းတွေမှာလည်း ကားသမားတွေကညစ်ပြီး လိုင်းမဆွဲတာရှိတယ်။ စံပြဈေးလိုနေရာ၊ လှိုင်သာယာလိုနေရာမှာ ခရီးသည်တွေပုံသွားတာ တွေ့ရတယ်။ ပြဿနာက စီးစရာကားမရှိတဲ့ပြဿနာ၊ ခရီးသည်က မှတ်တိုင်မှာ ပုံနေတယ်”ဟု ယနေ့ ကြုံတွေ့နေရတဲ့ အခက်အခဲကို ပြောပါတယ်။

“ယာဉ်တွေကို ဘယ်လိုထပ်ဖြည့်မလဲ၊ လိုင်းတွေ ဘယ်လိုတိုးချဲ့မလဲ၊ ဒီအတိုင်း အသားမကျဘူး၊ ဒီထက် ဘယ်လိုပိုကောင်းအောင်လုပ်မလဲဆိုတာ ဝိုင်းဝန်းဆွေးနွေးရမယ်”ဟု ဦးနေဘုန်းလတ်က ဆိုပါတယ်။

ယာဉ်လိုင်း (၄) မှ ယာဉ်မောင်း ဦးရွှေကိုဆင့်က “ယာဉ်မောင်းတွေအတွက်က အခက်အခဲမရှိပါဘူး။ ခရီးသည်တွေကတော့ ဘယ်လိုစီးရမလဲဆိုတာ မသိကြသေးဘူး။ ကျွန်တော်တို့ယာဉ်လိုင်းမှာတော့ တစ်ခေါက်တစ်ခေါက် ကိုယ့်အလှည့်ရောက်ဖို့ နှစ်နာရီခွဲလောက်ကြာအောင် စောင့်ရတယ်။ အရင်က ၄၅ မိနစ်၊ တစ်နာရီလောက်ပဲကြာတယ်”ဟု တစ်နေ့တာ ကြုံတွေ့ရတဲ့ အခက်အခဲကို ပြောပါတယ်။



ရန်ကုန်မြို့ ဆူးလေဘုရားလမ်းကားမှတ်တိုင်၌ ခရီးသွားပြည်သူများ ဘတ်စ်ကားတစ်စီးလာသဖြင့် စုပြုံတိုးတက်စီးနင်းနေမှုကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က “စနစ်တစ်ခု ပြောင်းတယ်ဆိုတာ အင်မတန်ခက်ပါတယ်။ စိန်ခေါ်မှုတွေလည်း အများကြီးရှိတယ်။ လိုအပ်ချက်တွေလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူလူထုအတွက် ဝန်ဆောင်မှုကောင်းတဲ့ သယ်ယူပို့ဆောင်ရေးစနစ်ပေါ်ပေါက်ဖို့ ကြိုးစားသွားမှာပါ”ဟု ဆိုပါတယ်။

ဘတ်စ်ကားစီး ခရီးသည်တစ်ဦးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်း(၇)ရပ်ကွက်တွင် နေထိုင်တဲ့ ကိုတင်ဝင်းလှိုင်က “နေ့စဉ် သိန်းနဲ့ချီတဲ့ ခရီးသွားပြည်သူတွေကို ဝန်ဆောင်မှုအသစ်တွေပေးမယ့် ဘတ်စ်ကားစနစ်ဖြစ်လို့ ကြိုဆိုပါတယ်။ ဒီကနေ့အစမှာ အခက်အခဲတွေ ရင်ဆိုင်ကြရမှာပါ။ ဒါပေမယ့် ရေရှည်မှာ ကောင်းမွန်တဲ့ဝန်ဆောင်မှုဖြစ်လာဖို့ ဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ”ဟု ပြောပါတယ်။



ရန်ကုန်မြို့ ဆူးလေဘုရားလမ်းကားမှတ်တိုင်၌ ဘတ်စ်ကားများ မလာသေးသဖြင့် ခရီးသွားပြည်သူများ စုပြုံစောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

**သတင်းဆောင်းပါး-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-ရဲထွန်း**

❑

# ပြောင်းလဲမှုကို ပြည်သူတို့ကြိုဆိုသည်

ရန်ကုန် ဇန်နဝါရီ ၁၆

**ရန်ကုန်မြို့တော်၏ အများပြည်သူ ခရီးသည်ပို့ဆောင်ရေးကဏ္ဍ ဘတ်စ်ကားပြေးဆွဲမှု စနစ်သစ်ကို ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စတင်ပြေးဆွဲနေပြီဖြစ်သည်။ ပြောင်းလဲလာသည့် ပြေးဆွဲမှုစနစ်သစ်နှင့်ပတ်သက်၍ ခရီးသွားပြည်သူများ၊ စေတနာ့ဝန်ထမ်းများ၊ အခမဲ့ပြေးဆွဲပေးသည့်ယာဉ်လိုင်းများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**


ဆရာမ ဒေါ်ခိုင်သော်ထွန်း


မကေစီ


ဦးရွှေနိုင်မင်း


မယုယ

**ဆရာမ ဒေါ်ခိုင်သော်ထွန်း (အမက-၂ ဒဂုံတောင်)**

ပြောင်းလဲမှုကို သဘောကျပါတယ်။ ဒါပေမယ့် အစဦးဆုံးဆိုတော့ နည်းနည်းတော့ အခက်အခဲရှိတာပေါ့။ အမှန်အတိုင်းပြောရရင် ဘယ်ကားစီးရမလဲမသိဘူး။ ဘယ်သူ့မေးရမှန်းလည်းမသိဘူး။ လက်ကမ်းစာစောင်လေးတွေရှိတော့ အဆင်ပြေတာပေါ့။ ပြီးတော့ စေတနာ့ဝန်ထမ်းတွေလည်း ရှိတော့ အဆင်ပြေမှာပါ။ အရင်ကဆို ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ပြဿနာတွေ အများကြီးရှိတယ်လေ။ ဒီပြောင်းလဲမှုကြောင့် ပြဿနာတွေ ပြေလည်သွားမယ်လို့မြင်တယ်။

**မယုယ**

ဒီနေ့တော့ လူတအားများတယ်။ ကားလည်းအကြာကြီးစောင့်ရတယ်။ ကျပ်ကျပ်သိပ်သိပ် စီးရတယ်။ ဒါပေမယ့် တစ်ခုက ကားလမ်းကြောင်းတွေ ချောင်သွားတယ်။ သွားရတာ အဆင်ပြေပါတယ်။ ဒါပေမယ့် ကားအစီးရေကနည်းသေးတော့ နောက်မှ ထပ်တိုးမယ်လို့လည်း ကြားမိပါတယ်။ ဘာပဲပြောပြော အစိုးရရဲ့ပြောင်းလဲမှုကို ကြိုဆိုပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

**ဆုသီရိငြိမ်း စေတနာ့ဝန်ထမ်း (ငမိုးရိပ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်)**

ခရီးသွားတွေအဆင်ပြေအောင်လို့ ကျွန်မတို့တွေက လမ်းညွှန်ပေးနေတာပါ။ ဒါပေမယ့် ကားတွေက အစုံမရောက်သေးတော့ပို့ဆိုးတယ်။ ပြည်သူတွေဘက်ကကြည့်ရင် သနားဖို့ကောင်းတယ်။ ကားတွေကမစုံသေးတော့လေ။ စံပြဈေးကနေ ဆူးလေသွားတဲ့ကားဆိုရင် နံပါတ် ၇ တစ်စီးပဲရှိတယ်။ ပြီးရင် နှစ်ဆင့်၊ သုံးဆင့်ပြောင်းစီးရတော့ တချို့ စိတ်မရှည်တဲ့သူတွေလည်း အများကြီးပဲ။ ဒါ့ကြောင့် ကျွန်မတို့ကို ရန်တွေ့သွားတဲ့သူတွေလည်းရှိတယ်။ ညီမတို့ကပြောတယ်။ ပိုက်ဆံတော့ ကုန်မယ်။ လမ်းကြောင်းတော့ ရှင်းသွားမယ်။ နှစ်ဆင့်တော့ပြောင်းစီးပေးကြပါ။ အရင်လို ကားမပိတ်တော့ လိုတဲ့ခရီးကို မြန်မြန်ရောက်စေမယ်ပေါ့။ ဒါပေမယ့် အဆင်မပြေဘူးပြောတဲ့သူက နည်းပါတယ်။ အခမဲ့ယာဉ်တွေလည်း ပြေးဆွဲပေးနေတယ်ဆိုတော့ နောက်နေ့တော့ အဆင်ပြေမှာပါ။

**ဦးရွှေနိုင်မင်း (ယာဉ်မောင်း ရွှေအောင်သူယာဉ်လိုင်း အခမဲ့ခရီးသည်ပို့ဆောင်ရေးယာဉ်)**

အခု ယာဉ်လိုင်းတွေ အခက်အခဲဖြစ်နေချိန် ကားဂိတ်မှာ လူတွေပုံနေတော့ ကျွန်တော်တို့က ခရီးသည်တွေ ဒုက္ခရောက်မှာစိုးလို့ အခမဲ့သက်သက် ကူညီတာပါ။ လောလောဆယ်တော့ ဒီနေ့တစ်နေ့ကုန်ပြေးဆွဲမယ်။မြို့ထဲကနေ ဘောလီထိပ်ထိ၊ ခရီးသည်ပုံနေတဲ့ လမ်းကြောင်းတွေကို လိုက်ပြီးပြေးဆွဲမယ်။ နောက်နေ့ကတော့ မသိသေးဘူး။ ပိုင်ရှင်ကို မေးရမှာပါ။ ကျွန်တော်တို့လိုင်းက တစ်စီးပဲ။ နောက်ပြီး မန္တလာမင်းတို့ကလည်း လာတယ်။ တခြားခရီးသွားကားတွေကလည်း အခမဲ့ပြေးဆွဲပေးပါတယ်။ အခုလို ပြေးဆွဲပေးတော့ အခက်အခဲဖြစ်နေချိန် ပြည်သူအတွက်ကော အစိုးရဘက်ကိုပါ ကူညီပေးရာ ရောက်စေပါတယ်။

**မကေစီ**

ဒီနေ့ပထမဆုံးဆိုတော့ စီးရတာ ဒုက္ခရောက်တာပေါ့။ နောက်ပိုင်းတော့ အဆင်ပြေသွားမယ်လို့ထင်ပါတယ်။ အစ်မဆို ဒဂုံမြောက်ပိုင်းမှာနေတာပါ။ မြို့ထဲကိုရောက်ဖို့ သုံးဆင့်စီးလာရတယ်။ အရင်တုန်းက ၂၁၃ စီးတယ်ဆို မြို့ထဲကို တန်းရောက်လာတယ်လေ။ အခုတော့ စံပြဈေးလာရတာကို တံတားဖြူမှာ တစ်ခါဆင်း၊ တံတားဖြူကနေမှ စံပြဈေး၊ စံပြဈေးကနေမှ မြို့ထဲပေါ့။ မြို့ထဲရောက်မယ်ဆိုတော့ ကားကို ကြည့်လိုက်သေးတယ်။ နေပြည်တော်သွားတဲ့ ကားကြီးတွေက ဘာလို့ ဒီရောက်နေတာလဲပေါ့။ ပိုက်ဆံဘယ်လောက်ပေးရမလဲဆိုတော့ အခမဲ့လို့လည်းပြောတယ်။ ဘာပဲပြောပြော Express နဲ့ မြို့ထဲသွားရတာဆိုတော့ ဒီနေ့တော့ကောင်းပါတယ်။ နောက်နေ့တော့ ကိုယ်စီးမယ့်မှတ်တိုင်မှာ ဘယ်ကားရပ်လဲ ကြည့်ထားရမှာပေါ့။ ကိုယ်သွားချင်တဲ့ ခရီးမြန်မြန်ရောက်ချင်တယ်ဆို မြန်မြန်ရောက်အောင်တော့ အဆင့်ဆင့်ပြောင်းစီးရမှာပါ။ အဲလိုမျိုးပဲ စိတ်ကူးထားပါတယ်။

**တွေ့ဆုံမေးမြန်း- ခင်ဇာလီ**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

**❐ရန်ကုန်မြို့မှ**

ခရီးသွားပြည်သူ စိတ်ချမ်းသာဖို့ ည ၁၀ နာရီထိ ဆွဲပေးသွားမှာဖြစ်လို့ ခရီးသွားပြည်သူတွေဘက်ကလည်း နားလည်ပေးကြပါ”ဟု အရပ်ဘက်လူ့အဖွဲ့အစည်းမှ စေတနာ့ဝန်ထမ်းတစ်ဦးအဖြစ်လုပ်ဆောင်ပေးနေသူ ဦးအောင်ဆန်းဝင်းက ပြောပြသည်။ သို့ရာတွင် စနစ်သစ်ဖြင့်ပြေးဆွဲမှုကြောင့် ပြည်သူများအကြား အခက်အခဲရှိနေသော်လည်း အစိုးရအဖွဲ့အပေါ် လက်ခံနားလည်သည့် အသံများကိုလည်း တွေ့ဆုံမေးမြန်းမှုများမှတစ်ဆင့် သိရှိရသည်။ “ဒီနေ့ အနေအထားကိုပြောရရင် ကားစီးရတာ အရင်လိုမဟုတ်ဘူး။ ပုံမှန်ဆို ဒီအချိန် လူမကျပ်ဘူး။အခုအတော်ကျပ်တယ်။ ခါတိုင်းကိုယ်သွားနေကျနေရာကို တစ်ဆင့်စီးပြီးရောက်တယ်။ အခုမရောက်ဘူး။ ဆူးလေဘုရားထိပဲရောက်တယ်။ နောက်တစ်ဆင့် စီးတော့ ပိုက်ဆံပိုကုန်တယ်။ အသွား၊ အပြန်ဆို ကားခက ခါတိုင်းရက်ထက် နှစ်ဆပိုကုန်တာပေါ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ပြောင်းလဲမှုအစမှာတော့ အဆင်မပြေတာတွေရှိပါတယ်။ အပြောင်းအလဲရဲ့ဒဏ်ကိုတော့ အနည်းနဲ့အများခံရမှာ ပေါ့။ နောက်ပိုင်းအဆင်ပြေသွားမယ်ထင်ပါတယ်”ဟု သိမ်ကြီးဈေးတွင် အလုပ်ဆင်းနေသည့် မယမင်းကပြောသည်။

ထို့ပြင် အဆိုပါယာဉ်လိုင်းစနစ် ပြောင်းလဲခြင်းကြောင့် မီးရထားစီးနင်းလိုက်ပါသူ များပြားလာကြောင်း ရထားစီးနင်းသူများ၏ ပြောဆိုသံများမှ တစ်ဆင့် သိရသည်။

“ခါတိုင်း ရထားစီးရတာ မကျပ်ဘူး။ အခုတော်တော်ကျပ်တယ်။ ဒီနေ့ ခါတိုင်းရက်ထက်စာရင် ရထားစီးတဲ့သူ နှစ်ဆလောက် ပိုများလာတယ်။ ဖြစ်နိုင်ရင် ရထားစီးရေကိုလည်း တိုးပေးစေချင်တယ်”ဟု ရထားစီးနင်းလိုက်ပါသူ ဦးကျော်စိုးက ပြောသည်။

**ဇာနည်မောင်**



ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့၏ ဘတ်စ်ကားလိုင်းစနစ်သစ် ပြောင်းလဲပြေးဆွဲရာတွင် ခရီးသွားပြည်သူများ၏ အခက်အခဲများကိုဖြေရှင်းပေးမည့် စေတနာ့ဝန်ထမ်းအဖွဲ့ကို ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့၌ တွေ့ရစဉ်။

ငွေးအောင်(ကြေးမုံ)

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊
(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊
(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊
(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

**❍အာရှဖလား**

တစ်ကြိမ်သာယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၆၈ ခုနှစ် ပြိုင်ပွဲတွင် ဒုတိယနေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ယင်းခြေစစ်ပွဲကို ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအထိ တစ်နှစ်ကြာကျင်းပမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အာရှဖလားပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရရန် မျှော်လင့်ချက်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား ခြေစစ်ပွဲယှဉ်ပြိုင်ရန် မတ်လတတိယပတ်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ခြေစစ်ပွဲ ပထမပွဲ မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**❖ကျော့ဖုံးမှ**

နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်လျက်ရှိသည်။

ထိုကဲ့သို့ လာရောက်လည်ပတ်ရာတွင်လည်း အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်း ခရီးစဉ်များသာမက နယ်စပ် ဝင်/ထွက်ပေါက်များမှလည်း ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများစီးနင်း၍ နယ်စပ်ဖြတ်ကျော်ခရီးစဉ်များဖြင့် လာရောက်လည်ပတ်ကြသည်။ ထို့အတူ မြန်မာ့အလှရှုခင်းများကို ဝေဟင်အမြင့်မှ ကြည့်ရှုခံစားလိုသူများအနေဖြင့်လည်း အုပ်စုလိုက်ဖွဲ့၍ မြန်မာနိုင်ငံ ခရီးစဉ်ဒေသများသို့ အပျော်စီးမီးပုံးပျံများစီးနင်းကာ လေ့လာကြည့်ရှုလည်ပတ်ကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မီးပုံးပျံ ပျံသန်းပွဲများကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ Golden Express Tours Co.,Ltd ၏စီစဉ်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသား ၂၇ ဦးအဖွဲ့သည် မီးပုံးပျံလေးလုံးဖြင့် (၁၉)ကြိမ်မြောက် နိုင်ငံတကာမီးပုံးပျံ ပျံသန်းပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၁၂ ရက် အထိ မန္တလေး၊ စစ်ကိုင်း၊ ပုဂံ၊ ပုပ္ပား၊ ပခုက္ကူ၊ ညောင်ရွှေ၊ ရွှေညောင်၊ အင်းလေး၊ တောင်ကြီးနှင့် သံတွဲမြို့တို့တွင် စုပေါင်းပျံသန်း၍ အဆိုပါ ဒေသများရှိ သာယာလှပသော ရှုခင်းများကို ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါဆွစ်ဇာလန်နိုင်ငံသားအဖွဲ့သည် အပျော်စီးမီးပုံးပျံ လေးလုံးဖြင့် မြန်မာနိုင်ငံ၏ ထင်ရှားသော နေရာဒေသများကို ပျံသန်းကြည့်ရှုလေ့လာပြီး အဆင်ပြေချောမွေ့၍ စိတ်ကျေနပ်မှုများရရှိသဖြင့် ထပ်မံလာရောက်ရန် စိတ်ဝင်စားလျက်ရှိသည်။ ယခုကဲ့သို့ မီးပုံးပျံ စုပေါင်းပျံသန်းပွဲတော်အား မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုအကြိမ်အပါအဝင် (၁၉)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ကြောင်းနှင့် နောင်လာမည့် နှစ်များတွင်လည်း ကျင်းပသွားရန်ရှိကြောင်း သိရသည်။

**(ဟိုတယ်/ခရီး)**

## ထူးခြားသည့် ညအပူချိန်များ

(၁၆-၁-၂၀၁၇)

| | | |
|---|---|---|
| ဟားခါးမြို့ | သုည | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |

# အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ်သစ် စတင်ပြေးဆွဲရာတွင် တက္ကသိုလ်ကင်းထောက်များ ပါဝင်ကူညီဆောင်ရွက်



ယာဉ်လိုင်းစနစ်သစ် စတင်ပြေးဆွဲရာတွင် ခရီးသွားပြည်သူများ၊ ဝန်ထမ်းများအဆင်ပြေစေရန် တက္ကသိုလ်ကင်းထောက်များက လမ်းညွှန်မြေပုံနှင့် လက်ကမ်းစာစောင်များဖြန့်ဝေကာ ရှင်းလင်းပြောကြားကူညီကြစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၆**
ရန်ကုန်မြို့နေ ပြည်သူများအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ်သစ်ကို ယနေ့စတင်ပြေးဆွဲရာ ခရီးသွားပြည်သူများ၊ ရုံးဝန်ထမ်းများ အဆင်ပြေစွာ လိုက်ပါစီးနင်းနိုင်ရန်အတွက် လူမှုရေးအဖွဲ့အစည်းများ နှင့်အတူ ရန်ကုန်မြို့ရှိ တက္ကသိုလ်ကောလိပ်များမှ တက္ကသိုလ်ကင်းထောက်များက စေတနာ့ဝန်ထမ်းအဖြစ် ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည်။

ရန်ကုန်မြို့ရှိ တက္ကသိုလ်ကောလိပ်များမှ တက္ကသိုလ်ကင်းထောက် အမျိုးသား၊ အမျိုးသမီး ၄၀ တို့သည် ကမာရွတ်မြို့နယ် ပြည်လမ်း၊ ရန်ကုန် အင်းစိန်လမ်းမကြီး လှည်းတန်းရှိ ကားမှတ်တိုင်များတွင် ခရီးသွားပြည်သူ များနှင့် ရုံးဝန်ထမ်းများအား ၎င်းတို့စီးနင်းလိုက်ပါမည့် ကားလိုင်းအမှတ်များ၊ လမ်းညွှန်မြေပုံများ ဖော်ပြထားသည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး လွယ်ကူစွာ နားလည်သဘောပေါက်သိရှိနိုင်ရန် ရှင်းလင်းပြသမှုများ၊ ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ သွားလိုသည့်နေရာနှင့် ကားလိုင်းများအား သိရှိနိုင်ရန် ရှင်းလင်းပြောကြားပေးကြသည်။

ခရီးသွားပြည်သူများအတွက် တက္ကသိုလ်ကင်းထောက်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ လူမှုရေးလုပ်ငန်းဆောင်ရွက်လိုကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများလည်း စေတနာ့ဝန်ထမ်းအဖြစ် ပူးပေါင်းကူညီဆောင်ရွက်ကြသည်။ **ကိုလတ်(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)
မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး။
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ (၂၇၊ ၂၈၊ ၂၉) ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
Platinum Sponsor
Dugro Aptamil
မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT)
(၇၃)လမ်းနှင့်ဗုဒ္ဓဝါလမ်းထောင့်၊ Ocean Super Center,
Mingalar Mandalay တောင်ဘက်။
Organized by
VI mix

# အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းသစ် စတင်ပြေးဆွဲသည့်နေ့ ပြည်သူတို့၏အခက်အခဲများ



ရုံးဝန်ထမ်းတစ်ဦး



ဒေါ်ဌေးကြည်



ဦးခင်စိုး

**ရန်ကုန် ဇန်နဝါရီ ၁၆**
ရန်ကုန်မြို့တွင်း၌ ဇန်နဝါရီ ၁၆ ရက်တွင် ယာဉ်လိုင်းသစ်များ စတင်ပြေးဆွဲလျက်ရှိရာ ဝန်ထမ်းများ၊ ရုံးသူရုံးသားများနှင့် ဈေးသည်များ၊ ခရီးသွား ပြည်သူများ၏ တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများကို ခရီးသွားယာဉ်များ ဆုံစည်းရာ အလုံမြို့နယ်ရှိ သခင်မြပန်းခြံ ကားဂိတ်တွင် ကားစောင့်နေသည့် ခရီးသည်များ၏ အခက်အခဲများကို တွေ့ဆုံမေးမြန်းခဲ့သည်။

ဒေါ်ဌေးကြည် (၁၇-လမ်း ဈေးတွင်ဈေးရောင်းနေသူ) က ယနေ့နံနက်ပိုင်း မြို့ထဲသို့ ဈေးရောင်းသွားရန် နံနက် ၅ နာရီက သစ်တောလမ်း၌ ကားစောင့်ဆိုင်းနေခဲ့ရာ ၄၅ မိနစ်ကြာမှ သခင်မြပန်းခြံသွားမည့် ကားတစ်စီးရောက်ရှိပြီး ၆ နာရီမှ မြို့ထဲသို့ စတင်ထွက်ခွာခဲ့ရကြောင်း၊ ဈေးရောင်းချမှုနောက်ကျခဲ့ရကြောင်း၊ အပြန်တွင်လည်း ၃၅ မိနစ်ကျော် စောင့်ဆိုင်းပြီးမှ ကားသုံးစီးလာပြီး နှစ်စီးမှာ ကျပ်တည်း၍ တက်မရဘဲ နောက်တစ်စီးဖြင့် စောင့်စီးလာခဲ့ရကြောင်း၊ အချိန်များ အလွန်ကြန့်ကြာဆုံးရှုံးခဲ့ရကြောင်း၊ ကားအစီးရေများစွာဖြင့် အလွယ်တကူစီးနိုင်ရန် စီစဉ်ပေးမည်ဆိုလျှင် အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခရီးသည်တချို့က ပြောကြားရာတွင် သခင်မြပန်းခြံ အနောက်ဘက်ခြမ်း မြို့ထဲသို့သွားသည့် ကားဂိတ်ဘက်တွင် ခရီးသည်များနားနေ မည့်နေရာ၌ အမိုးမရှိခြင်းကြောင့် နေပူကျဲတွင် စောင့်ဆိုင်းနေရသည့်အတွက် အမိုးရှိသော အဆောက်အအုံတစ်ခု ဆောက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အမှန်တကယ်သွားလာမည့် ခရီးသည်များ၊ ခရီးစဉ် ကားနံပါတ်များ တိုက်ဆိုင်မှုရှိအောင် ပြုလုပ်ထားရန်လိုကြောင်း၊ သွားလာမည့် ခရီးစဉ်ကားနံပါတ် ရှာနေရသည့်အတွက် အခက်အခဲများစွာဖြစ်နေကြကြောင်း ခရီးသွားတစ်ဦးဖြစ်သည့် ဦးခင်စိုးက ပြောပြသည်။

ခရီးသည်ယာဉ်ကားများ အချိတ်အဆက်ရှိစွာဖြင့် အချိန်မှန် ရောက်ဖို့လိုကြောင်း၊ သို့မဟုတ်လျှင် အချိန်ကုန် နောက်ကျရပါကြောင်း၊ ဂိတ်ဆုံးပြီး ပြန်ထွက်သောကားများ မရှိသလောက်ဖြစ်နေ၍ မြို့ထဲ ရုံးတက်ကြသူများ အခက်အခဲများ ရှိနေရပါကြောင်း၊ ကားခများမှာလည်း အဆင့်ဆင့် ပြောင်းစီးနေကြရသည့်အတွက် ကားခများ ယခင်ကထက်ပိုကုန်ကျမည်ဖြစ်ပါကြောင်း၊ ရုံးသွားရုံးပြန် အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါကြောင်း၊ ရုံးသွားရုံးပြန် (ကြို/ပို့)ယာဉ်များ စီစဉ်ပေးမည်ဆိုပါက အဆင်ပြေချောမွေ့နိုင်မည်ဟု ယူဆရပါကြောင်း ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ **တင်မောင်ဦး(အလုံ)**

# ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုများ အနည်းငယ်လျော့နည်းလာ

**ရန်ကုန် ဇန်နဝါရီ ၁၆**
Yangon Bus Service-YBS ယာဉ်လမ်းကြောင်းများ ဖြစ်သော ရန်ကုန်မြို့ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ကို ယနေ့နံနက်ပိုင်းက စတင်လိုက်ပြီဖြစ်၍ ခရီးသည်တင်ယာဉ်များ နည်းပါးနေသေးသော်လည်း ရန်ကုန်မြို့တွင်းယာဉ်ကြောကျပ်တည်းမှုများ အနည်းငယ်လျော့နည်းသွားကြောင်း ခရီးသွားပြည်သူများက ပြောသည်။

ဗိုလ်တထောင်မြို့နယ် ၄၈ လမ်းတွင် နေထိုင်သော လမ်း ၅၀ မှတ်တိုင်တွင်လုပ်အားပေးနေသည့် ကိုသီဟမျိုးအောင်က "ကျွန်တော်တို့ လုပ်အားပေးတွေအနေနဲ့ ခရီးစဉ်လမ်းကြောင်းမသိသေးတဲ့ပြည်သူတွေအတွက် ငါးရက်ကြာ ကူညီပေးသွားမှာပါ၊ ကျွန်တော် ဒီမှတ်တိုင်ကို မနက် ၁၁ နာရီခွဲက ရောက်နေတာပါ။ ခရီးစဉ်အတွက် မေးမြန်းတဲ့ခရီးသည်တွေ ရှိပါတယ်။ အဓိကတော့ ဒီကနေ လှိုင်သာယာ သွားချင်တဲ့သူကများတယ်။ ယာဉ်လိုင်းနံပါတ် ၅၈ ကျတော့ ယာဉ်အစီးရေ နည်းပါးတယ်လို့ ထင်ရတာကလည်း စစချင်းမို့ပါ။ လှိုင်သာယာသွားမယ်ဆို ဒီကနေတစ်ဆင့် သခင်မြ ပန်းခြံကို စီးပြီး အဲဒီကနေတစ်ဆင့် ပြန်ပြောင်းစီးရမယ်လို့ ခရီးသည်တွေကို ကူညီပြောပေးပါတယ်။ ခုက မှတ်တိုင်တွေမှာ လူအုံနေတယ်ဆိုပေမယ့် ကျန်တာတွေကတော့ အဆင်ပြေပါတယ်။ ယာဉ်တွေကလည်း ခုမှအသစ်ပြန်ပြေးဆွဲတာဆိုတော့ အစီးရေနည်းပါးသေးတယ်ဆိုပေမယ့် အခြား အခမဲ့ယာဉ်တွေကလည်း ကူညီနေကြတာဆိုတော့ ခရီးသည်တွေအတွက် အဆင်ပြေပါတယ်။ ခုက ယာဉ်လိုင်းအသစ်နဲ့ ခရီးစဉ်အသစ်တွေ ပြောင်းလဲသွားတယ်ဆိုတော့ ခရီးသည်တွေအတွက် အခက်အခဲဖြစ်တယ်ဆိုပေမယ့် စနစ်တစ်ခုကနေ တစ်ခုပြောင်းလဲတာဆိုတော့ ခဏတော့ အချိန်ပေးပြီး စောင့်ကြည့်သင့်ပါတယ်။ ဘာပဲဖြစ်ဖြစ် ရန်ကုန်မြို့ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ကို ပြည်သူတစ်ယောက်အနေနဲ့ ကြိုဆိုပါတယ်"ဟု ဆိုသည်။

သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက်၌ နေထိုင်သော ကိုနန္ဒာလင်းမြင့်က "ကျွန်တော်က ဟာမစ်တစ်မှတ်တိုင်အနီးမှာ အလုပ်လုပ်ကိုင်တာပါ။ အရင်တုန်းကဆို သန်လျင်ကနေ ဆူးလေမှတ်တိုင်ကိုတစ်ဆင့် ဘတ်စ်ကားစီးပြီး ဆူးလေကနေမှတစ်ဆင့် ဟာမစ်တစ်မှတ်တိုင်ကို တိုက်ရိုက်ကားစီးလို့ရပါတယ်။ ဒီနေ့ကစပြီး ယာဉ်လိုင်းအသစ်နဲ့ ခရီးစဉ်လမ်းကြောင်းတွေပြောင်းလဲသွားတော့ သန်လျင်ကနေ ဗိုလ်တထောင်ဘုရားမှတ်တိုင်ကို ဘတ်စ်စီးရပါတယ်။ အဲဒီကနေတစ်ဆင့် ဆူးလေမှတ်တိုင်ကိုစီးပြီး ဆူးလေကနေတစ်ဆင့် ကားပြန်ပြောင်းစီးရတော့ ဒီနေ့အလုပ်နောက်ကျပြီး တအားဒုက္ခရောက်ခဲ့ပါတယ်။ ကားသုံးဆင့်စီးရတော့ ယာဉ်စီးခ ငွေကျပ် ၆၀၀ ကုန်ကျပြီး အချိန်အကြာကြီးစောင့် လိုက်ရပါတယ်။ အရင်ကဆို ကားစီးရတာ အဆင်ပြေပါတယ်။ ခုကကားက အရမ်းကျပ်တော့ ကျွန်တော်တို့ ခရီးသည်တွေက ကားပေါ်မှာ ခြေချစရာနေရာတောင်မရှိဘူး ဖြစ်နေပါတယ်။ တော်တော်အခက်အခဲ ဖြစ်ရပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ ဘတ်စ်ကား ပြေးဆွဲမှုစနစ်သစ်ကို ကြိုဆိုပေမယ့် ခုလို ခရီးစဉ်တွေ ပြောင်းလဲပြီး ခရီးသည်တွေ အခက်အခဲဖြစ်ရတာကြောင့် အရင်လို ခရီးစဉ်တွေကိုပဲ တာဝန်ရှိသူတွေက ပြန်လည်သုံးသပ်ပြီး အဆင်ပြေအောင် ပြုလုပ်စေချင်ပါတယ်"ဟု ဆိုသည်။

**သတင်းနှင့်ဓာတ်ပုံ**
**(စိုးဝင်း-MLA)**



ခရီးသည်များအဆင်ပြေစေရန်အတွက် ရန်ကုန်မြို့တွင်း လိုရာခရီးပို့ဆောင်ပေးနေသည့် အခမဲ့ ခရီးသည်တင်ယာဉ်အား လမ်း ၅၀ မှတ်တိုင် (အနော်ရထာလမ်း)၌ တွေ့ရစဉ်။



## လေယာဉ်ခနှုန်းထားများနှင့် ဟိုတယ်ငှားရမ်းခကြီးမြင့်မှုများက နိုင်ငံတကာဧည့်သည်ဝင်ရောက်မှုကို အဟန့်အတားဖြစ်စေနိုင်

**မန္တလေး ဇန်နဝါရီ ၁၆**

ရှေးဟောင်းအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များပေါကြွယ်ဝသည့် မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည်များက စိတ်ဝင်တစားလာရောက်လည်ပတ်မှုများ တိုးတက်လာသော်လည်း လေယာဉ်ခဈေးနှုန်းနှင့် ဟိုတယ်ငှားရမ်းခကြီးမြင့်နေမှုများက နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှုကို အဟန့်အတားဖြစ်စေကြောင်း မန္တလေးအခြေစိုက် Tour Mandalay ကုမ္ပဏီမှ မန်နေဂျာ ကိုအောင်က ပြောကြားသည်။

"တခြားနိုင်ငံတွေမှာ Tour Flight ဈေးနှုန်းက ၁၀ ရက်ခရီးစဉ်ကို ဒေါ်လာ ၂၀၀၀ ပဲ ကုန်တယ်။ ကျွန်တော်တို့နိုင်ငံမှာက ၃၀၀၀ ကျော်နေတယ်။ နောက်ပြီး တချို့ဟိုတယ်တွေကလည်း ဝန်ဆောင်မှုပိုင်းက အားနည်းနေပေမယ့် ငှားရမ်းခတွေက မြင့်နေတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ဒေါ်လာ ၄၀ လောက်ပေးရတဲ့အခန်းခကို ဒီနိုင်ငံမှာ ၆၀ လောက်ဖြစ်နေတယ်။ ဒါတွေက ဧည့်သည်ဝင်ရောက်မှုကို အဟန့်အတားဖြစ်နေတယ်"ဟု ၎င်းကပြောသည်။

၂၀၁၅ ခုနှစ်က မန္တလေးဒေသသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် သုံးသိန်းဝင်ရောက်မည်ဟုခန့်မှန်းခဲ့ရာ ၃၀၆၄၃၂ ဦးဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် လေးသိန်းခန့်မှန်းခဲ့ရာ ၃၈၅၀၃၁ ဦး ဝင်ရောက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယု၏ပြောပြချက်အရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရန်ကုန်မြို့တွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူအချို့ကြောင့် ရေနုတ်မြောင်းများ မကြာခဏပိတ်ဆို့ ချောင်းမြောင်းထဲ အမှိုက်စွန့်ပစ်သည့်အမူအကျင့်ကို ဆင်ခြင်ရန်လို

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့ကို အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်စေရန် လမ်းများတိုးချဲ့ခြင်း၊ လမ်းဟောင်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ယာဉ်လိုင်းအဟောင်းများအား ဖျက်သိမ်း၍ ယာဉ်လိုင်းအသစ်များ အစားထိုးပြေးဆွဲစေခြင်း၊ စွန့်ပစ်အမှိုက်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်နေခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ လမ်းနှင့်တံတားဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတို့ ပူးပေါင်း၍ အမှတ်(၄)ရပ်ကွက် ရတနာရိပ်မွန် (၃)လမ်းတွင် လမ်းဘေးချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်များကို ဆယ်ယူရှင်းလင်းကြသည်။



ရန်ကုန်မြို့တွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူအချို့ကြောင့် ရေနုတ်မြောင်းများ မကြာခဏပိတ်ဆို့မှုရှိနေသဖြင့် ချောင်းမြောင်းထဲ အမှိုက်စွန့်ပစ်သည့်အမူအကျင့်ကို သတိပြုဆင်ခြင်ရန်လိုအပ်သည်ဟုဆိုသည်။ လက်ရှိတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် မြေကြွက်ကြီးများကြောင့် ပျက်စီးယိုယွင်းနေသော ယခင်မြေသားရေမြောင်းများကို အုတ်စီကွန်ကရစ်ရေမြောင်းများအဖြစ် စနစ်တကျဆောင်ရွက်နေမှုတို့ကို မြင်တွေ့ရသည်။

လှိုင်မြို့နယ်တွင် ရပ်ကွက်ကြီး ၁၆ ရပ်ကွက်ရှိပြီး ထိုရပ်ကွက်များမှရေနုတ်မြောင်းများသည် ကမာရွတ်ချောင်း၊ ချောင်းဝချောင်း၊ ပိတောက်ချောင်းနှင့် သမိုင်းချောင်းများအတွင်းသို့ စီးဝင်ပြီး ထိုမှတစ်ဆင့် လှိုင်မြစ်ထဲသို့ စီးဝင်သွားကြသည်။ ယခုဆောင်ရွက်နေသော အမှတ်(၄)ရပ်ကွက် ရတနာရိပ်မွန် (၃)လမ်းမှ ရေနုတ်မြောင်းသည် ပိတောက်ချောင်းထဲသို့ စီးဝင်သည်။

**(မောင်သုည)**

## ကြို့ပင်ကောက်မြို့တွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၆**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းပြီး သီးနှံထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်အတွက် သာယာဝတီခရိုင်လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ကြို့ပင်ကောက်မြို့နယ် အမှတ်(၃၂) စက်မှုလယ်ယာစခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန သာယာဝတီခရိုင်ဦးစီးမှူး ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်ပိုင်လွင်က သင်တန်းသားများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် ပို့ချသောဘာသာရပ်များကို ဂရုစိုက်၍လေ့လာသင်ယူကြရန် မှာကြားသည်။

ထို့နောက် စက်မှုလယ်ယာမြို့နယ်ဦးစီးမှူး ဦးမင်းဆွေက လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေးနှင့် တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြုပြီး သီးနှံထုတ်လုပ်မှုစွမ်းအားတိုးတက်လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားခေါင်းဆောင်ထံပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်မည်ဖြစ်ပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက စာတွေ့၊ လက်တွေ့ ၁၂ ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရ သည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစား တံခွန်စိုက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်နှင့် TRAINING GROUND, SAN, PLANET GYM တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ် ကလပ်ပေါင်းစုံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစား တံခွန်စိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပရာ အမျိုးသားကာယဗလပြိုင်ပွဲတွင် ထွန်းထွန်းအောင် (T.T.A GYM ရန်ကုန်) နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် နှင်းနှင်းအေး (Planet GYM မန္တလေး)တို့က တံခွန်စိုက်ဆုများ အသီးသီးရရှိကြသည်။

ပြိုင်ပွဲတွင် အမျိုးသားကာယဗလမောင် ၅၅ ကီလိုတန်းတွင် ကိုးဦး၊ ၆၀ ကီလိုတန်းတွင် ကိုးဦး၊ ၆၅ ကီလိုတန်းတွင် ခုနစ်ဦး၊ ၇၀ ကီလိုတန်းတွင် ခြောက်ဦး၊ ၇၀ ကီလိုတန်းအထက်တွင် ခြောက်ဦး၊ ကာယဗလမောင် အလွတ်တန်းတွင် ၁၀ ဦး၊ အငယ်တန်းအမျိုးသမီး ကာယကြံ့ခိုင်မှုတွင်ရှစ်ဦး၊ အလွတ်တန်း သုံးဦးတို့ အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ကီလိုတန်းအလိုက် အမျိုးသားကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများကိုယှဉ်ပြိုင်ကြရာ အမျိုးသားကာယဗလမောင် ၅၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို ဖြိုးဝေလင်း(မုံရွာအသင်း)၊ ဒုတိယဆုကို ဇော်မင်းဌေး (စစ်တွေ ကာယဗလဖွံ့ဖြိုးရေးအသင်း)၊ တတိယဆုကို မျိုးသန်း (Top Neo GYM ရန်ကုန်)၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို ခင်မောင်ထူး (ဗထူးကလပ်)၊ ဒုတိယဆုကို ရန်ပိုင်စိုး(ကာကွယ်ရေးအသင်း)၊ တတိယဆုကို စတောင်ဖန်း (Super Power GYM ရန်ကုန်)နှင့် ကာယဗလမောင် ၆၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို မိုးဆွေ (ကာကွယ်ရေးအသင်း)၊ ဒုတိယဆုကို ဇော်နိုင်ဦး(ပျဉ်းမနားအသင်း)၊ တတိယဆုကို သန်းဇော် (Life Time Active GYM)တို့က အသီးသီးရရှိကြသည်။ ၇၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို ရဲထက်အောင်(Active GYM ရန်ကုန်)၊ ဒုတိယဆုကို ထက်ဝဠာထင်ရှား (Super Power GYM ရန်ကုန်)၊ တတိယဆုကို သန်းဇော်ထိုက်(ကာကွယ်ရေးအသင်း)၊ ၇၀ ကီလိုတန်းအထက်ပြိုင်ပွဲတွင် ပထမဆုကို မျိုးမင်းအေး (BP Fitness Centre တာချီလိတ်)၊ ဒုတိယဆုကို ကျော်ဇေယျ(ကာကွယ်ရေးအသင်း)၊ တတိယဆုကို သူရိန်ဘို (ပျဉ်းမနားအသင်း)နှင့် ကာယဗလမောင်အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုကို ထွန်းထွန်းအောင် (T.T.A GYM ရန်ကုန်)၊ ဒုတိယဆုကို မောင်ကျော်(ခ)ထွန်းမင်း (ရန်ကုန်စည်ပင်အသင်း)၊ တတိယဆုကို ရဲထွန်းနောင် (Kyalsin Fitness Centre ရန်ကုန်)တို့က အသီးသီးရရှိကြသည်။

အငယ်တန်းအမျိုးသမီးကာယကြံ့ခိုင်မှု (Model Physique) ပြိုင်ပွဲတွင် ပထမဆုကို နှင်းနှင်းအေး (Planet GYM ရန်ကုန်)၊ ဒုတိယဆုကို အင်ကြင်းသန့်ဇင် (Aung Khine Win Champion Club)၊ တတိယဆုကို ဆုမွန်လှိုင် (Fab Favourite GYM ရန်ကုန်)တို့က အသီးသီးရရှိကြသည်။

အမျိုးသားကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကီလိုတန်း ခြောက်တန်းတွင် ပထမဆုရရှိသူ ခြောက်ဦး၊ အမျိုးသမီးကာယကြံ့ခိုင်မှု အငယ်တန်းသုံးဦးနှင့် အမျိုးသမီးအလွတ်တန်း သုံးဦးတို့ကို ထပ်မံယှဉ်ပြိုင်ခဲ့ရာတွင် အမျိုးသားကာယဗလမောင်တံခွန်စိုက်ဆုကို ထွန်းထွန်းအောင်(T.T.A GYM ရန်ကုန်)ကရရှိပြီး အမျိုးသမီးကာယကြံ့ခိုင်မှုတံခွန်စိုက်ဆုကို နှင်းနှင်းအေး(Planet GYM မန္တလေး)တို့က ရရှိခဲ့ကြကြောင်း သိရသည်။

**(ကိုကိုဖိုးလပြည့်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် သင်တန်းများဖွင့်လှစ်

**ကျောက်မဲ ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအစီအစဉ်အရ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်မှ နောင်ချိုမြို့နယ် ကျေးရွာအုပ်စု ၃၅ အုပ်စုရှိ ကျေးရွာများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်(Village Development Plan)ရေးဆွဲနိုင်ရန် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသူ အကျိုးတော်ဆောင် တစ်ရွာလျှင် နှစ်ဦးတို့အား ဇန်နဝါရီ ၁၅ ရက်က ကျေးရွာစီမံချက်ရေးဆွဲရေးသင်တန်းများ ဖွင့်လှစ်ပို့ချကာ နည်းပညာများ ဖြန့်ဝေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၂၄၇)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်(ရွှေဈေး) ၈၆၆၀၀၀ - ၈၆၆၀၀၀ မန္တလေး(ရွှေဈေး) ၈၆၆၀၀၀ - ၈၆၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၀၅ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၀. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၃၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၂၃၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၆၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၄. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၉၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၅. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၈. ၄၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# မောင်တောမြို့နယ်အတွင်းရှိ ဒေသခံများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်တို့သည် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့သည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက တောင်ပြိုလက်ဝဲမြို့ရှိ အိမ်ထောင်စု ၉၆ စု အတွက် ဆန် ၃၂ အိတ်၊ ဆီ ၄၈ ပိဿာနှင့် ခေါက်ဆွဲခြောက်ထုပ် ၄၈၀တို့ကို လည်းကောင်း၊ သဲချောင်း ကျေးရွာအုပ်စု သာယာကုန်းကျေးရွာနှင့် သင်္ဘောလှကျေးရွာများရှိ အိမ်ထောင်စု ၁၄၈ စုအတွက် ဆန် ၄၉ ဒသမ ၃ အိတ်၊ ဆီ ၇၄ ပိဿာနှင့် ခေါက်ဆွဲခြောက်ထုပ် ၇၄၀ တို့ကို လည်းကောင်း၊ ညနေပိုင်းတွင် စံကားပင်ရင်းကျေးရွာအုပ်စု တရိန်းကျေးရွာရှိ အိမ်ထောင်စု ၆၃ စုအတွက် ဆန် ၂၁ အိတ်၊ ဆီ ၃၁ ဒသမ ၅၀ ပိဿာနှင့် ခေါက်ဆွဲခြောက် ၃၁၅ ထုပ် တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တမန်းသား၊ သက်ကိုင်ညာ၊ ရေနောက်ငါးသားနှင့် မင်းခမောင်းကျေးရွာများရှိ အိမ်ထောင်စု ၄၈၇ စုအတွက် ဆန် ၁၆၂ ဒသမ ၃၄ အိတ်၊ ဆီ ၂၄၃ ဒသမ ၅ ပိဿာနှင့် ခေါက်ဆွဲခြောက် ၂၄၃၅ ထုပ်တို့ကို ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့လှူဒါန်းမှုများမှာ လွတ်လပ်ငြိမ်းချမ်းပန်းရဲ့ လမ်းအဖွဲ့၏ ဂီတရန်ပုံငွေဖျော်ဖြေပွဲမှ ရရှိသည့် ရန်ပုံငွေကျပ် ၈၅ သိန်း ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မောင်တောမြို့နယ်အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု ၇၉၄ စုအတွက် ဆန် ၂၆၄ ဒသမ ၆၇ အိတ်၊ ဆီ ၃၉၇ ပိဿာနှင့် ခေါက်ဆွဲခြောက်ထုပ် ၃၉၇၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများအဖွဲ့သည် မောင်တော-ကြိမ်ချောင်း-ဗန္ဓုလလမ်း ဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း၊ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်ရှိ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ယင်းနောက် မောင်တောမြို့နယ် နွားရုံထောင်အုပ်စု ပြားသားရွာ ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှု အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- ကိုမင်း**

# ကျောင်းသားလူငယ်များ စိတ်ဓာတ်ခွန်အား မြင့်မားစေရန် စာပေဟောပြော

**တပ်ကုန်း ဇန်နဝါရီ ၁၆**

ကျေးလက်ဒေသနေ ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်ခွန်အားမြင့်မားစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ နေပြည်တော် တပ်ကုန်းမြို့နယ် ကျောင်းရွာအခြေပြု ပညာမီးအိမ်ပညာဒါနအဖွဲ့က ဦးစီးကျင်းပသော စာပေဟောပြောပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။

တပ်ကုန်းမြို့နယ် ကျောင်းရွာအလက(ခွဲ)တွင်ပြုလုပ်သော အဆိုပါအခမ်းအနားတွင် အားကစား၊ ပညာရည်ချွန်၊ စာစီစာကုံးစသည်တို့တွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် စေတနာ့ဝန်ထမ်း၊ ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများက ယိမ်း၊ အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဆရာခိုင်မင်း(နေပြည်တော်)၊ ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဆရာထက်ခေါင် (ရဲမှူးချုပ်ဝင်းခေါင်-ငြိမ်း)တို့က ဟောပြောခဲ့ကြသည်။

ပညာမီးအိမ်ပညာဒါနအဖွဲ့အနေဖြင့် ကျောင်းသားလူငယ်များ စိတ်ဓာတ်မြင့်မားစေရန်ရည်ရွယ်၍ စာပေဟောပြောပွဲကျင်းပခဲ့သည်မှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်(ကျောင်းရွာ)၊ ဓာတ်ပုံ-ကိုမျိုး(တပ်ကုန်း)**



# မောင်တောမြို့နယ်၌ ရာအိမ်မှူးဟောင်းတစ်ဦး ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၃) ရဲအောင်ချောင်းကျေးရွာနေ ရာအိမ်မှူးဟောင်းတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ (၃) ရဲအောင်ချောင်းကျေးရွာနေ ပုစွန်ကန်လုပ်ငန်း လုပ်ကိုင်သူ ရာအိမ်မှူးဟောင်း ဖွေယာ (ခ) ဖွေယာဇူဟောက်အား ဇန်နဝါရီ ၁၄ ရက် ည ၁၁ နာရီတွင် လူလေးဦးက ပုစွန်ကန်အား လာရောက်ဝယ်ယူခြင်းဖြစ်ကြောင်းနှင့် လိုက်ခဲ့ရန် နေအိမ်မှခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖွေယာ(ခ) ဖွေယာဇူဟောက်သည် ဇန်နဝါရီ ၁၅ ရက်မွန်းလွဲ ၂ နာရီ ၂၅ မိနစ်အထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ၎င်း၏ ဇနီး မအာဇီတာ(ခ) အာတူမက်ချ်က တောင်ပြိုနယ်မြေရဲစခန်းသို့ လာရောက်အမှုဖွင့်တိုင်တန်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကသွယ်ချောင်းကူး သံကူကွန်ကရစ်တံတားဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ပန်းခြံစုအရှေ့လမ်းရှိ ကသွယ်ချောင်းကူး ပန်းခြံစုတံတားသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါရပ်ကွက်ရှိ ကသွယ်ချောင်းကူးတံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဟန်မင်းနိုင်က ကျေးဇူးတင်စကားပြောကြား၍ ကသွယ်ချောင်းကူး ပန်းခြံစုတံတားအလှူရှင် ရွှေအုတ်ခဲဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးလင်းအောင်က ကသွယ်ချောင်းကူး ပန်းခြံစုတံတားဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကသွယ်ချောင်းကူးတံတားအလှူရှင်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပေးအပ်ခဲ့သည်။

ထို့နောက် အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ပန်းခြံစုအရှေ့ရှိ အကျယ် ၁၆ ပေ၊ အလျား ၂၈ ပေ သံကူကွန်ကရစ် ကသွယ်ချောင်းကူးတံတားကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင် ရွှေအုတ်ခဲဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(၆၈၄)**

# မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သူ ငါးဦးဖမ်းဆီးရမိ



ရှုဟတ် | မာမတ်အီဒရစ် | အီနု | ဆွေဒူလာမီ | မာမွတ်ကာဆင်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူ ငါးဦးအား ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူများကို ဖော်ထုတ်စစ်ဆေးလျက်ရှိရာ ယမန်နေ့မွန်းတည့် ၁၂ နာရီခန့်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့ပြီး တိမ်းရှောင်နေသော ငါးခူရ(အလယ်ရွာ)နေ အဘ နာဒူဟူဆောင်း၏သား အီနု၊ ငါးရံ့ချောင်းကျေးရွာနေ အဘ အဗ္ဗဒူလာ၏သား ဆွေဒူလာမီ၊ အဘ ဇော်လာမောက်၏သား မာမွတ်ကာဆင်း၊ အဘ မူဇင်မေ၏သား ရှုဟတ်နှင့် ပဒါးကားကျေးရွာနေ အဘ အဒူမာလစ်၏သား မာမတ်အီဒရစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ငါးခူရနှင့် ကျီးကန်းပြင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများပြုလုပ်ရန် ငွေကြေးထောက်ပံ့၍ လူအင်အား စုဆောင်းပေးခဲ့သူများ ဖြစ်ကြောင်း၊ တိမ်းရှောင်နေရာမှ ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအုပ်စု ဂန်ချောင်းကျေးရွာနေ ဦးမြသောင်းဦးဆောင်၍ (၄၉) နှစ်ကြာ ဂန်ချောင်းကျေးရွာမှ တည်ဆောက်ခဲ့သော ဂန်ချောင်း အလက ကျောင်းအား ဂန်ချောင်းကျေးရွာနှင့် ထုံးဝကျေးရွာနှစ်ရွာကြားရှိ ဂန်ချောင်းကျေးရွာမှ လှူဒါန်းသော မြေနေရာတွင် ဆောက်လုပ်နိုင်ရေး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းအား ဂန်ချောင်းကျေးရွာနေပြည်သူ ၇၀ ခန့်ဖြင့် ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် မိုးဟုတ်ဘုရားလမ်းမှ ဗိုလ်ချုပ်လမ်းအတိုင်း စီတန်းလှည့်လည်ကြစဉ်။**

မြို့နယ်(ပြန်/ဆက်)

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်

**ကျိုက်ထို ဇန်နဝါရီ ၁၆။** ။ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၇၆ ရွာမှ ကျေးရွာတစ်ရွာလျှင် သင်တန်းသားနှစ်ဦးနှုန်း တက်ရောက်ခဲ့ပြီး သင်တန်းငါးကြိမ်ပို့ချပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့်ကျေးရွာပေါင်းငါးရွာ၌ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၅၀ ဖြင့် ကျေးရွာလေးရွာအား ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဂိုးပေါက်ခြိမ်းခြောက်မှု ၂၂ ကြိမ်မှ သွင်းဂိုး ၁၄ ဂိုးအထိ ခွင့်ပြုထားခဲ့ရတဲ့ မန်စီးတီးဂိုးသမား ဘရာဗို



အဲဗာတန်အသင်းကို အံ့အားသင့်ဖွယ်ရာ လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် မန်စီးတီးအသင်းတွင် ခံစစ်ပိုင်းအဓိကပြဿနာရှိနေသည်ဟု အများစုက သုံးသပ်ကြသော်လည်း မန်စီးတီး၏ အဓိကအားနည်းချက်များထဲမှ တစ်ခုမှာ ဂိုးသမားဘရာဗို၏ စွမ်းဆောင်ရည်ပိုင်းပင်ဖြစ်ကြောင်း အားကစားသုံးသပ်သူ ကာရေဂါက ထောက်ပြသည်။

ဘရာဗိုသည် ဂိုးပေါက်ခြိမ်းခြောက်မှု (၂၂)ကြိမ်မှ ၁၄ ဂိုးအထိ ခွင့်ပြုထားရသည့်မှတ်တမ်းကြောင့် ဂိုးပေါက်ကာကွယ်နိုင်မှု ၄၀ ရာခိုင်နှုန်းအောက်ပင် ရောက်ရှိနေသည်။ ဘရာဗိုမှာ ဘောလုံးပိုင်ဆိုင်မှု အသားပေးနည်းစနစ်ကို ဦးစားပေးသူဖြစ်ရာ အသင်း၏တိုက်စစ်ဆင်မှုကို လိုက်ပါလွန်းသည့်အတွက် ယခုကဲ့သို့ ရလဒ်များ ထွက်ပေါ်လာရခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် မန်စီးတီးကို လူငယ်ကစားသမားအများစုဖြင့် ရင်ဆိုင်ခဲ့သော်လည်း လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် မန်စီးတီးနည်းပြ ဂွါဒီယိုလာအပေါ်တွင် ဖိအားများစွာ ပိုမိုကျရောက်လာခဲ့ပြီဖြစ်သည်။ မန်စီးတီးရလဒ်ဆိုးများကို ရပ်တန့်ရန် ဂွါဒီယိုလာအနေဖြင့် ခံစစ်ပိုင်းကို အဓိကထားပြုပြင်ရမည်ဟု ဝေဖန်ကြသော်လည်း မန်စီးတီးရှေ့၊နောက်၊အလယ်အားလုံးတွင် ပြဿနာရှိနေပြီး ထင်သာမြင်သာ အဖြစ်ဆုံး တစ်ခုမှာ ဂိုးသမားဘရာဗိုပင်ဖြစ်နေသည်။

နည်းပြ ဂွါဒီယိုလာက နွေရာသီအပြောင်းအရွှေ့ ဈေးကွက်တွင် ဘာစီလိုနာ အသင်းမှ ဘရာဗိုကို ခေါ်ယူပြီး မန်စီးတီးနံပါတ်(၁)ဂိုးသမား ဂျိုးဟတ်ကို တိုရီနိုအသင်းသို့ အငှားချခဲ့သည့်အတွက် ဝေဖန်မှုများထွက်လာခဲ့သေးသော်လည်း မန်စီးတီးအသင်း၏ ရာသီအစ နိုင်ပွဲဆက်မှုနှင့်အတူ ဝေဖန်မှုများလည်း ခေတ္တတိတ်ဆိတ်သွားခဲ့သည်။ သို့ရာတွင် မန်ချက်စတာဒါဘီတွင် အီဗရာဟီမိုဗစ်အား လက်ဆောင်ဂိုးပေးခဲ့ခြင်း၊ ဘာစီလိုနာနှင့် ပွဲစဉ်တွင် ဆွာရက်ဇ်အား မလိုအပ်ဘဲ ပင်နယ်တီဧရိယာ ပြင်ပအထိထွက်ပြီး လိုက်လံတားဆီးခဲ့သောကြောင့် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသလို ယခုတစ်ကြိမ်တွင်လည်း အဲဗာတန်အသင်းကိုပင် လေးဂိုးခွင့်ပြုခဲ့ရခြင်းကြောင့် ဘရာဗို၏ စွမ်းဆောင်ရည်အပေါ် မေးခွန်းထုတ်စရာ ထပ်မံဖြစ်ခဲ့ရသည်။



## ကွင်းဘေးစည်း မော်ရင်ဟိုနဲ့ ကလော့တို့ ငြင်းခုံခဲ့သော်လည်း ပွဲအပြီး လက်ဆွဲနှုတ်ဆက်ခဲ့ကြ

မန်ယူနှင့် လီဗာပူးအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်အတွင်း မန်ယူနည်းပြ မော်ရင်ဟိုနှင့် လီဗာပူးနည်းပြ ဂျာဂန်ကလော့တို့ ကွင်းဘေးစည်းတွင် အချေအတင်ငြင်းခုံခဲ့ကြသော်လည်း ပွဲအပြီးတွင်မူ တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ငြင်းခုံမှုသည် ဟာရဲရားနှင့် ဖာမီနိုတို့ကြောင့်ဖြစ်လာရခြင်းဖြစ်ပြီး မန်ယူကွင်းလယ်လူ ဟာရဲရားက လီဗာပူးကစားသမား ဖာမီနို၏ အင်္ကျီကိုဆွဲထားရာ ဖာမီနိုက ဟာရဲရား၏ မျက်နှာကို ပြန်တွန်းခဲ့သည်။ တကယ်တမ်းတွင် ဖာမီနိုက ဟာရဲရား၏ ဝမ်းဗိုက်ကို သာတွန်းခဲ့ခြင်းဖြစ်သော်လည်း ဟာရဲရားမှာ ဖာမီနိုထက် အရပ်ပုသူဖြစ်သောကြောင့် ဟာရဲရား မျက်နှာနားရောက်ရှိနေခြင်းဖြစ်သည်။ နည်းပြ မော်ရင်ဟိုက ယင်းဖြစ်စဉ်အတွက် ဖာမီနိုကို အနီကတ်ပြ ထုတ်ပယ်ရန်တောင်ဆိုခြင်းမှအစပြု၍ နည်းပြနှစ်ဦး ငြင်းခုံမှုဖြစ်ပွားကာ တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်အနေအထားဖြင့် ထိပ်တိုက်တွေ့ခဲ့ကြခြင်းဖြစ်သည်။

လက်ထောက်ဒိုင် ပေါဆန်က သူတို့နှစ်ဦးကို လူခွဲခဲ့ရကာ ကလော့က မော်ရင်ဟိုဘေးမှ အရင်ထွက်သွားခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ခဏအကြာမှာပင် ပွဲသိမ်းခရာမှုတ်သိမ်းရာ တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်ပြီး ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပွဲပြီးဆုံးခဲ့သည်။ သို့သော် ကလော့က ပွဲအပြီးတွင် မန်ယူကစားသမားများ ဖာမီနိုအထုတ်ခံရရန် အခြေအနေမျိုး ဖန်တီးခဲ့သည်ဟု ပြောကြားခဲ့သည်။

## ပွဲချိန်တိုင်းပါဝင်ကစားပေးလိုသည့် ဆန်းချက်ဇ်မှာ ပြဿနာမဟုတ်ဟု ဝင်းဂါးတုံ့ပြန်ပြီ

ဆွမ်ဆီးနှင့် ပွဲစဉ်တွင် လူစားလဲခံခဲ့ရသဖြင့် ဆန်းချက်ဇ် ဒေါသပေါက်ကွဲခဲ့ခြင်းသည် ကလပ်အသင်းအတွက် အမြဲတမ်း ဝင်ရောက်ကစားပေးလိုစိတ်ပြင်းထန်ခြင်းကြောင့်သာဖြစ်သဖြင့် ယင်းမှာ ပြဿနာတစ်ရပ်မဟုတ်ဟု ဝင်းဂါးက တုံ့ပြန်လိုက်သည်။ ဝင်းဂါးက ဆန်းချက်ဇ်ကိစ္စရပ်ကို အထွေအထူးပြောနေစရာမရှိကြောင်းကို ပါယက်၊ ကော်စတာတို့အကြောင်းနှင့် နှိုင်းယှဉ်လျှင် ထင်ထင်ရှားရှား သိနိုင်သည်ဟုလည်း ဥပမာပေးပြောကြားခဲ့သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာသည် တရုတ်ကလပ်အသင်းသို့ပြောင်းရွှေ့လိုသဖြင့် နောက်ကျောဒဏ်ရာပြဿနာရှိနေသည်ဟု အကြောင်းပြခဲ့သလို ဝက်စ်ဟမ်းစတား ပါယက်ကလည်း မာဆေးလ်အသင်းသို့ ပြောင်းရွှေ့အတွက် ပြင်သစ်မှပင် ပြန်လာရန် ငြင်းဆန်နေသဖြင့် ဇန်နဝါရီဈေးကွက်အတွင်းမှာပင် ဝက်စ်ဟမ်းမှ ထွက်ခွာရန်သေချာသလောက်ရှိနေပြီဖြစ်သည်။ ဝင်းဂါးက ဆန်းချက်ဇ်မှာ တိုက်ပွဲဝင်စိတ်အပြည့်ဖြင့် မိနစ်တိုင်း ဝင်ရောက်ကစားပေးလိုခြင်းသာဖြစ်ပြီး မည်သည့်အသင်းကိုမျှလည်း ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် ကစားသမားမဟုတ်ခြင်းကြောင့် ယင်းကိစ္စရပ်သည် သူ့အတွက် သတင်းမဟုတ်ကြောင်း ဆိုသည်။

မေလဲ့သင်း – စုစည်းသည်

## အီဗရာဟီမိုဗစ်ရဲ့ နောက်ကျဂိုးကြောင့် ရုပ်သံစတူဒီယိုအတွင်းမှာပင် ရီယိုဖာဒီနန် အကြီးအကျယ်အောင်ပွဲခံခဲ့

မန်ယူနဲ့ လီဗာပူးအသင်းတို့ ပရီမီယာလိဂ်ပွဲစဉ် တိုက်စစ်မှူး အီဗရာဟီမိုဗစ် မန်ယူအတွက် ချေပဂိုးသွင်းယူပြီးနောက်မှာတော့ ရုပ်သံအစီအစဉ်တင်ဆက်နေတဲ့ မန်ယူနောက်ခံလူဟောင်း ရီယိုဖာဒီနန်တစ်ယောက် ကိုယ့်ကိုယ်ကိုယ်တောင် မထိန်းနိုင်ဘဲ ရုပ်သံစတူဒီယိုအတွင်းမှာပဲ အကြီးအကျယ်အောင်ပွဲခံ ကခုန်ခဲ့ပါတယ်။

အီဗရာဟီမိုဗစ် ချေပဂိုးသွင်းယူလိုက်ချိန်မှာ ဖာဒီနန်က ခုံပေါ်ကနေ ဖားခုန်ခုန်ပြီး ခါးကိုလှုပ်ကာ ကခုန်ခဲ့တာပါ။ ဒီအပြုအမူကပဲ ဖာဒီနန်ရဲ့ စိတ်ထဲ မန်ယူကို ဘယ်လောက်အထိ ချစ်မြတ်နိုးလဲဆိုတာ ထင်ရှားစေခဲ့သလို ဖာဒီနန်ရဲ့ အောင်ပွဲခံမှုဗီဒီယိုက လူမှုကွန်ရက်စာမျက်နှာတွေကြား ချက်ချင်းဆိုသလို ပြန့်နှံ့ရောက်ရှိသွားခဲ့ပြီး ကူးယူဖော်ပြမှုအများဆုံးစာရင်းလည်း ဝင်သွားခဲ့ပါတယ်။

ဖာဒီနန်နဲ့အတူ ရုပ်သံအစီအစဉ်တင်ဆက်နေတဲ့ မန်ယူနဲ့ လီဗာပူးတိုက်စစ်မှူးဟောင်း အိုဝင်ကတော့ ပွဲကို တည်တည်ငြိမ်ငြိမ်ပဲ ဆက်လက်ကြည့်ရှုနေခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် မိုဗစ်သွင်းယူခဲ့တဲ့ ချေပဂိုးကို ဖန်တီးပေးခဲ့သူ ဗလင့်စီယာ လူကျံနေခဲ့တယ်လို့အိုဝင်က ထောက်ပြခဲ့ပေမယ့် ဖာဒီနန်က ဒီယူဆချက်ကို ရယ်သွမ်းခဲ့ပါတယ်။ လီဗာပူးက မန်ယူကို ပွဲချိန် ၂၇ မိနစ်မှာသွင်းယူခဲ့တဲ့ ဂျိမ်းစ်မီနာရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

## ပွဲပြီးခါနီး အာရုံစိုက်မှု နည်းပါးခဲ့သည့် ရီးယဲလ်သမားများကို ဇီဒန်းပြစ်တင်ဝေဖန်

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက ရီးယဲလ်ကစားသမားများ ပွဲပြီးဆုံးရန် နီးကပ်လာချိန်တွင် သက်သောင့်သက်သာအနေအထားဖြင့် ပွဲအပေါ် အာရုံစူးစိုက်မှုနည်းပါးခဲ့ခြင်းကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ဆီဗီလာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည့် ပွဲအပြီးတွင် ဝေဖန်ပြောကြားလိုက်သည်။

ယင်းသို့ ရှုံးနိမ့်ခဲ့သဖြင့် ရီးယဲလ်၏ ပွဲ(၄၀)ရှုံးပွဲမရှိ စံချိန်တစ်ရပ် ကျိုးပျက်ခဲ့ပြီဖြစ်သည်။ အဆိုပါ ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်သည် ပွဲချိန် ၈၅ မိနစ်အထိ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့ပြီးမှ ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုနှင့် ဆီဗီလာတိုက်စစ်မှူး ဂျိုဗီတစ်၏ သွင်းဂိုးတို့ကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ရသည်။



ဇီဒန်းက "ကျွန်တော်တို့ ငါးမိနစ်အတွင်း သက်သောင့်သက်သာ ရှိခဲ့လွန်းတာကြောင့် ဒါကအနိုင်ရလဒ်ကို ဆက်ထိန်းဖို့ လွဲချော်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ၈၅ မိနစ်အထိ စီမံခန့်ခွဲနိုင်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အာရုံစိုက်မှု နည်းပါးလွန်းခဲ့ပါတယ်။ ဒါကြောင့် ဒီရလဒ်ကို ကျွန်တော်လက်သင့်ခံပါတယ်" ဟု ပွဲအပြီးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဇီဒန်းက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သူ ရာမို့စ်ကို ပြစ်တင်ရန်မရှိကြောင်း ကာကွယ်ပြောကြားပေးခဲ့ပြီး အရှုံးထဲမှ သင်ခန်းစာယူတတ်ရန်သာလိုသည်ဟု ဆိုသည်။ ရာမို့စ်သည် ဆီဗီလာနှင့်သုံးဂိုးစီ သရေကျခဲ့သည့် ကိုပါဒယ်ရေးဖလားပွဲစဉ်တွင် ချေပဂိုးတစ်ဂိုးကို ပင်နယ်တီမှတစ်ဆင့် သွင်းယူနိုင်ခဲ့ပြီးနောက် ပရိသတ်များ၏အသံကို နားစွင့်သည့်ဟန်ဖြင့် အောင်ပွဲခံခဲ့ရာ ဆီဗီလာပရိသတ်များ၏ ပစ်မှတ်ထားခံခဲ့ရသည်။ ■

# ပြည်သူများ၏ဆန္ဒနှင့်ကိုက်ညီပြီး ရေရှည်ခိုင်ခံ့တည်မြဲရေး၊ အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီအောင် ဆောက်လုပ်ရေးမှာကြား



**မြစ်ကြီးနား ဇန်နဝါရီ ၁၆**
မိုးကောင်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြို့နယ်အတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ဇန်နဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးကြခဲ့သည်။

ရှေးဦးစွာ မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်၌ ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ်သန်း ၈၉၈၀ ဖြင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်သည့် မြို့တော်ခန်းမသစ် တည်ဆောက်ရေးအတွက် ဆောက်လုပ်မည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ၏ဆန္ဒနှင့်ကိုက်ညီပြီး ရေရှည်ခိုင်ခံ့တည်မြဲရေး၊ အရည်အသွေး စံချိန်၊ စံညွှန်းပြည့်မီအောင် ဆောက်လုပ်ရေးမှာကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မြို့နယ်အတွက် ဆေးဝါးပစ္စည်းများ၊ ကျောင်းဝတ်စုံများနှင့် အနွေးထည်များကို တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းသည်။ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က အဆောက်အအုံသစ်အတွက် ပန္နက်ရိုက်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလယ်ရပ်ရပ်ကွက် ဘုရင့်နောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှု၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း အလှူရှင်ဦးမောင်ကြီးနှင့် ဒေါ်တင်တင်အုန်း မိသားစုက ငွေကျပ်သိန်း ၄၂၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် စည်ပင်သာယာဈေး၌ ဈေးသူ၊ ဈေးသားများ၏ ကိုယ့်အားကိုယ်ကိုး ရန်ပုံငွေကျပ် ၄၈၇ သိန်းကျော်ဖြင့် ဆောက်လုပ်ထားသည့် ဈေးအမိုးခုံးဆောက်လုပ်ထားမှုနှင့် မြို့မဈေး၏ သန့်ရှင်းမှုအခြေအနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိမ်းမြသီတာပန်းခြံအတွင်း စည်ပင်သာယာရေးအဖွဲ့၏ ကလေးကစားကွင်း၊ ကိုယ်ကာယလေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်ခြင်း၊ ကွန်ကရစ်မီးတိုင်စိုက်ထူခြင်း၊ မြေယာရှုခင်းနှင့် ရေပန်းအဝိုင်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဈေးကုန်းရပ်ကွက် ညောင်ပင်ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၇၂ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုးကောင်း-လွဲလော ကွန်ကရစ်လမ်းခင်းနေမှု၊ ကညင်မြိုင်-ကဝါးယံကျေးရွာတို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် (11KV) ဓာတ်အားလိုင်း၊ (၁၁/၀၄) ထရန်စဖော်မာနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး နမ္မတီးမြို့အဝင်ကျောက်တောင်၌ ကျောက်ထုတ်လုပ်မှုကြောင့် ပျက်စီးနေသော မြေသားများ ပြန်လည်ပြုပြင်၍ မြေယာရှုခင်းဖြစ်စေရေး စနစ်တကျစီမံဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



## မြန်မာ့သိုင်းပညာ မျိုးဆက်သစ်ပြန့်ပွားရန် အခမဲ့သင်ကြားပေး

**မိတ္ထီလာ၊ ဇန်နဝါရီ ၁၆**
မြန်မာ့သိုင်းပညာ မျိုးဆက်သစ်ပြန့်ပွားရန်ရည်ရွယ်၍ မိတ္ထီလာမြို့နယ် ပြည်သာယာတောင်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု (ပထမ) အဆင့် မိဘမဲ့တိုင်းရင်းသားလူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့် မေတ္တာရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးဂေဟာ၌ အခမဲ့သိုင်းပညာများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သိုင်းသင်တန်းကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီ မြန်မာ့သိုင်း မျိုးဆက်သစ်ပြန့်ပွားရေးအဖွဲ့ဝင် ဦးအောင်မျိုးက မြန်မာ့သိုင်းပညာ မျိုးဆက်သစ် ပြန့်ပွားရန်အတွက် မိတ္ထီလာမြို့နယ် ပြည်သာယာတောင်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု (ပထမ)အဆင့် မိဘမဲ့တိုင်းရင်းသားလူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့် မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေး ဂေဟာ၌ ကချင်၊ ကရင်၊ ဝ၊ အာခါ၊ နာဂစသည့် မိဘမဲ့ တိုင်းရင်းသားလူငယ် ၆၈ ဦးတို့အား သိုင်းပညာအခြေခံဖြစ်သည့် ခေါင်း၊ လက်သီး၊ လက်ဝါးဇောင်း၊ လက်ဖနောင့်၊ မောင်း၊ တံတောင်၊ ဒူး၊ ခြေ၊ အထိုင်၊ လက်အစုံပါဝင်သည့် ၆၃ မောင်းအား ကျင့်စဉ်၊ အချုပ်ချည်နည်း၊ လက်သီးထိုးခုခံကာကွယ်ပညာ၊ လက်နက်မျိုးစုံခုခံ ကာကွယ်ပညာများကို ၂၀၁၆ နိုဝင်ဘာမှ ၂၀၁၇ မတ်လကုန်အထိ စနေနှင့် တနင်္ဂနွေနေ့တို့တွင် အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ကျောင်းသားများအား ပညာသင်စရိတ်ထောက်ပံ့

**တပ်ကုန်း ဒီဇင်ဘာ ၁၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်းပညာ တက္ကသိုလ်များ တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအား အ-ထ-က(၁)ပညာရေး ပဒေသာပင်ကြီးကြပ်မှုကော်မတီ မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းရှိ ခမ္မာရုံ၌ ကျင်းပခဲ့သည်။

ထို့နောက် အ-ထ-က (၁) ပညာရေးပဒေသာပင်ကြီးကြပ်မှုကော်မတီဝင် ဦးမြင့်ဦးက ပညာသင်စရိတ်ထောက်ပံ့ပေးမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ပညာသင်စရိတ်များ ပေးအပ်ခဲ့သည်။

၂၀၁၆-၂၀၁၇ တက္ကသိုလ်ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ကျပ် ၁၀ သိန်း၊ တိမွေးကုတက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ကျပ် ငါးသိန်း၊ စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ကျပ် ငါးသိန်း၊ လေကြောင်းတက္ကသိုလ် ကျောင်းသားတစ်ဦးလျှင် ကျပ် ငါးသိန်း၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းသားတစ်ဦးလျှင် ကျပ် ငါးသိန်း၊ စီးပွားရေးတက္ကသိုလ် ကျောင်းသားတစ်ဦးလျှင် ကျပ် ငါးသိန်း၊ နည်းပညာတက္ကသိုလ် ကျောင်းသားတစ်ဦးလျှင် ကျပ်သုံးသိန်းဖြစ်ပြီး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၇ ဦး အတွက် ထောက်ပံ့ငွေကျပ် ၉၁ သိန်းဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

## ဝန်းသိုမြို့တည်(၁၀၇၅) နှစ်ပြည့် အထိမ်းအမှတ်နှင့် စော်ဘွားကြီး ဦးအောင်မြတ် (၁၅၅)နှစ်ပြည့် ပွဲတော် စည်ကားစွာကျင်းပ

**ဝန်းသို ဇန်နဝါရီ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့၌ ဝန်းသိုမြို့တည် (၁၀၇၅) နှစ်ပြည့် အထိမ်းအမှတ်နှင့် စော်ဘွားကြီး ဦးအောင်မြတ် သက်တော်(၁၅၅) နှစ်ပြည့်ပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဝန်းသိုမြို့တည် (၁၀၇၅) နှစ်ပြည့် အထိမ်းအမှတ် ပွဲတော်အခမ်းအနားကို စော်ဘွားကြီးဦးအောင်မြတ် ကြေးရုပ်တုရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွှေးမွှေးခင်၊ ကသာခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်၊ မြို့မိ၊ မြို့ဖ ဆရာကြီးဦးသန်းဆွေတို့က ရွှေကြိုး၊ ငွေကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အနယ်နယ်အရပ်ရပ်မှ ရှမ်းတိုင်းရင်းသားများနှင့် ဒေသခံ ပြည်သူများက ဝန်းသိုအာဇာနည် စော်ဘွားကြီး ဦးအောင်မြတ်အား ပန်းစည်းချကာ တစ်မိနစ်ခန့် ငြိမ်သက်စွာဖြင့် ဂါရဝပြုခဲ့ကြပြီး မြို့တွင်းသို့ ရှမ်းရိုးရာအကအလှများဖြင့် စီတန်းလှည့်လည်ခဲ့ကြသည်။



အဆိုပါပွဲတော်တွင် ရှမ်းရိုးရာ ပစ္စည်းအရောင်းပြခန်းများ၊ ရှမ်းနီအမျိုးသားဆိုင်ရာဓာတ်ပုံပြခန်းများ၊ စော်ဘွားကြီး၏ မှတ်တမ်းဓာတ်ပုံပြပွဲများကိုလည်း ပြသခဲ့ရာ ဒေသခံပြည်သူများ အထူးစိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**

## ရပ်ကွက်လူငယ်များတတိယအကြိမ် စုပေါင်းအမှိုက်ကောက်

**ထန်တလန် ဇန်နဝါရီ ၁၆**
ထန်တလန်မြို့ အမှတ် (၂) ရပ်ကွက်နေလူငယ်များက ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ရပ်ကွက်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေး ဝဲ၊ ယာရှိ အမှိုက်များကို စုပေါင်းကောက်ယူကြသည်။

ယခုလို လူငယ်များစုပေါင်း၍ ရပ်ကွက်လမ်းဘေးဝဲ၊ ယာအတွင်းရှိ အမှိုက်များကောက်ခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ပြီးမည်သူတစ်ဦးတစ်ယောက်၏ စေခိုင်းမှုကြောင့်မဟုတ်ဘဲ ကိုယ့်မြို့၊ ကိုယ့်ရပ်ကွက် သန့်ရှင်းသာယာလှပစေလိုသော စေတနာသက်သက်ဖြင့် လူငယ်များပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နောက်နောင်လည်း ယခုလို အားလပ်သည့်အခါတိုင်း ရပ်ကွက်သန့်ရှင်းသာယာလှပရေးအတွက် တတ်နိုင်သလောက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှိုက်ကောက်အဖွဲ့တွင်ပါဝင်သည့် လူငယ်တစ်ဦးက ပြောကြားသည်။

ထန်တလန်မြို့သည် ချင်းပြည်နယ်အတွင်းရှိ မြို့များအနက် သန့်ရှင်းမှုအားအကောင်းဆုံးမြို့အဖြစ် ချီးကျူးအသိအမှတ်ပြုခံရသည့်မြို့ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေး ခေတ်မီ မွေးမြူရေးစနစ်သို့ ပြောင်းလဲရန်လို



**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်၊ မွေးမြူရေးစနစ်နှစ်ခု၌ သမားရိုးကျမွေးမြူရေးစနစ်မှ ခေတ်မီငါးမွေးမြူရေးစနစ်သို့ တိုးတက်ပြောင်းလဲမှသာလျှင် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

“မြန်မာနိုင်ငံရဲ့ ငါး၊ ပုစွန် မွေးမြူရေးစနစ်က မိရိုးဖလာ မွေးမြူရေးစနစ်တွေမှာ ကျန်ခဲ့ပါတယ်။ လက်ရှိ ငါးကန်၊ ပုစွန်ကန်တွေမှာ ရှိရင်းစွဲ မွေးမြူရေးစနစ်တွေကို ခေတ်မီနည်းပညာမြင့် မွေးမြူရေးစနစ်နဲ့အစားထိုး ပြောင်းလဲသင့်နေပါပြီ။ ထပ်မံပြီး တိုးချဲ့မယ်ဆိုရင်လည်း ခေတ်မီတဲ့ မွေးမြူရေးစနစ်တွေနဲ့ တိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးပြီးရင် ဒုတိယအကြီးဆုံးနဲ့ နိုင်ငံသားတွေပါဝင်ပတ်သက်မှု အများဆုံးက မွေးမြူရေးကဏ္ဍဖြစ်လာမှာပါ” ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ထပ်မံပြောသည်။

ခေတ်မီ ငါးမွေးမြူရေးစနစ် ပြောင်းလဲနိုင်စေရန်အတွက် ပထမအချက်အနေဖြင့် မျိုးကောင်းမျိုးသန့်ရရှိရန်လိုအပ်ကြောင်း၊ မွေးမြူမည့် ငါး၊ ပုစွန်များသည် ရောဂါဒဏ်ခံနိုင်ရည်ရှိရမည်ဖြစ်ကြောင်းနှင့် မွေးမြူမည်ဆိုလျှင်လည်း တောင်သူများအတွက် အကျိုးအမြတ်ရှိရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်၌လည်း ဈေးကောင်းရမည့် ငါး၊ ပုစွန်မျိုးဖြစ်ရန်လိုအပ်ကြောင်းသိရသည်။ ဒုတိယအရေးကြီးသောအချက်မှာ အစာဖြစ်သည်။ လက်ရှိအသုံးပြုနေသော ဖွဲနု၊ ပဲဖတ်များကို ကန်ထဲတွင်တိုက်ရိုက်ချပြီး ကျွေးသည့်စနစ်မှာ ကမ္ဘာ့နိုင်ငံများတွင် အသုံးမပြုတော့သည့်စနစ်ဖြစ်ကြောင်းသိရပြီး အစာများအား ကန်ထဲ၌ ထည့်ကျွေးခြင်းသည် ရေတွင်ပျော်ဝင်မှုများကာ အလေအလွင့်များခြင်း၊ ရေပျက်စီးမှုများခြင်းနှင့် အစာကုန်ကြမ်းများကို များစွာအသုံးပြုရ၍ ကုန်ကြမ်းလိုအပ်ချက်များ ဖြစ်ပေါ်စေခြင်းတို့အား ဖြစ်ပွားစေကြောင်းသိရသည်။ ထို့အတွက်ကြောင့် ခေတ်မီအစာထုတ်စက်များဖြင့် ဖော်စပ်ထားသော အစာများဖြင့်သာ ကျွေးသည့်စနစ်သို့ ပြောင်းလဲရန်လိုအပ်ကြောင်း သိရသည်။

ယင်းအပြင် မွေးမြူသည့် ကန်များ၏ ရေအရည်အသွေးမြင့်ကာ သန့်စင်ရန်လိုအပ်ကြောင်း၊ ငါး၊ ပုစွန်များ၏ ရှင်သန်ကြီးထွားမှု၊ ရောဂါများကျရောက်မှု ပြဿနာများသည် မွေးမြူသောကန်၏ ရေအရည်အသွေးနှင့် သန့်ရှင်းမှုအပေါ်တွင် မူတည်လျက်ရှိကြောင်း၊ ကန်၏ ရေအရည်အသွေးကို သန့်စင်အောင် ခေတ်မီနည်းစနစ်များဖြင့် စီမံပြုလုပ်ထားမည်ဆိုလျှင် ငါးကြီးထွားနှုန်း မြင့်တက်ကာ ရောဂါမကျရောက်တော့ဘဲ အထွက်တိုးမည်ဖြစ်ကြောင်း၊ ရေ၏အရည်အသွေးကို ထိန်းညှိနိုင်စေရန်အတွက် သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနရှိ ဓာတ်ခွဲခန်းများ၌ မွေးမြူသူ တောင်သူများအနေဖြင့် အချိန်ပေးဆောင်ရွက်သင့်ကြောင်းနှင့် အခြားသိလိုသည်များအား မေးမြန်းစုံစမ်းသင့်ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်မှသာလျှင် ခေတ်မီ ငါးမွေးမြူရေးစနစ်ဖြစ်လာမည်ဖြစ်ပြီး ဘေးကင်းလုံခြုံမှုရှိသော မွေးမြူရေးစနစ်တစ်ခုဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ယင်းစနစ်များ ဆောင်ရွက်မှုနည်းပါးခြင်းကြောင့် ယခုအခါ မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နောက်ကျကျန်ရစ်နေသေးကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**စိုးဝင်း–MLA**

## ပြွန်တန်ဆာ သီတဂူမျက်စိဆေးရုံကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ ဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်

**ညောင်လေးပင် ဇန်နဝါရီ ၁၆**

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ (D.Litt)(Ph.D) တွဲဖက် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး တည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့တွင် သီတဂူစက္ခုဒါနဆေးရုံတော်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

သီတဂူဆေးရုံတော်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သီတဂူမျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြအောင် ဦးဆောင်သော သီတဂူမျက်စိအထူးကုဆရာဝန်အဖွဲ့မှ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ကာ လတ်တလောတွင် ပါဝါမျက်မှန်ပြုလုပ်ပေးမည့် အစီစဉ်မပါဝင်သေးကြောင်း သိရသည်။

ကုသလိုသည့် မျက်စိဝေဒနာရှင်များအနေဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင် တစ်ဦးဦးကသော်လည်းကောင်း မျက်စိဝေဒနာရှင်အမည်၊ အဘအမည်၊ မှတ်ပုံတင်အမှတ်၊ အသက်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ဖြင့် ဇန်နဝါရီ ၁၅ ရက်မှ ၂၅ ရက်ထိ ပြွန်တန်ဆာမြို့ သီတဂူဆေးရုံတော်၌ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း ကြိုတင်အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သီတဂူစက္ခုဒါနဆေးရုံတော်ဖြစ်မြောက်ရေး ကော်မတီထံမှသိရသည်။

**မြို့နယ်ပြန်ဆက်**

## အင်ဒိုင်းစစ်တောင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးဧက ၃၀၀ စိုက်ပျိုးနိုင်တော့မည်



**ရေတာရှည် ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အင်ဒိုင်းကျေးရွာအုပ်စုအတွင်းရှိ အင်ဒိုင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးဧက ၃၀၀ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ သိရသည်။

ယခုစိုက်ပျိုးမည့်နေရာမှာ စစ်တောင်းမြစ်ရေကြီး၍ ငှက်ကြီးတောင်တမံ ကျိုးကျကာ လယ်မြေဧကများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး မိုးရာသီကာလရောက်တိုင်း စပါးစိုက်ပျိုးရန်ခက်ခဲခြင်းအပြင် ထွက်နှုန်းလျော့ကျခြင်းနှင့် ဈေးအရနည်းပါးမှုများကြောင့် တောင်သူများ နှစ်စဉ်အရှုံးပေါ်ခဲ့ရကြောင်း ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

“တောင်သူတွေ တစ်နှစ်ရှုံးရင် တော်တော်နဲ့ နာလန်ပြန်မထူနိုင်တော့ဘူး။ အရင်အကြွေးတွေတောင်မနှစ်ကမှကျေကုန်တာ။ အခု နွေစပါးကတော့ အထွက်နှုန်းကောင်းလို့ တောင်သူတွေ အဓိကအားထားလုပ်ကြရတယ်”ဟု ၎င်းကပင် ဆက်လက်ပြောသည်။

စစ်တောင်းမြစ်အတွင်းမှ ရေစုပ်ယူနိုင်ရန် မြင်းကောင်ရေ ၂၂ ကီလိုဝပ် ထုတ်လွှတ်နိုင်သည့် မော်တာသုံးလုံးဖြင့် စက်တစ်လုံးလျှင် ၁၆ နာရီနှုန်းဖြင့် နှစ်ဆယ့်လေးနာရီ ရေတင်ပေးလျက်ရှိပြီး အောင်ရေရရှိနိုင်ရန် အချိန်ကာလ ငါးလအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

တူးမြောင်းတစ်လျှောက် ရေများ စတင်ဝင်ရောက်လာပြီဖြစ်၍ တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် ကန်သင်းများတွင် ပေါင်းရှင်းခြင်း၊ ရေသွယ်မြောင်းများ ပြုပြင်ခြင်းတို့ပြုလုပ်ကာ လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ညောင်တုန်းမြို့နယ်အတွင်းရှိ အရွဲကွင်းဖိုးနီကုန်းမြောင်းဟောင်းပြန်လည်တူးဖော်၊ လယ်ယာမြေဧက(၈၀၀)ကျော်အကျိုးပြု

**ညောင်တုန်း ဇန်နဝါရီ ၁၆**

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် စပါးသီးနှံနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရေကြီးနစ်မြုပ်မှုဘေးမှ လျော့ပါးသက်သာစေရေးနှင့် လုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးအောင်မြင်၍ အကျိုးခံစားခွင့်ရရှိစေနိုင်သည့် ဆည်မြောင်းစီမံကိန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အရွဲကွင်းအတွင်း ညောင်ရွာကျေးရွာအုပ်စု ကွင်းအမှတ်(၃၅၁)နှင့်(၃၅၂)တို့အတွင်း တည်ရှိသည့် ပေ ၈၀၀ ကျော်ရှည် သံပရာချောင်းရေတံခါးမှ လက်သွယ်မြောင်းဟောင်းဖြစ်သည့် ဖိုးနီကုန်းမြောင်းဟောင်းအား ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) မူလခွဲဝေရန်ပုံငွေဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြန်လည်တူးဖော်ပြီးဖြစ်သည်။



အဆိုပါမြောင်း ပြန်လည်တူးဖော်ပေးခြင်းဖြင့် သံပရာချောင်းရေတံခါးမှခွဲထွက်သည့် အမှတ်(၂) လက်တံမြောင်းမှတစ်ဆင့် လယ်ကြားမြောင်းအဖြစ် ဝဲယာကွင်းများအတွင်းသို့ ရေတိုက်ရိုက်ရောက်ရှိစေနိုင်ပြီး ဖိုးနီကုန်းကျေးရွာရှိ လယ်ယာမြေဧက ၃၀၀ ကျော်အား နွေစပါးစိုက်ပျိုးအောင်ရေ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်သည်။

“ကျွန်မမှာ လယ် ၁၇ ဧကရှိပါတယ်။ ယခင်က နွေစပါးစိုက်ပျိုးဖို့ဆိုတာ ရေအခက်အခဲကြောင့် တစ်ဧက၊ နှစ်ဧက စိုက်ပျိုးတာတောင် အောင်မြင်မှုမရခဲ့ပါဘူး။ ဒီမြောင်းထဲကနေ ဒီရေအတက်အကျကိုစောင့်ပြီး ရေတင်ရပါတယ်။ တင်တဲ့ရေကလည်း လယ်ကွင်းထဲရောက်ပျောက်ဆိုသလို အရာမထင်ခဲ့ပါဘူး။ လယ်တွေက ပပ်ကြားအက်ကွဲကုန်တော့ စပါးလည်း မအောင်မြင်ဘူးပေါ့။ ဒီမြောင်းက ပေ ၈၀၀ ကျော်လောက်ရှည်တယ်ဆိုပေမယ့် ပေ ၁၀၀ လောက်ပဲ ဒီရေရောက်ပါတယ်။ အခုလို မြို့နယ်ဆည်မြောင်းက ဒီမြောင်းဟောင်းကို ပြန်လည်တူးဖော်ပေးတဲ့အတွက် ဒီရေအတက်အကျကို မစောင့်ရတော့ပါဘူး။ ရေလိုသလောက် သုံးလို့ရသွားပါပြီ။ နွေစပါးစိုက်ပျိုးဖို့ အချိန်မနှောင်းခင် ရေမြောင်းတူးဖော်ပြီးသွားတာကြောင့် ကျွန်မတို့ရွာက လယ်သမားတွေအားလုံး ထွန်ယက်စိုက်ပျိုးနေကြပါပြီ။ တချို့လယ်တွေလည်း စိုက်ပျိုးပြီးပါပြီ။ နိုင်ငံတော်နဲ့ ဆည်မြောင်းဌာနကို ကျေးဇူးတင်ပါတယ်။ ဝမ်းသာလို့လည်း မဆုံးပါဘူးရှင်” ဟု ဖိုးနီကုန်းကျေးရွာမှ လယ်သမား ဒေါ်ချောစုက ဝမ်းသာအားရ ပြောသည်။

ညောင်ရွာကျေးရွာ အုပ်ချုပ်ရေးမှူး စောဟန်လွင်စိုးက “အခု ဒီမြောင်းဟောင်းပြီးသွားတာကြောင့် နွေစပါးလယ်ယာမြေဧကတွေ ထပ်တိုးလာပါတယ်။ ယခင်က နွေစပါးလယ်ယာမြေဧက ၁၀၀ တောင်မပြည့်ချင်ဘူးဗျ။ အခုဆို နွေစပါးစိုက်ဧက ၃၀၀ လောက်တိုးလာပါတယ်။ နွေရာမိုးပါအဆင်ပြေသွားပါပြီ။ မိုးအခါ လယ်ယာမြေတွေ ရေနစ်မြုပ်မှုဒဏ်၊ နွေအခါ ရေမရတဲ့ဘေးကနေ ကျွန်တော်တို့ကျေးရွာက လယ်သမားတွေ ကင်းဝေးသွားပြီပေါ့ဗျာ။ ကျေးရွာတစ်အုပ်စုလုံးရဲ့ လယ်ယာမြေဧက ၈၀၀ ကျော်ကို အကျိုးပြုမယ့် အခုတူးဖော်ပေးတဲ့ မြောင်းကြီးပြီးသွားတဲ့အတွက် ကျွန်တော်တို့ ကျေးရွာက လယ်သမားတွေအားလုံး ဝမ်းသာနေကြပါတယ်ဗျာ” ဟု ပြောပြသည်။ **ဝင်းမြင့်ကျော် (ညောင်တုန်း)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စည်းကမ်းမဲ့ပုံကျစျေးရောင်းချမှုနှင့် စုပုံပစ္စည်းထားရှိမှုများ ဖယ်ရှားရန်အသိပေး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပုံကျစည်းကမ်းမဲ့စျေးရောင်း လုပ်ကိုင်မှုများ၊ စည်ပင်သာယာ သတ်မှတ်ဧရိယာကျော် လွန်၍ ပစ္စည်းစုပုံထားရှိမှုများကို ဖယ်ရှားရှင်းလင်းထားရန် လိုက်လံအသိပေးမှု မြင်တွေ့လာရသည်ဟု ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ရဲတပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲများ၊ ဘုရင့်နောင်စည်ပင် ဝန်ထမ်းများ၊ NGO အဖွဲ့အစည်းမှ တာဝန်ရှိသူများပါဝင် သော ပူးပေါင်းအင်အား ၈၀ ခန့်သည် အဖွဲ့ ၁၅ ဖွဲ့ ခွဲ၍ ပွဲရုံဝင်းအတွင်း လမ်းသွယ်၊ လမ်းမ၊ ကားကြီးဝင်း များသို့ လှည့်လည်ခေတ်ပုံရိုက် မှတ်တမ်းရယူခြင်း၊ လုပ်ငန်း လုပ်ကိုင်သူများအား ဖယ်ရှားထားရန် ကြိုတင်အသိပေး မှုများ ပြုလုပ်နေသည်ကို မြင်တွေ့လာရသည်ဟု လုပ်ငန်းရှင် ဦးအောင်ဇော်သက်က ပြောသည်။

၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် တည်ဆောက်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော နှစ်ပေါင်း ၂၅ နှစ် နီးပါးရှိနေသည့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စည်းကမ်း တကျ ရောင်းဝယ်လုပ်ကိုင်သည့် ပွဲရုံဝင်းအဖြစ် ရပ်တည် လာရန် သက်ဆိုင်ရာက လုပ်ဆောင်ပေးမှုအပေါ် လုပ်ငန်း လုပ်ကိုင်သူအများစုက ကြိုဆိုကြသည်။

၂၀၁၀ ခုနှစ်ဝန်းကျင်မှစ၍ တစ်နှစ်ထက်တစ်နှစ် များပြားလာသော လမ်းဆုံ၊ လမ်းခွ၊ လမ်းသွယ်၊ လမ်းမများ တွင် ကျူးကျော်ပုံကျစျေးရောင်းချခြင်း၊ လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကြောင့် ကားလမ်းမများတွင် ယာဉ်များ သွားလာရာတွင် အခက်အခဲများကြုံတွေ့လာရသည်။

ပွဲရုံတိုက်ခန်းများရှေ့ရှိ ကုန်တင်၊ ကုန်ချယာဉ်ရပ်နား ရမည့် နေရာများတွင် စျေးတည်ခင်းရောင်းချနေခြင်း၊ ကုန်ပစ္စည်းများကို ဂိုဒေါင်သဖွယ်ကာလရှည် တာလပတ် အုပ်သိမ်းဆည်းခြင်းများရှိသဖြင့် ယင်းပွဲရုံများတွင် ကုန်တင်၊ ကုန်ချမည့်ယာဉ်များ ကားလမ်းပေါ်တွင်ရပ်၍ အတင်၊ အချပြုလုပ်နေရသဖြင့် ယာဉ်ပိတ်ဆို့မှု ပိုမိုများပြား လာရသည်။ ပွဲရုံအချို့တွင် ယင်းဖြစ်စဉ်များကြောင့် ကားလမ်းပေါ်ရပ်နား ကုန်တင်၊ ကုန်ချပြုလုပ်ရမှုအပေါ် သက်ဆိုင်ရာက အရေးယူချိန်တွင် ယာဉ်ပိုင်ရှင်များသာ အရေးယူခံရလေ့ရှိသည်ဟု ခြောက်ဘီးကုန်တင်ယာဉ် ပိုင်ရှင် ဦးဖိုးချိုက ပြောသည်။



စည်ပင်သာယာသတ်မှတ်ဧရိယာကျော်လွန်၍ ဟူသော အသိပေးထုတ်ပြန်ရာတွင် ရှင်းလင်းမှုမရှိသဖြင့် ကွဲပြားစွာ သိရှိရန် အသိပေးစေလိုသည့် ကံ့ကော်လမ်းမကြီး တစ်ဖက် တစ်ချက်တွင် မျဉ်းဝါတန်းများ ပွဲရုံများရှေ့ရေးဆွဲ၍ စျေးရောင်းခွင့်ပြုခဲ့မှု ယနေ့တိုင်ရှိနေရာ ယင်းပွဲရုံများသို့ ကုန်ပစ္စည်းအတင်၊ အချပြုလုပ်သည့် ယာဉ်ကြီးများ ကား လမ်းမပေါ်တွင် ရပ်နေရမှုများရှိနေသည်။ ပွဲရုံရှေ့ မြောင်းဖုံးပေါ်တွင် ကုန်ပစ္စည်းထားရှိခြင်းမျိုးသည် ၁၂ ဘီး၊ ၁၀ ဘီး ကုန်တင်ယာဉ်များ ကုန်တင်၊ ကုန်ချပြုလုပ်ချိန်တွင် မလွတ်ကင်းဘဲ ရှိနေသည်။ ယခင်ရန်ကုန်မြို့တွင်း လသာ၊ လမ်းမတော်မြို့နယ်အတွင်း ရောင်းဝယ်စဉ်က အခန်းကျဉ်း များတွင် အများစုလုပ်ကိုင်ခဲ့မှုရှိသည်။ ဘုရင့်နောင်ပွဲ ရုံဝင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ချိန်တွင်မှ မြို့ထဲထက်နေရာပိုမို ကျယ်ဝန်းသော်လည်း ရန်ကုန်မြို့လယ်ရှိ လမ်းဘေးစျေးသည် များကဲ့သို့ ပွဲရုံရှေ့ကုန်တင်၊ ကုန်ချပြုလုပ်ရမည့် ယာဉ်ရပ်ရာ နေရာများတွင် စျေးတည်ခင်းရောင်းချမှု၊ ပစ္စည်းစုပုံ ထားရှိမှုများလာသည်။ ယင်းဖြစ်စဉ်များပေါ် မျဉ်းဝါတန်း ရေးဆွဲ၍ တရားဝင်ခွင့်ပြုထားသကဲ့သို့ ရှိနေခြင်း မဖြစ်သင့် ကြောင်း၊ မိမိပိုင်ပွဲရုံခန်းအတွင်း ပစ္စည်းထားရှိ ရောင်းချ မှသာ ယာဉ်များကားလမ်းများပေါ် ပိတ်ဆို့မှုနည်းလာနိုင် မည်ဖြစ်ကြောင်း ၁၂ ဘီး ယာဉ်မောင်း ကိုအယ်ဒီက သုံးသပ်ပြောသည်။

ပွဲရုံဝင်းအတွင်း အချို့သောလုပ်ငန်းလုပ်ကိုင်သူများ တရားဝင်လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်နေရသည့် လုပ်ငန်းကြီးများရှိနေသကဲ့သို့ ရေကြီးရေလျှံမှုဖြစ်စေသည့် ပွဲရုံတိုက်ခန်းအချို့တွင် ရေမြောင်းများ မရှိခြင်း၊ ရေမြောင်း များပိတ်ဆို့နေခြင်းကြောင့် လမ်းသွယ်အချို့ရှိရေမြောင်း များတွင် အနက်နှစ်ပေခန့်ရှိသော ခြင်ပေါက်ပွားရာ ရေအိုင်သဖွယ်ရှိနေဆဲဖြစ်သည်ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အချို့သော နှစ်ထပ်တိုက်ပွဲရုံများတွင် တရားဝင် ခွင့်ပြုချက်မရှိဘဲ အထပ်ပိုဆောက်လုပ်ထားမှုများ မြင်တွေ့ နေရသည်။ ကြုံတွေ့နေရသော အမှားများကို အမှန်ဟု ထင်မြင်နေရာမှ ကာလကြာမြင့်ချိန်တွင် အမှန်ဟု သတ်မှတ်ခြင်းများ ရှိလာတတ်သည်။ ယင်းသို့သော အခြေအနေမှ အမှန်၊ အမှားကို သက်ဆိုင်ရာတာဝန်ရှိသူ များအနေဖြင့် အများပြည်သူအကျိုးအတွက် ခွဲခြား လုပ်ဆောင်မှုမျိုး ယနေ့ကာလတွင် တွေ့ကြုံလာရသည်။

ရန်ကုန်မြို့လယ် လမ်းဘေးစျေးရောင်းချမှု၊ ကုန်တင် ယာဉ်ကြီးနှင့် ကုန်သေတ္တာတင်ယာဉ်ကြီးများ သွားလာမှု ကန့်သတ်ခြင်း၊ သီရိမင်္ဂလာစျေးသစ်နှင့် ကြည့်မြင်တိုင်စံပြ ငါးစျေးတို့တွင် စည်းကမ်းမဲ့စျေးရောင်းချမှုနှင့် ယာဉ် ပိတ်ဆို့နေရာယူခြင်းတို့ကို သက်ဆိုင်ရာက အလေးထား ရှင်းလင်းပေးသည့်အတွက် ယာဉ်သွားလာမှု လွယ်ကူလာ သည့် ရလဒ်များကို ပြည်သူအများခံစားလာရသည်ဟု ခရေလမ်းသွယ်ရှိ ကုန်တင်ယာဉ်ဂိတ်လုပ်ငန်းလုပ်ကိုင်သူ ဦးလှဦးက ပြောသည်။

ဇန်နဝါရီ ၁၆ မှ ၁၈ ရက်အတွင်း ဘုရင့်နောင်ပွဲရုံဝင်း အတွင်း ဥပဒေနှင့်မညီသော လုပ်ငန်းများ ဖယ်ရှား ရှင်းလင်းအရေးယူသည့်အတွက် ပွဲရုံဝင်းနေ အလုပ်လုပ် ကိုင်သူများ ယာဉ်ပိတ်ဆို့မှုလျော့ကျလာမည်။ လက်ရှိ ဖြစ်ပေါ်နေသော အပြုအမူ၊ အလေ့အကျင့်၊ ယူဆချက်များ အမှန်ဘက်သို့ ရောက်ရှိလာနိုင်မည်။ ရရှိလာသော ရလဒ် များ ရေရှည်တည်တံ့ရန် အစဉ်စောင့်ကြည့်အရေးယူမှု သည် အဆိုပါ သုံးရက်ကာလလုပ်ဆောင်မှုထက် ပိုမို အရေးကြီးသည်ဟု ပွဲရုံဝင်းရှိ လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

သို့ဖြစ်ရာ ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်ထိ သုံးရက် အတွင်း ပွဲရုံဝင်းအတွင်း အလုပ်လုပ်ကိုင်ခဲ့သူများ၏ သက်တမ်းတစ်လျှောက် တွေ့ကြုံခဲ့ကြရသည့် အများ အကျိုးပြုမည့် ပွဲရုံဝင်းအတွင်းရှိ ဥပဒေနှင့် မညီသည့် လုပ်ငန်းများ ရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးမှုမှ ထွက်ပေါ်လာမည့် ရလဒ်ကောင်းကို ဆက်လက်တည်တံ့ လာရန် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် လိုအပ်ကြောင်း ပွဲရုံဝင်းအတွင်း လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက သုံးသပ် ပြောသည်။

**မောင်စေအောင်**

# စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဖျာပုံ ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇)ကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင် ဦးစီးမှူးရုံး၌ ကျင်းပရာ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြည်သူများ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ အသုံးအဆောင် ပစ္စည်းများ၊ သတ်မှတ်ထားသည့် အခွင့်အရေး အပြည့်အဝမရရှိသော ဝန်ဆောင်မှုလုပ်ငန်းများအစရှိသည့် စားသုံးသူအခွင့်အရေး ဆုံးရှုံးသည့် ကိစ္စရပ်များအား ဖြေရှင်းပေးနိုင်ရန် မိမိတို့အဖွဲ့အနေဖြင့် အရှိန်အဟုန် မြှင့်ပူးပေါင်းဆောင်ရွက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အထူးသဖြင့် ကျောင်းမုန့်စျေးတန်း၊ စျေးရုံစျေးတန်းနှင့် ဆေးဆိုင်များသို့ လည်း လှည့်လည်ကွင်းဆင်းစစ်ဆေး သွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။ (အောက်ပုံ)

ဆက်လက်၍ ဖျာပုံမြို့မှ စီးပွားရေး လုပ်ငန်းရှင် ကိုယ်စားလှယ် ဦးအောင်ခိုင်ဝင်းက စားသုံးသူ၊ ထုတ်လုပ်သူများ၏ အကျိုးအတွက် ထောက်ပြ သုံးသပ်ဆွေးနွေးခဲ့ပြီး အလားတူ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီး ဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆန်စက်နှင့် ဆန်ကုန်သည်များ အသင်း၊ စားသုံးသူကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ် များ စသည့်ဌာနနှင့်အသင်းအဖွဲ့ များမှ တာဝန်ရှိသူများကလည်း ဆိုင်ရာကဏ္ဍအလိုက် သုံးသပ်ဆွေး နွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**(သပြေထွန်း)**





# မိုးမိတ်မြို့မစျေးအတွင်းရောင်းချနေသည့် ကုန်ပစ္စည်းများအား စစ်ဆေး

**မိုးမိတ် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့မစျေးအတွင်းရောင်းချနေသည့် ကုန်ပစ္စည်းများအား ဇန်နဝါရီ ၁၀ ရက်က စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ပူးပေါင်းအဖွဲ့သည် စျေးအတွင်းရောင်းချနေသော စျေးသည်များ၊ ပုံကျစျေးသည်များအား စားသုံးရန် မသင့်သည့် တားမြစ်ထားသော ကုန်ပစ္စည်းများအား ရောင်းချခြင်းမပြုရန်နှင့် ဘေးကင်းလုံခြုံသည့် အစားအစာ များကိုသာရောင်းချရန်၊ စားသုံးဆီဆိုင်များအနေဖြင့် စားဆီများအား ရောင်းချရာတွင် ရောနှောထားသည့် ဆီများအား ရောင်းချခြင်းမပြုရန်နှင့် ခွင့်ပြုမထားသည့် ဆိုးဆေးများအား အသုံးမပြုရန်တို့ကိုလည်း အသိပညာပေး ဆွေးနွေးခဲ့သည်။

မြို့မစျေးအတွင်းရှိ စျေးဆိုင်များတွင် အရောင်ဆိုးဆေး များအား အသုံးပြု၍ ရောင်းချထားသည်ကို မတွေ့ရသော် လည်း တရုတ်တံဆိပ်ပါ မာလာအနှစ်ထုပ်များ၊ တရုတ် မုန့်များ၊ တရုတ်ကြက်အူချောင်းများ ရောင်းချနေသည့် စျေးဆိုင်များကို တွေ့ရှိရသဖြင့် ရောင်းချသည့် စျေးသည် များအား ဆွေးနွေးပညာပေးခြင်းများ ပြုလုပ်ခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများကလည်း အစားအသောက်ဆိုးဆေးများနှင့် ပတ်သက်သည့် သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

**စည်သူငွေး (မိုးမိတ်)**

(၁၇) ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များညီလာခံ ဂုဏ်ပြုဆောင်းပါး

# လက်သမားနှင့်တူသော တိုင်းရင်းဆေးဆရာ

ကြည်လွင်မြင့်(မုံရွာ)

၂၁ ရာစုမှာ ခေတ်မီတိုးတက်ခြင်းများစွာ အရှိန်အဟုန်နဲ့ဆေးပညာမှာလည်း လူ၊ ခန္ဓာကိုယ် အတွင်းကလီစာတချို့ကို အစားထိုးကုသမှုတွေရှိလာတော့ တိုင်းရင်းဆေးဆရာလေးတွေမှာ မျက်နှာငယ်ကြရပါတယ်။

ချွေးထုတ်ငန်းဆေးကြီးတစ်ခွက်ကို ကွမ်းရွက်ပြုတ်ရည်နဲ့ သောက်ဖို့အတွက် လမ်းထိပ်ကကွမ်းယာဆိုင်မှာ သွားဝယ်ရင် မရောင်းချင်ပါ။ ကွမ်းရွက် သုံးရွက်ဆိုတာ ကွမ်းယာသုံးယာဖြစ်ရင် ငွေတစ်ရာ့ငါးဆယ်၊ နှစ်ရာရနိုင်တာကိုး။ ငန်းဆေးကြီး တစ်ခါသောက်အတွက် ကွမ်းရွက်သုံးရွက်ကို တစ်ရာပေးဝယ်ခဲ့ရတယ်။ တောင်းတောင်းပန်ပန်နဲ့ပေါ့။ နောက်တစ်ခါလာဝယ်ရင်တော့ မရောင်းဘူးလို့ ပြောလွှတ်လိုက်သေးတယ်။

နောက်တစ်ခါများတော့ အဘိုးအဘွားလက်ထက်က သုံးခဲ့တဲ့ ဇာတိလဝင်္ဂငန်းဆေးကြီးကို မသောက် နိုင်တော့ဘူး။ ဒီလမ်းထိပ်ကဆိုင်မှာပဲ ပါရာစီတမော တစ်ပြားတစ်ရာနဲ့ ဝယ်သောက်လိုက်တော့တယ်။

### ရေလဲသုံးရ

တိုင်းရင်းဆေးမှာ 'ရေလဲ' ဆိုတဲ့ အကွန့်က ရှိနေတယ်။ အစာကြေဆေး၊ ချွေးထုတ်ဆေးကို ရေအေးနဲ့ သောက်လို့ မရဘူး။ ရေနွေးနဲ့မှ။ သည့်ထက်အဆင့်မြင့်လာရင် ကွမ်းရွက်ပြုတ်၊ ချင်းပြုတ်၊ ဂျင်း+ထန်းလျက်ပြုတ်၊ ကြပ်ခိုး၊ မြေဇာရွက် စသည်စသည်ဖြင့်ပေါ့။ ဆီးဆေးဆိုရင်လည်း ဆန်ဆေးရည်နဲ့ သောက်၊ သည်းခြေဆေး၊ နှလုံးဆေးတွေဆိုရင်လည်း နံ့သာနှစ်ပါး (နံ့သာဖြူ နံ့သာနီ) သွေးရည်နဲ့စပ်သောက်ခိုင်းတဲ့ ရေလဲတွေ။ ဆေးတစ်ခွက်သောက်ရဖို့ နောက်ဆက်တွဲတွေက များလှတယ်။ တစ်ကြိမ်၊ တစ်နေ့ တစ်ရက်ဆိုရင်တော့ အကြောင်းမဟုတ်ဘူး။ ရောဂါက နာတာရှည်ဆိုရင်တော့ မိသားစုတစ်စုလုံးက ဝိုင်းလုပ်ရတော့ အလုပ်ရှုပ်တယ် ထင်လာကြတယ်။ ခေတ်ပညာတတ် သားသမီးတွေက တိုင်းရင်းဆေးအပေါ် ငြိုငြင်လာကြပါတော့တယ်။

အသားဝါပျောက်ဆေးတစ်ခုကို ငုခေါက်ပြုတ်ရည်နဲ့ သောက်ရမယ်ဆိုတော့ အိမ်နီးချင်း အိမ်တစ်အိမ်မှာ သွားတောင်းပြီး ငုပင်ကအခေါက်ကို ဓားနဲ့ဖွဲ့ယူရတယ်။ တစ်ရက်နှစ်ရက်တော့ ဘာမှ မပြောဘူး။ သုံးလေးရက်ကြာတော့ သူ့ငုပင်သေတော့မယ်ဆိုပြီး အိမ်ရှင်ကနှင်လွှတ်တယ်။ ငေါက်လွှတ်တယ်။ အခေါက်အခွာ မခံတော့ဘူး။

ခက်တာက တိုင်းရင်းဆေးဆိုတာက အပင်ထွက်ပစ္စည်းတွေကို ပိုင်ရှင်မသိဘဲ မယူရဘူး။ လမ်းဘေးက သစ်ပင်က မယူရဘူး။ မြေနိမ့်မှာ ပေါက်တဲ့အပင်၊ လဲနေတဲ့အပင်၊ အပင်သေတွေက မယူကောင်းဘူး။ ဥပဒေသတွေက အများသား။ ပျားစွဲနေတဲ့သစ်ပင်ကို ခုတ်မယူရဘူး။ နောက်ပြီး သုသာန်ကသစ်ပင်ကလည်း မယူကောင်းဘူး။ မိုးကြိုးပစ်ထားလို့ တစ်ခြမ်းသေနေတဲ့ အပင်ကမယူရဘူး။ အရွက်ကြွေအပင်သေက အကိုင်းအခက် အခေါက်က ဆေးဖက်မဝင်ဘူး။ အသီးအရွက်ကို ဆေးဖော်ဖို့ မိုးရာသီမှာ ခူးယူရမယ်။ အကိုင်းအခက်အမြစ်တို့ကို ခြောက်သွေ့တဲ့ရာသီမှာ ယူရတယ်။ တန်ဆောင်မုန်းလပြည့် ညမှာမှ ခူးဆွတ်ရတဲ့ မယ်ဇလီဖူးလို အရာတွေတောင်ရှိသေးတယ်။

### သီလစင်ကြယ်

ဆေးဖက်ဝင် အသီးအရွက် အကိုင်း အပွင့်တွေကို ခူးဆွတ်မယ့်သူကလည်း သီလစင်ကြယ်တဲ့သူ သူတစ်ပါးအသက်သတ်ပြီး အသက်မွေးခြင်းမပြုတဲ့သူ ဖြစ်ရဦးမယ်။ ဒီဆေးပညာဥပဒေသတွေနဲ့ မလွတ်ကင်းတဲ့ ဆေးပစ္စည်းက ထိရောက်တဲ့ အာနိသင်မရှိဘူး။ 'ကတိသစ္စာတည်သောခါဝယ် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏' ဆိုတဲ့ စာကိုကြည့်တဲ့အခါ တွေ့ကရာ နွယ်မြက်သစ်ပင်တိုင်း ဆေးဖြစ်တာတော့ မဟုတ်ဘူး။ ခူးတဲ့ ဆွတ်တဲ့သူ၊ ဆေးဖော်တဲ့သူကလည်း တစ်စုံတစ်ရာ ကတိသစ္စာပြုပြီးမှ ခူးဆွတ်ရမယ်ဆိုတဲ့ သဘောပါနေတာတွေ့ရတယ်။

ရောင်းတန်းဆေးဝါးတွေမှာ တချို့ဆေးတွေက သူ့တို့ဘိုးဘွားလက်ထက်က အစွမ်းထက်ခဲ့ပေမယ့် သားစဉ်မြေးဆက် ရောင်းချလာတဲ့အခါ ချမ်းသာဖို့ ဝိသမလောဘတက်နေသူတွေရဲ့ လက်ထဲရောက်သွားရင် အဆင်အပြင်လှလှ ကြော်ငြာကောင်းသလောက် ဆေးက အစွမ်းမထက်တော့ဘူး။ သူတို့ ဘိုးဘွားလက်ထက်ကလို အာနိသင်မပြတော့ဘူး။ လှပတဲ့ ဆေးထုပ်လေးတွေထဲမှာ 'စေတနာ' လေးပါထည့်ဖို့ လိုသေးတယ်။

### အတုယူ

အနောက်တိုင်းဆေးတွေကတော့ ဒီလိုမဟုတ်ဘူး။ ထုတ်လုပ်တဲ့ 'စံ' ရှိတယ်။ မထုတ်လုပ်မီနှစ်အကြာကြီး သုတေသနပြုခဲ့တယ်။ တိရစ္ဆာန်ကလေးတွေနဲ့ စမ်းသပ်တယ်။ သေချာပြီဆိုမှ ထုတ်လုပ်ခွင့်ရတယ်။ ထုတ်လုပ်တော့လည်း အဆင့်မြင့် စက်ကိရိယာတွေနဲ့ ထုတ်လုပ်ပြီး မှို၊ ပိုးမွှား၊ ရေငွေ့ စတဲ့ ဆေးအာနိသင်ပျက်စီးမဲ့ အရာမှန်သမျှ ကာကွယ်ဖို့ ကြိုတင်စီမံတွက်ချက် ဆောင်ရွက်ထားတယ်။ ဒါကြောင့် စိတ်ချရတဲ့ အခြေအနေ အပြည့်အဝရှိတာမို့ ဆေးပညာတတ်ကျွမ်းတဲ့ဆရာဝန်တွေက သူတို့ လူနာတွေကိုပေးတယ်။ ပေးတဲ့နေရာမှာလည်း တိကျတဲ့ မီလီဂရမ် အလေးချိန်နဲ့ တိကျတဲ့ အချိန်နဲ့ပေးတယ်။ ဒါတွေက အတုယူရမယ့် အရာတွေပဲ။

အင်္ဂလိပ်ဆေးလို့ အလွယ်ပြောနေကြပေမယ့် မမှန်ဘူး။ ဒီဆေးတွေကို တွေ့ရှိ၊ သုတေသနပြု ထုတ်လုပ်ခဲ့တဲ့ ပညာရှင်တွေဟာ အင်္ဂလိပ်၊ ဂျာမနီ၊ အမေရိကန်၊ ပြင်သစ် စသည့်နိုင်ငံပေါင်းစုံက ဖြစ်နိုင်တယ်။ များသောအားဖြင့်တော့ ကမ္ဘာ့အနောက်ခြမ်းနိုင်ငံတွေကဖြစ်လို့ အနောက်တိုင်းဆေးလို့ပြောရင် ပိုမှန်မယ်။ တောနယ်ကလူတွေကတော့ အင်္ဂလိပ်စာတွေနဲ့ရေးထားလို့ အင်္ဂလိပ်ဆေးလို့ အလွယ်တကူ သုံးနှုန်းတာကိုတော့ အပြစ်မယူသင့်ပါဘူး။

အလွန်တိုးတက်နေတဲ့ အနောက်တိုင်းဆေးပညာတွေ စက်ကိရိယာတွေကို ငေးမောကြည့်ရင်းနဲ့ အားငယ်နေတဲ့ တိုင်းရင်းမြန်မာဆေးဆရာလေးတွေအတွက် နေရာမရှိတော့ဘူးလား။ မဟုတ်ပါဘူး။

### လက်သမားနဲ့တူ

တိုင်းရင်းဆေးဆရာတွေဟာ ဘာနဲ့တူသလဲဆိုတော့ သစ်သားနဲ့ အိမ်ဆောက်တတ်တဲ့ 'လက်သမား' နဲ့တူတယ်။ လွှ၊ တူ၊ ဆောက်၊ ကျင်တွယ်၊ ရေချိန်၊ ရွှေဘော်စတဲ့ကိရိယာလေးအနည်းငယ်နဲ့ သူဟာ သစ်သားအိမ်တစ်လုံးဖြစ်အောင် ဆောက်တတ်တဲ့သူ။

ခေတ်မီ အင်ဂျင်နီယာ၊ အာခီတက် ပညာရှင်တွေက ကွန်ကရစ်၊ သံချောင်း၊ သံတိုင်တွေနဲ့ ထုထည် ကြီးမားခိုင်ခံ့တဲ့ တိုက်တာကြီးတွေ တည်ဆောက်နေကြတယ်။ အထပ်ပေါင်းများစွာ မြင့်တဲ့ အဆောက်အအုံကြီးတွေကိုမော့ကြည့်ပြီး သိမ်ငယ်စိတ်ဝင်လာနေသလား။ မြို့ပြရဲ့ မီးအလင်းရောင်တွေကြားမှာ လမင်းကြီးမသာနိုင်တော့ဘူးလားဆိုတာမဟုတ်ပါဘူး။

တကယ်တော့ လူနေထူထပ်လွန်းတဲ့ မြို့ကြီးတွေမှာသာ အထပ်မြင့် အဆောက်အအုံကြီးတွေက လိုအပ်နေတာပါ။ ကျေးလက်တောရွာတွေမှာလို မြေယာလွတ်တွေရှိနေရင် ဘယ်သူကမှ အသက်ရှုမဝတဲ့အထပ်မြင့်တွေ၊ တိုက်ခန်းတွေမှာ မနေချင်လောက်ကြပါဘူး။ လုပ်ငန်းနဲ့ စီးပွားရေးအရနေနေကြရတာတွေပါ။ ချမ်းသာမှုကိုရှေးရှုပြီး အနေအထိုင် ဆင်းရဲမှု ကြပ်တည်းမှုတွေကိုသည်းခံပြီး နေနေကြတာပါ။ နိုင်ငံတစ်နိုင်ငံမှာ လူချမ်းသာ သုံးဆယ်ရာခိုင်နှုန်းက မြို့ပြမှာနေပြီး ဆင်းရဲသား ခုနစ်ဆယ်ရာခိုင်နှုန်းက ကျေးလက်တောရွာတွေမှာပဲနေကြတယ်။

လူလတ်တန်းစားတွေကတော့ မြို့ရောတောမှာပါ မျှပြီးရှိနေကြတယ်။ ဒီလူလတ်တန်းစားနဲ့ တောနယ်နေတဲ့သူတွေအတွက်တော့ တိုက်တာအမြင့်ကြီးတွေ မလိုအပ်ပါဘူး။ တိုက်ဆိုတာ အပူအအေးမမျှတဘူး။ လေဝင်လေထွက်နဲ့ လေအေးစက်မရှိရင် မနေနိုင်ဘူး။ သစ်သားအိမ်ကလေးကတော့ အပူအအေးမျှတတယ်။ လေဝင်လေထွက်ကောင်းရင် လေအေးစက် မလိုဘူး။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့အပြင် ငွေကုန်ကြေးကျသက်သက်သာသာနဲ့ ဆောက်လုပ်နိုင်တယ်။

### လမင်းကြီးက သာဦးမှာ

တိုက်ဆောက်တဲ့အခါ သစ်သားအိမ်ဆောက်တဲ့ လက်သမားဆရာတွေကတော့ အနယ်နယ် အရပ်ရပ်မှာ လိုအပ်နေဆဲပါ။ လက်သမားတွေက သစ်သားအိမ်တစ်လုံးကို ဘယ်လိုဆောက်လုပ်ရမယ်ဆိုတာ သိတဲ့အပြင် မြေခံရက်ရွေးတာတို့၊ တောင်လှည့် မြောက်လှည့်၊ ဘုရားကျောင်းဆောင်ထားရမယ့်နေရာ၊ ခေါင်တိုင် ခေါင်လှည့်၊ ဥရုတိုင် အနေအထား၊ လှေကားတင်ရမယ့်ရက် စတာတွေက အစ ရှေးလူကြီးတွေရဲ့အယူအဆတွေကို သိကြတယ်။ အိမ်ဆောက်ပြီး မခိုက်အောင်၊ စီးပွားတက်အောင် စီမံတတ်ကြရတယ်မဟုတ်လား။

သစ်သားအိမ်လေးတွေ အနယ်နယ်အရပ်ရပ်မှာ တွေ့မြင်နေရသမျှ လက်သမားဆရာလေးအတွက် နေရာမပျောက်ပါ။ လူလတ်တန်းစား ဆင်းရဲသားတွေအတွက် ချွေးသိပ်စရာအိမ်လေးတွေ ဆောက်ပေးမယ့်၊ အခါရွေးပေးမယ့် ဆရာလေးကိုတော့ ရှိနေစေချင်ကြမှာပါ။ ကျေးလက်ကျေးရွာတွင်မက မြို့ကြီးပြကြီးတွေမှာလည်း လျှပ်စစ်မီးမလာတဲ့ညမှာတော့ လမင်းကြီးက သာဦးမှာပါ။

### တိုင်းရင်းဆေး နေရာမပျောက်

လက်သမားဆရာလေးရဲ့အတွေးနဲ့ တိုင်းရင်းဆေးဆရာရဲ့အတွေးက အတူတူပါ။ မြို့ကြီးပြကြီးမှာ အထပ်မြင့်တိုက်ကြီးတွေ မိုးထိနေပေမယ့် နိုင်ငံရဲ့ လူဦးရေ ခုနစ်ဆယ်ရာခိုင်နှုန်းဟာ ကျေးလက်တောရွာနေ ဆေးရုံကြီးတွေနဲ့ အလှမ်းဝေးတဲ့မိသားစုတွေဆိုတော့ လက်လှမ်းမှီရာ ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ်၊ တိုင်းရင်းဆေးဝါးလေးတွေနဲ့ သူတို့ဖြစ်တဲ့ရောဂါကို ကုသဖို့ တိုင်းရင်းဆေးဆရာတွေကို အားကိုးနေကြရဦးမှာပါ။ တိုင်းရင်းဆေးဆရာကလေးရဲ့နေရာကတော့ မပျောက်ပါ။ ပြည်သူလူထုကြားမှာ အကျိုးပြုနေဦးမှာပါ။

---

## FDA ထောက်ခံချက်မပါရှိသည့် ငရုတ်သီးမှုန့်များ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ် FDA နှင့် ပူးပေါင်းအဖွဲ့များက စည်ပင်သာယာရေး ဗဟိုဈေးကြီးအတွင်း FDA ထောက်ခံချက်မပါရှိသည့် ငရုတ်သီးမှုန့်များ ရောင်းချခြင်း ရှိ၊ မရှိကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်ပြီး စားသုံးသူ ကာကွယ်ပေးရေး၊ အများပြည်သူကျန်းမာရေးနှင့် ညီညွတ်စေရန် ဗဟိုဈေးကြီးအတွင်း ရောင်းချနေသော ဈေးဆိုင်များကို Aflatoxin B1 ပါရှိသော အစားအသောက်ထုတ်လုပ်ခြင်းနှင့် ထောက်ခံချက်ရရှိထားခြင်း မရှိသည့် အမှတ်တံဆိပ်ပါ ငရုတ်သီးမှုန့်များ ရောင်းချခြင်း ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်သိန်းက ခွင့်မပြုဆိုးဆေး Aflatoxin B1 များ၏ ဘေးဥပဒ် အန္တရာယ်များအကြောင်းကို ငရုတ်သီးမှုန့် ရောင်းချနေသော ဈေးဆိုင်ပိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**



## မြေပိုင်ရှင်များသို့ မြေယာလျော်ကြေးငွေပေးအပ်

**စဥ့်ကိုင် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုကားဆိပ်ရပ် အမှတ် (၁၄) လုံခြုံရေးတပ်ဖွဲ့ခွဲခန်းမ၌ တပ်ဖွဲ့ပိုင်မြေ ၁၀၄ ဒသမ ၄၇ ဧကအတွက် မြေယာလျော်ကြေးငွေ တစ်ဧကလျှင် ကျပ် ၁၅ သိန်းနှုန်းဖြင့် မူလတောင်သူမြေပိုင်ရှင်များထံသို့ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် ညနေ ၄ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြေယာလျော်ကြေးငွေ ထုတ်ပေးရေးအဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် အမှတ် (၁၄) လုံခြုံရေးတပ်ဖွဲ့ခွဲမှူး ရဲမှူးဇေယျာငြိမ်းတို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ အမှတ် (၁၄) လုံခြုံရေးတပ်ဖွဲ့ ရဲတပ်ဖွဲ့ခွဲပိုင်မြေဧရိယာ ၁၀၄ ဒသမ ၄၇ ဧကတွင် မူလမြေပိုင်ရှင် ၄၅ ဦးရှိသည့်အနက် ယနေ့အခမ်းအနားတွင် ပိုင်ရှင် ၄၄ ဦးတို့၏ မြေဧရိယာ ၉၈ ဒသမ ၅၃ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၁၄၇ ဒသမ ၇၉၅ သန်းကို ပေးအပ်နိုင်ခဲ့ကြောင်းသိရသည်။

**ဖိုးအောင်(စဥ့်ကိုင်)**

## သဒ္ဓါကြည်လင် ပါရမီရှင် ကုသိုလ်ရှင်များသို့ နှိုးဆော်ပန်ကြားလွှာ

၁။ ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ မန္တလေးမြို့တည်၊ နန်းတည် သတ္တဋ္ဌာနစာရင်းဝင် ပိဋကတ်(၃)ပုံကို ကျောက်ထက်အက္ခရာတင်လျက် ပဉ္စမသင်္ဂါယနာတင်ရာ၊ ဓမ္မစေတီတော်များတည်ရာဌာန၊ မန္တလေးမြို့မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေစင်၊ ရွှေဆိုင်းကပ်လှူဒါန်းခြင်းကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလမှ စတင်ပူဇော်ပါမည်။

၂။ သာသနာတော်ကြီးတင့်တယ် အရှည်တည်တံ့စေရေး စောင့်ရှောက်လိုကြသည့် ရပ်နီး၊ရပ်ဝေးမှ ထက်သန်သော သဒ္ဓါရှိသူ ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် အောက်ပါနှုန်းထားများဖြင့် လှူဒါန်းနိုင်ပါသည်။

(က) ရွှေစင်၊ ရွှေမျက်ပါး ရွှေဆိုင်း(၅၀၀)ပါ (၁)စီးလျှင် (၂)သိန်းကျပ်
(ခ) ရွှေစင်၊ ရွှေမျက်ပါး ရွှေဆိုင်း(၃၀၀)ပါ (၁)စီးလျှင် (၁)သိန်း(၂)သောင်းကျပ်
(ဂ) ရွှေစင်၊ ရွှေမျက်ပါး ရွှေဆိုင်း (၂၀၀)ပါ (၁)စီးလျှင် (၈)သောင်းကျပ်
(ဃ) ရွှေစင်၊ ရွှေမျက်ပါး ရွှေဆိုင်း (၁၀၀)ပါ (၁)စီးလျှင် (၄)သောင်းကျပ်
(င) ရွှေစင်၊ ရွှေမျက်ပါး ရွှေဆိုင်း (၅၀)ပါ (၁)စီးလျှင် (၂)သောင်းကျပ်
(စ) ရွှေစင်၊ ရွှေမျက်ပါး ရွှေဆိုင်း (၂၅)ပါ (၁)စီးလျှင် (၁)သောင်းကျပ်

ဆက်သွယ်လှူဒါန်းနိုင် -

**ဦးအောင်ဝင်း(ရုံးအဖွဲ့မှူး၊ ဂေါပကအဖွဲ့)၊ ဖုန်း၀၉-၃၃၃၁၅၁၈၀။**
**ဂေါပကအဖွဲ့(ရုံး)ဖုန်း ၀၉-၇၇၀၃၆၃၀၇၃**

### အထက(ခွဲ)ပျဉ်းမကန် စံပြကျေးရွာ သုံးခွမြို့နယ် ၂၀၁၇ခုနှစ်၊ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်သုံးခွမြို့နယ်၊ အထက(ခွဲ) ပျဉ်းမကန် ကျောင်းသား/သူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အထက(ခွဲ) ပျဉ်းမကန်၌ လုပ်သက်တစ်နှစ်ခွဲနှင့်အထက် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရ သည်ဖြစ်စေ၊ မရသည်ဖြစ် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်နှင့် ကျောင်းသား/သူဟောင်းများ အလှူငွေပါဝင်လှူဒါန်းကြပါရန်နှင့် မြတ်ဆရာ ပူဇော်ပွဲသို့ တက်ရောက်ပူဇော်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-

| | | |
|---|---|---|
| ဦးသိန်းစိုး | ဖုန်း၀၉-၄၂၀၂၃၂၅၆၆ | အချိန်-ညနေ(၂း၀၀)နာရီ |
| ဦးသိန်းကျော် | ဖုန်း-၀၉-၂၅၄၃၂၃၀၃၆ | နေ့ရက်-၂၉-၁-၂၀၁၇ |
| ဒေါ်ခင်ဝင်းညို | ဖုန်း၀၉-၄၉၂၃၁၃၀၅ | နေရာ-အ. ထ. က(ခွဲ)ပျဉ်းမကန် |
| ဒေါ်ညွန့်ညွန့်ခိုင် | ဖုန်း၀၉-၄၂၀၀၉၃၄၃၈ | |
| ဒေါ်မြင့်မြင့်စန်း | ဖုန်း၀၉-၇၉၆၇၅၀၄၅၆ | |
| ဒေါ်ကြည်ကြည်မာ | ဖုန်း ၀၉-၇၉၆၅၀၃၃၂ | |

### ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၁၂-၂-၂၀၁၇ရက်၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမ၊ SSC ဆေးရုံကြီးရှေ့၊ ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေး မြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသား များနှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်ဘိုးဘွားများနှင့် ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် ၅-၂-၂၀၁၇ရက် နောက်ဆုံးထား၍ ဦးစိန်မြင့် ၀၉-၅၀၂၉၆၂၆၊ ဦးသိန်းလွင်-၀၉-၃၃၀၅၁၆၃၆၊ ဦးခင်စိုး-၀၉-၈၆၀၁၅၀၂၊ ဦးဝင်းမော်ဦး-၀၉-၄၀၁၅၂၃၂၃၆၊ ဦးခင်မောင်ဦး-၀၉-၄၅၀၀၄၁၅၆၅ တို့ထံ ဆက်သွယ်စာရင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့၊ ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)**







### ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၁၉-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ အာဇာနည်လမ်း၊ ပြန်ကြားရေးဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပပါမည်။ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ခံအသင်းဝင်များနှင့် ၂၀၁၆ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်များ၏ သား၊ သမီးများသည် ၁၂-၂-၂၀၁၇ရက် နောက်ဆုံးထား၍ အထောက်အထားများဖြင့် ဒေါက်တာဦးမောင်မောင်မြင့် ဖုန်း-၀၁-၅၅၄၀၆၇၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်(ငြိမ်း)၀၁-၅၂၄၈၅၇၊ ဦးအောင်ကြည်မိုး ၀၉-၂၆၁၆၂၁၂၀၉၊ ဦးသိန်းနိုင် ၀၉-၅၁၇၈၂၉၀၊ ဦးမြငွေ-၀၉-၅၁၄၁၇၀၈တို့ထံ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။ အသင်းဝင်များနှင့် ချောက်မြို့နယ်သူ/သားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**



MAEX
MYANMAR AGRO EXCHANGE PUBLIC LTD.
မြန်မာ အက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက်







# အစုရှယ်ယာများစတင်ရောင်းချကြောင်းကြေညာခြင်း

မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက် (Myanmar Agro Exchange Public Limited )(MAEX) ကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၇၈၉ /၂၀၁၅ - ၁၆ (ရန်ကုန်)ဖြင့်အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက်သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ တည်းကုန်းတွင် နိုင်ငံတကာ အဆင့်မီ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် လက်လီ လက်ကား ဈေးသစ်ကြီးအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မီတီနှင့် အကျိုးတူပူးပေါင်းတည်ဆောက် ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းလည်ပတ်ရန် ရည်ရွယ်ထားပါသည်။

မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက် အနေဖြင့် အများပြည်သူများသို့ အစုရှယ်ယာများကမ်းလှမ်းရောင်းချခွင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေး သက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက် ရက်စွဲပါ စာအမှတ် - ကော်မရှင် ဈေးကွက်ကြီးကြပ် / ၅၇/ ၁၆ - ၁၇ ဖြင့် ရောင်းချခွင့်ရရှိထားပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူအများပြည်သူများအား အစုရှယ်ယာ တစ်စုလျှင် (၁၀၅၀၀) ကျပ်နှုန်းဖြင့် အစုရှယ်ယာပေါင်း ( ၅၀၀၀၀၀ ) အား ( ၁၆ - ၁ - ၂၀၁၇ ) ရက်နေ့မှ ( ၁၀-၂-၂၀၁၇ )ရက်နေ့ထိ ရောင်းချ ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ကို လေ့လာနိုင်ရန်နှင့် အစုရှယ်ယာ ဝယ်ယူရန် လျှောက်လွှာပုံစံများအား အောက်ဖော်ပြပါ ငွေချေး သက်သေခံ လက်မှတ် ကုမ္ပဏီများတွင် ထုတ်ယူလျှောက်ထား ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကုမ္ပဏီအမည် - **KBZ Stirling Coleman Securities Company Limited**
လိပ်စာ - Strand Square အမှတ်၅၃၊ ကမ်းနားလမ်း၊
ပန်ဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၃၀၇၀၇၈

ကုမ္ပဏီအမည် - **AYA Trust Securities Company Limited (AYA Trust)**
လိပ်စာ - အမှတ် (၄၁၆)၊မဟာဗန္ဓုလလမ်း နှင့်မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၈၆၂၅၈၊ ၃၈၆၂၅၉

ကုမ္ပဏီအမည် - **CB Securities Limited**
လိပ်စာ - Union Financial Centre၊မဟာဗန္ဓုလလမ်း နှင့်သိမ်ဖြူလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၁-၈၆၁၀၃၀၉ ~ ၁၃

ကုမ္ပဏီအမည် - **Myanmar Securities Exchange Centre Company Limited**
လိပ်စာ - အမှတ် (၂၁-၂၅)၊ ဆူးလေဘုရားလမ်း၊ ပထမထပ်၊ မြန်မာ့စီးပွားရေးဘဏ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၈၆၄၇၊ ၃၇၄၈၉၄

ကုမ္ပဏီအမည် - **KTZ Ruby Hill Securities Company Limited**
လိပ်စာ - Union Financial Centre ခုနစ်ထပ်၊ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၈၆၁၀၄၈၀

**ဒါရိုက်တာအဖွဲ့**
**မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)**

အခန်း (၀၄-၀၃)၊ ၄ လွှာ၊ ဘလောက် (အေ)၊ ဒဂုန်စင်တာ (၁)၊ အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၁၄၂၂၆၊ ၅၀၃၉၂၈ ၊ ၅၀၃၉၂၉

# အထူးဝမ်းမြောက်ဂုဏ်ယူစွာ ကြည်ညိုဂုဏ်ပြုအပ်ပါသည်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးအခါတော်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ အမှတ်စဉ်(၁) အရ နိုင်ငံတော်သမ္မတကြီးက **သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော်ကြီး**အား နိုင်ငံတော်၏ **သာသနာရေးဆိုင်ရာအမြင့်ဆုံးဘွဲ့ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့**တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူခဲ့သည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် ဆရာတော်ကြီး အသက်ရာကျော်ပြီး သာသနာပြုလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နိုင်ပါစေ။

**သီတဂူမေတ္တာစက္ခုဒါနဆေးရုံကော်မတီ**

သံတွဲမြို့



သန်းဒွေးနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
✿ မန်းရွှေစက်တော် ပါဒြေတော်ရာပွဲတော်သို့ ...(30-1-2017) ထွက်မည်
✿ မြတ်မော်တင်စွန်း ဘုရားပွဲတော်သို့ ....(10-2-2017) ထွက်မည်
✿ ရွှေစက်တော်၊ ဇက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန် (၂/၃)ရက်။
✿ ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး စွယ်တော်လေးဆူ (၅)ရက်။
✿ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘာတောင် (၅)ရက်။
✿ ရွှေစက်တော်၊ ရခိုင်-မြောက်ဦး ကျောက်တော်၊ စစ်တွေ၊ ငပလီ ကမ်းသာယာ(၇)ရက်။
✿ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၄)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ (၅)ရက်။
✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံလုံ၊ ထမ်စမ်း (၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။
✿ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်ဒိမ်းဇော် (၃)ရက်။
✿ ထားဝယ်၊ ရွှေကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက်ဒမီ၊ စက်ဝဲ(၅)ရက်။
✿ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ဝဲ၊ (ကျိုက်ထီးရိုး)ပါ (၂/၃)ရက်။
✿ လှုနိမြည်တော်မြင် ✿ နေပြည်တော် ✿ ပြည်-အကောက်တောင် ✿ မဲလဲဆိတော်ရှင် (နေ့ တနင်္ဂနွေ)
အတင်ဝင် သော်ကြားနေ့တိုင်း ထွက်မည်
အမှတ်(၄၂)၊ ရွှေဘုံသာလမ်း။ Ph: 01-380141, 01-241863, 09-43043109, 09-73251422



GOLDEN LIGHT 09-421099405, 09-43197550 09-252225772, 09-263434391
ရွှေစက်တော်ဖွင့်ပွဲ မကွေး-ပြည်-အကောက်တောင် ............(၂/၃-ရက်) Jan-30/31/3
ရွှေစက်တော်-ပုဂံ-ညောင်ဦး-ပုပ္ပါး/ရွှေစက်တော်-အလောင်းတော်ကဿပ ......... Jan-27/3
တောင်ကြီး၊အင်းလေး၊ပင်းတယ၊မိန်းမရိုတောင် (၃/၄)ရက် Guest. 70000/Motel. 85000
အလောင်းတော်ကဿပ(သီးသန့်) -45000/မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ Guest. 75000
ပုဂံ၊ညောင်ဦး၊ပုပ္ပါး၊ဝဍ္ဍူး(ရုံးခွင့်ယူရန်မလို) ............................. (အတင်ဝင်) Hotel- 75000
မန္တလေး၊ပြင်ဦးလွင်၊ဒီးဒုတ်(ရေပြာအိုင်)(ရုံးခွင့်ယူရန်မလို) .............. (အတင်ဝင်) Hotel- 75000
ဘားအံ(၅)ဂူ/တောင်ပိုင်း(နေ့ချင်းပြန်) 35000



ငါးပုစွန်များမှ သဘာဝ အတိုင်းထုတ်လုပ်ထားပါသည်။ ကျိုချက်သန့်စင်ပြီး အသင့်စားသုံးနိုင်ပါသည်။
အောင်
အရသာအထူးကောင်းမွန်သော ရှာ့(ငံပြာရည်ဖစ်ဖစ်)
A
တစ်ဆင့်ပြန်လည်ရောင်းချလိုသူများနှင့် နယ်မှမှာယူလိုသူများ ဆက်သွယ်နိုင်ပါသည်။ ဖွဲ့စီသာ/ဝဝစီသာ ပုံများလဲ မှာယူနိုင်ပါသည်။
ဖြန့်ချိရေး။ ။ ရတနာ့အောင် ဆန်ရောင်းဝယ်ရေး
Ph:09-793 370 663, 09- 312 939 04



KING STAR ဖုန်း- 09 73049700 09 263113229
အောက်ပါဘာသာရပ်များလည်း အဆင့်ဆင့်သင်ကြားနိုင်ပါသည်။
ကွန်ပျူတာအတတ်သင် 30000Ks
သင်တန်းကာလ(တစ်လခွဲ)
အမှတ်(၁၁၈)၊(၃၈)လမ်း၊ မြေညီ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ကျွမ်းကျင်မှုကို အလေးထား သင်ကြားပေးပါသည်။
✔Internet-12000Ks
✔i-Office 2010
✔D.T.P
✔Graphic Design
✔A+ Hardware
အချိန်ညှိနိုင်းပေးပါသည်။



ဂျပန်နိုင်ငံသို့ပညာတော်သင် (ဂျပန်ဘာသာစကား)
(တက္ကသိုလ် - ကောလိပ် - ဂျပန်ဘာသာစကားကျောင်း)
ပညာတော်သင်သွားနိုင်သောကာလ - JULY, OCTOBER, APRIL
January လပိုင်း Term မကြာမီစတင်ပါမည်။
※(23 January , 2017)
Elementary Class နှင့်အခြား
◆ Mon.Wed.Fri - Class
◆ Tue.Thur - Class
မနက်ပိုင်းနှင့် နေ့လည်ပိုင်းအတန်းများ အသီးသီးရှိပါသည်။
- တိုကျိုမြို့ရှိကျောင်းများသို့ စိတ်ချယုံကြည်စွာဖြင့် ပညာတော်သင်သွားနိုင်ပါသည်။ ၂၀၁၆ ခုနှစ်အထိ ပညာတော်သင် ကျောင်းသားအယောက်(800)ကျော်ပို့ဆောင်နိုင်ခဲ့ပါပြီ။
- Myanmar Logos ကျောင်းသားများအတွက် လိုအပ်သော အကူအညီပေးနိုင်ရန် Takadanobaba မြို့တွင်ဆွေးနွေးနိုင်သော ရုံးခန်းဖွင့်လှစ်ထားရှိပါသည်။


TEL: 01-558395,01-559534 AM 9:00 ~ PM 4:00
ADDRESS: NO.801,8FLOOR,YUZANA CONDORE TOWER,KOHMINKOHCHIN ROAD, BAHAN TOWNSHIP,YANGON.
MYANMAR LOGOS JAPANESE LANGUAGE CENTRE



CCTV လုံခြုံရေး ကင်မရာ တပ်ဆင်ပေးခြင်း
"4CH ၄ လုံး တစ်စုံ"
"ရုပ်နှင့်အသံ ကို ဖုန်း ဖြင့် စောင့် ကြည့်နိုင် ခြင်း"
"200000 ks"
"4CH 1.0M= 270000 ကျပ်"
"4CH 2.0M= 310000 ကျပ်"
"8CH 1.0M= 430000 ကျပ်"
"8CH 2.0M= 510000 ကျပ်"
1TB HDD
HDCVI
Finger Print
"၂၇၀၀၀၀ ကျပ်"
360 အသံ ကင်မရာ
spy camera
|Link to Link|
အမှတ်၄၅၊A-21,ဈေးကြီးလမ်း၊ကြည့်မြင်တိုင် မြို့နယ်၊ရန်ကုန် 09-78000 2014,09-78000 2017


## ကန့်ကွက်နိုင်ပါသည်

"ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက်၊ သစ္စာလမ်းသွယ်(သစ္စာလမ်းမရတ်) တိုက်အမှတ်(၂၁ဂ) အကျယ်အဝန်း (၁၈ပေ×၄၀ပေ)၊ (၄)လွှာ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ ကိုယ်ပိုင်ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံး" (မြေညီထပ်အပါအဝင် တတိယထပ် တိုက်ကိုချက်နှာမှလျှင်ဘယ်ခြမ်း)

အထက်ပါတိုက်ခန်းကိုတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးနိုင် (၁၂/ကမတ(နိုင်)၀၂၆၅၃) ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုမွန်(၁၂/ဒဂတ(နိုင်)၀၀၉၇၇၁) ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့်ကန့်ကွက်လိုပါကခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ- **ရလပ်မှင့် အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီ**

ဦးမြင့်သန်း( LL.B ) ဒေါ်သိန်းလိုင်( LL.B ) ဒေါ်သက်ထားဆွေ( LL.B ) အမှတ်(၅၅/၅၆) ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက် တရားလွှတ်တော်ရှေ့နေ( ၆၉၆၃ )အထက်တန်းရှေ့နေ( ၃၈၅၅၀ )အထက်တန်းရှေ့နေ( ၄၂၈၉၉ ) မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉ ၅၇၇၅၀ ၁၅၀၀

(ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားကို အသက်နှင့်ထပ်တူအာမခံပါသည်။)

"လုံးချင်း၊ မြေကွက်၊ တိုက်ခန်း၊ ကွန်ဒို များအား (ရောင်း/ငှား) လိုပါက ဆက်သွယ်အပ်နှံနိုင်ပါသည်။"

**Innlay Lover** Travels & Tours
အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| • တောင်ကြီး၊ အင်းလေး၊ ထီးစဲခါး ရှာင်၊ ကက္ကူ၊ ထမိုစမ်း | Jan-27, Feb-10,24 Mar-10,17,24 | 135,000 Ks |
| • ပုဂံ၊ ဓွယ်တော်(၄)ဆူ၊ ပြည်(၅)ပြည် ပုပ္ပား၊ ပခုက္ကူ (၂ညအိပ်-၃ရက်) | Feb - 3, Mar-3,17 | 100,000 Ks |
| • ပြင်ဦးလွင်၊ မန္တလေး၊ မုံရွာ၊ အလောင်းတော်ကဿပ | Jan-20, Feb-9,17 Mar-3,17 | 135,000 Ks |
| • ထားဝယ်၊ရှင်ကိုးရှင်၊ မောင်းမကန် | Jan-20,Feb-3,10,17 Mar-3,24 | 135,000 Ks |
| • မြဝတီ မဲဆောက်(၂ညအိပ်-၃ရက်) | Jan-28, Feb-25 | 120,000 Ks |
| • ချင်း-နတ်မတောင်၊ မကွေး | Mar-17 | 165,000 Ks |
| • ရွှေစက်တော်၊ မကွေး၊ ပြည် (၂ညအိပ်-၃ရက်) | Feb-3,17,24, Mar-10,24 | 75,000 Ks |

အဆင့်မြင့်ဟိုတယ်၊ သန့်ရှင်းလတ်ဆတ်သောစားသောက်ဆိုင်၊ ခရီးသွားအာမခံ၊ Guide Service ပါပြီး။
Call us: 09-4210 30 814, 09-5010851, 09-97 925 2020, 09-97 925 2121, 09-2636 95 301,

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
Hot Line - 01-200952
**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
ဖေဖော်ဝါရီလအထူးPromotionခရီးစဉ်ကြီး – 2,16,21
(၁၅)ရက် – (၁၂၅)သိန်း အစား {၁၀.၉} သိန်း
(၈) ရက် – (၁၁.၅)သိန်း အစား {၈.၉} သိန်း
(၁၅)ရက်ခရီး - Mar - 9,11,14,18,21,25 /April - 1,8
(၈)ရက်ခရီး - Mar - 2,16 /April - 11,20
ကြော်ငြာထားသည့်ခရီးစဉ်များ အပြောင်းအလဲမရှိထွက်ရှိပါမည် အထူးဈေးနှုန်းများသည် ဇန်နဝါရီလအတွင်းသာ
ဝန်ဆောင်မှုအပြည့် ဈေးနှုန်းအသက်သာဆုံး ဘုရားဖူးချင်သူများအတွက် အဖိုးငွေကြေးလုံးဝထပ်ဆောင်ထားခြင်းမရှိ တိတိကျကျစရိတ်ငြိမ်း (၁၆)ဦး(၁)ဦးအခမဲ့ (၁၀)ဦးလျှင်(၁)ဦး (၅%) အပတ်စဉ် အင်္ဂါ၊ စနေ နေ့တိုင်းထွက်ရှိပါမည်။
ရုံးချုပ် - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ရန်ကုန် - ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေး - ၀၂- ၂၄၅၄၀ ၊ ၀၉- ၇၇၈၈၂၂၂၅၀ တောင်ကြီး - ၀၈၁-၂၀၀၁၇၇ ၊ ၀၉- ၇၇၈၈၂၂၂၄၀

CALIFORNIA UNITEC
Institute of Engineering
Edinburgh Napier UNIVERSITY
2017 January Intake အတွက် ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။
- ၁၀ တန်းအောင်၊ ND (National Diploma) Level 3 အောင်၊ GCE "O" Level အောင်၊ တက္ကသိုလ် ပထမနှစ် ⟶ Civil Engineering Foundation Course
- GCE "A"Level၊ တက္ကသိုလ် ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် ⟶ HND (Level 4) ⟶ HND (Level 5)
- HND နှင့် B.Tech အောင်မြင်ပြီးသူများ ⟶ B.Eng (Hons) Civil Engineering (Edinburgh Napier University – UK)
- B.Eng (Hons) Civil Engineering Program အတွက် Edinburgh Napier University မှ Professor ကြီးများကိုယ်တိုင် လာရောက်သင်ကြားမည်ဖြစ်ပါသည်။
  - B.Eng (Hons) Civil Engineering Course တက်ရောက်နေစဉ်အတွင်း Internship Program များလုပ်ဆောင်ရမည်ဖြစ်ပါသည်။
  - ပြည်တွင်းရှိ Site များအပြင် ပြည်ပနိုင်ငံများဖြစ်သော (Thailand, Singapore, Malaysia, Australia) နိုင်ငံများရှိ Site များသို့လည်း သွားရောက်လေ့လာနိုင်ပါသည်။
  - Student Exchange Programme အနေဖြင့် Edinburgh Napier University သို့သွားရောက်နိုင်ပါသည်။
  - B.Eng (Hons) Civil Engineering ဘွဲ့အတွက် Graduation Ceremony ကို Edinburgh Napier University (UK) တွင်လည်း တက်ရောက်နိုင်ပါသည်။
  - Edinburgh Napier University မှ Learning Teaching Assessment များအသုံးပြုနိုင်ပြီး Library Access များလည်းရရှိမည်ဖြစ်ပါသည်။

ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40
www.facebook.com/californiaunitec

DADDY Jan- 20,27 Feb- 3,4,10, 11,17,18,24,25
Ph: 09 448001903

ခရုံမြို့သစ်
အငှားပိုင်း
သိမ်တပ်မြို့နယ်
ထောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620




သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကြော်ငြာ


GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ကားအငှားလုပ်ငန်း
ခရီးစဉ် အမျိုးမျိုးအတွက်
ကားများကို စျေးနှုန်းညှိနှိုင်း၍
ငှားရမ်းနိုင်ပါသည်။
09 50 93674

FORWARD
(YGN) Travel & Tour Co., Ltd
ကျိုက်ထီးရိုး/ချောင်းသာ
(နေ့စဉ်) (နေ့စဉ်)
09259259180
09259259181
09259259182

GOLDEN CITY မှ ချောင်းသာ (နေ့စဉ်)
* ရွှေစက်တော်(သံသန့်)ပုဂံ၊ပုပ္ပါး၊မုံရွာ၊အလောင်းတော်ကဿပ (Jan - 30/31)
* တောင်ကြီး၊အင်းလေး၊ပင်းတယ၊တုံလုံ၊ထမ်စမ်း၊မှော်တော်-ကတ္တူ
* ပုဂံ၊ညောင်ဦး၊ပုပ္ပါး၊စွယ်တော်လေးဆူ
* မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ
09-454466958,09-450765726,09-781076743

ရွှေပုံသား
Package(35000)
Package(45000)
Package(55000)
(15000)
Ph:09425334456,09252606649,0949323965







# ကြော်ငြာ


## ရူပဗေဒကျောင်းသား/သူဟောင်းများ ၏
## ပဌမ အကြိမ်မြောက် အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲ

ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ၊ ဗိုလ်တထောင်နယ်မြေ၊ ကြည့်မြင်တိုင်နယ်မြေ တို့နှင့်တကွ နိုင်ငံအဝန်းရှိ တက္ကသိုလ်များတွင် ရူပဗေဒဘာသာရပ်ကို ၁၉၉၁ ခုနှစ်တွင် စတင်သင်ယူခဲ့ကြပြီး ၁၉၉၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ပင်မသို့ ဆက်လက် ပညာဆည်းပူးခဲ့ကြသော ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၂-၁-၂၀၁၇ ခုနှစ် (စနေနေ့) တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် သူငယ်ချင်းများမပျက်မကွက် တက်ရောက်နိုင်ရန်အတွက် အသိပေးဖိတ်ကြားအပ်ပါသည်။

- ဆရာကန်တော့ပွဲ - ရန်ကုန်တက္ကသိုလ်မွှာရုံ (လှည်းတန်းလမ်းဆုံ) ကမာရွတ်မြို့နယ်။
- နေ့ရက်၊ အချိန် - ၂၂ - ၁ - ၂၀၁၇ (စနေနေ့) ၊ ညနေ ၃း၀၀ နာရီ မှ ၅း၀၀ နာရီအထိ
- ညစာစားပွဲ အချိန် - ညနေ ၆ း ၀၀ နာရီ မှ ၉ း ၀၀ နာရီအထိ ၊ TG Bar (ရွှေဂုံတိုင်၊ ကမ္ဘာအေးဘုရားလမ်းမ)

facebook page = physicsyangonuniversity1991.2000 (facebook acc.= physics.yangonuniversity)

ဆက်သွယ်ရန်ဖုန်း - 19912000
ကျော်သန်းမိုး - ၀၉ ၂၅၄၆ ၂၀၈၆၅
ခင်မိုးမိုးစီ - ၀၉ ၅၁ ၆၀၆၁၅
ဝင်းမောအေး - ၀၉ ၂၅၄၃၄၇၃၃၇
ရွှေစင်ဝင်း - ၀၉ ၅၀၀၅၁၃၈



ezStay မှတစ်ဆင့် တည်းခိုလိုက်ပါ။
ရန်ကုန်၊ ချောင်းသာ၊ ငပလီ၊ အင်းလေး၊ ကလော၊ ပုဂံ
၂၀% အထူးလျှော့ဈေး
ဖုန်း - ၀၉၇၈၇၈၈၀၄၈၄



ကားစီးလုံးငှားသည်။
AC-Express (45,33,25), အံ့စာတုန်း(14) ယောက်စီး
Hiace (9-7ယောက်စီး)၊ Alphard, Crown ,Mark II(ရှင်း)
ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။ မြို့တွင်း / မြို့ပြင်
Ph:09-252522200, 09-252522201, 09-5089800





## လွန်တော်မူပြီးသော ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တသုစိတ္တာဘိဝံသ မဟာထေရ်မြတ်ကြီး၏ (၁)နှစ်ပြည့် ဂုဏာနုဿရဏာပူဇာဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ ရွှေဟင်္သာတိုက်သစ် ဆရာတော်ကြီး၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် (ရွှေကျင်) ရွှေဟင်္သာ ဝံသာဓိပတိမဟာနာယက၊ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုစိတ္တာဘိဝံသ (သ-စ-အ-ဓမ္မာစရိယ) မဟာထေရ်မြတ်ကြီး၏ လွန်တော်မူသော တစ်နှစ်ပြည့် ဂုဏာနုဿရဏာ ပူဇာမှတ်တမ်း ကမ္ပည်းကျောက်စာနှင့် ရုပ်တုတော်ဖွင့်လှစ်ပူဇော်ပြီး ပင့်သံဃာတော်များအားလည်း ဆွမ်းသက်န်းစသော လှူဖွယ်ဝတ္ထုများကို လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ (၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်) ၂၂-၁-၂၀၁၇ ရက် (စနေနေ့) နံနက် ၉နာရီတွင် အခမ်းအနားများ စတင်ပါမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ရပ်ဝေး၊ ရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများနှင့်**
**ဆွေတော်မျိုးတော်များ**

## (၆) နှစ်ပြည့် ဆွမ်းကျွေးတရားနာ အလှူဖိတ်ကြားခြင်း

ဆရာကြီး Dr. ခိုန်ထွန်း Ph.D (Phy. CSci, FInstP ဌာနမှူး(ငြိမ်း) (ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်) ကွယ်လွန်ခဲ့သည်မှာ (၆) နှစ်ပြည့်မြောက်မည်ဖြစ်ပါသောကြောင့် (၂၂.၁.၂၀၁၇) (စနေနေ့)တွင် ဆရာကြီး၏ ကျေးဇူးများကို ရည်စူး၍ တပည့်သားသမီးများမှ ဆွမ်းကျွေးတရားနာ အလှူတော်မင်္ဂလာပြုလုပ်မည် ဖြစ်ပါသည်။ ဆရာကြီး၏ ဆွေမျိုး မိတ်ဆွေအပေါင်းနှင့် ဆရာကြီး၏ တပည့်များအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

- နေ့ရက် - ၂၂ - ၁ - ၂၀၁၇ (စနေနေ့)
- အချိန် - နံနက် ၉ း ၃၀ နာရီ မှ နံနက် ၁၁ း ၃၀ နာရီ အထိ
- နေရာ - ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် (စွယ်တော်ဘုရားရှေ့) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ဆက်သွယ်ရန် - Dr. သန့်ဇင်နိုင် 09 254620865


GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်(၆၉)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂မြောက်၊ မြေကွက်အမှတ်-၁၉၄/ခ၊ မြေကွက်တည်နေရာအမှတ်-၁၉၄/ခ၊ ထူပါရုံလမ်း၂၀၊ ၂မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဦးပြုံးချို(CA-၀၅၁၅၄၅)၊ ၂။ ဒေါ်တင်သန်း(MGE-၀၁၇၃၇၃) နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးပြုံးချို(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်ဒေါ်ခင်ရင်(ခ)ဒေါ်တင်သန်း[၁၂/သကတ(နိုင်)၁၀၆၈၁၆](MGE-၀၁၇၃၇၃)မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁၇-၁၁-၂၀၁၆ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၃၃၀၆/၂၀၁၆)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ဂရန်မူရင်းတို့တင်ပြပြီး ဒေါ်ဒေါ်ခင်ရင်(ခ)ဒေါ်တင်သန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၉၀၉/၂၀၁၃) ၁၆-၁၂-၂၀၁၃ ရသူ ဦးထွန်းထွန်းနိုင်[၁၁/စတန(နိုင်)၀၅၃၁၂၀]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



# ရန်ကုန်မြို့၌ ဘတ်စ်ကားလိုင်းများ စနစ်သစ်ဖြင့် ပြောင်းလဲပြေးဆွဲ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိဘတ်စ်ကား ယာဉ်လိုင်းများကို စနစ်သစ်ဖြင့် စတင်ပြောင်းလဲ ပြေးဆွဲရာ ကားမှတ်တိုင်များတွင် စေတနာ့ဝန်ထမ်း များနှင့် ခရီးသွားပြည်သူများ ပြည့်နှက်နေသည်ကို တွေ့ရသည်။ ယာဉ်လိုင်းစနစ်ပြောင်းလဲခြင်း ကြောင့် သွားလာရေးခက်ခဲသည့် ပြည်သူများ ကလည်း ၎င်းတို့သွားမည့် ခရီးလမ်းကြောင်းများကို စေတနာ့ဝန်ထမ်းများကို မေးမြန်းကြသည်။

"စေတနာ့ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်ကို လေးစားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ပြောင်းလဲလာတဲ့ စနစ်သစ်ကို ကျွန်တော်တော့ သဘောကျတယ်။ လောလောဆယ်တော့ ဒုက္ခတော့ ရောက်တာပေါ့။ ဒါပေမယ့် ဘာကြောင့် သဘောကျလဲ ဆိုရင် အရင်လိုမဟုတ်ဘဲ ပိုပြီးတော့ စည်းကမ်းရှိ လာမယ်လို့ မြင်တယ်" ဟု YBS ယာဉ်လိုင်းနံပါတ် (၇) ဖြင့် လိုက်ပါလာသူ ခရီးသည်တစ်ဦးက ပြောသည်။

အများပိုင်ယာဉ်လိုင်းစနစ်သစ် YBS ဖြင့် ပြောင်းလဲပြေးဆွဲရာတွင် ပြည်သူများအဆင်ပြေ စေရန် ခရီးသည်ပို့ဆောင်ရေးယာဉ်ကြီးများ၊ ကိုယ်ပိုင်ယာဉ်ရှိသူများကလည်း အခမဲ့ဝင်ရောက် ပြေးဆွဲပေးကြသည်။ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အနေဖြင့်လည်း ယာဉ်လိုင်းများကို မိနစ်မခြား အဆက်မပြတ်ဝန်ဆောင်မှုပေးရန် ညွှန်ကြားထားပြီး တွေ့ဆုံရင်ဆိုင်ရမည့် အခက်အခဲများကိုလည်း အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားထားသည်။

"အရင်တုန်းက ပြိုင်မောင်းတဲ့ စနစ်သုံးတယ်။ ကိုယ်ရကိုယ်ယူစနစ်နဲ့။ အခုဟာကတော့ ကိုယ်ရ ကိုယ်ယူ စနစ်မဟုတ်ဘူး။ ပိုက်ဆံပိုတောင်းတဲ့ စနစ်မရှိဘူး။ ၆ နာရီကျော်လို့ အောက်ဆိုက်ဆိုတာ မရှိဘူး။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**❐



ရန်ကုန်မြို့၌ ဘတ်စ်ကားလိုင်းစနစ်သစ် စတင်ပြောင်းလဲပြေးဆွဲသည့် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ဆူးလေဘုရားလမ်းရှိ ကားမှတ်တိုင်၌ ယာဉ်လိုင်းရွေးချယ်စောင့်ဆိုင်းနေသည့် ခရီးသည်များကို တွေ့ရစဉ်။ ငွေအောင်(ကြေးမုံ)



# မြန်မာနိုင်ငံ၏ အထင်ကရနေရာများ၌ နိုင်ငံတကာမီးပုံးပျံ စီးနင်းပျံသန်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံအနေဖြင့် နှစ်သက်ဖွယ်ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ထိန်းသိမ်းစောင့်ရှောက်ထားရှိခြင်း၊ ယဉ်ကျေးပျူငှာပြီးညှော့ဝတ် ကျေပွန်ခြင်း၊ တိုင်းရင်းသားပေါင်းစုံတို့၏ စိတ်ဝင်စားဖွယ်ရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု ဓလေ့စရိုက်များရှိခြင်း၊ သဘာဝအတိုင်းတည်ရှိသော တောတောင်ရေမြေ၊ ပင်လယ်ကမ်းခြေအလှအပများ ပိုင်ဆိုင်ထားရှိခြင်း တို့ကြောင့် သွားရောက်လည်ပတ်ရန် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံ အဖြစ် ထင်ရှားလျက်ရှိသဖြင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့**❖

# အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ဇန်နဝါရီ ၂၃ ရက်တွင် မဲခွဲမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲအုပ်စုမဲခွဲပွဲ ကို ဇန်နဝါရီ ၂၃ ရက်တွင် ယူအေအီးနိုင်ငံ၌ ကျင်းပမည် ဖြစ်သည်။ အာရှဖလားပြိုင်ပွဲတွင် ဒုတိယနေရာအထိ ရဖူးသည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် တစ်ကျော့ ပြန်လည်ယှဉ်ပြိုင်ခွင့်ရရန် မျှော်လင့်ချက်ဖြစ်သည်။

အာရှဖလားတတိယအဆင့် ခြေစစ်ပွဲကို အသင်းစုစု ပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ခြောက်အုပ်စုခွဲကာ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲ တွင် မူလက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် အသင်း များအနက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ နိုင်ငံတကာပြိုင်ပွဲ ဝင်ခွင့်ပိတ်ပင်ခံထားရသည့် ကူဝိတ်အသင်းအစား ဂူအမ်၊ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့် နီပေါအစား မကာအိုအသင်းတို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ခြေစစ်ပွဲအတွက် ဖီဖာ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ Pot-1 ၌ ဂျော်ဒန်၊ အိုမန်၊ ဖိလစ်ပိုင်၊ ဘာရိန်း၊ ကာဂျစ္စတန်၊ မြောက်ကိုရီးယား၊ Pot-2 ၌ အိန္ဒိယ၊ ပါလက်စတိုင်း၊ တာဂျစ်ကစ္စတန်၊ ဗီယက်နမ်၊ ဟောင်ကောင်၊ တာ့ခ်မင်နစ္စတန်၊ Pot-3 ၌ မော်လ်ဒိုက်၊ လက်ဘနွန်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ Pot-4 ၌ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ နီပေါ၊ ဘူတန်၊ မကာအိုအသင်းတို့ ပါဝင်လျက်ရှိသည်။ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဇန်နဝါရီ ၂၃ ရက်တွင် ယူအေအီးနိုင်ငံ၌ ကျင်းပမည် ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ် တက်ရောက်မည်ဖြစ်သည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံး အဆင့်တွင် **စာမျက်နှာ ၉ ကော်လံ ၅ သို့**○



ဆူဇူကီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း။(ဓာတ်ပုံ-စိုးညွန့်)



# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(ခ) ဒါရိုက်တာများသည် အစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး (၂၁) ရက်ကြိုတင်၍ဤပုဒ်မတွင်သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဤဥပဒေအရပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာတစ်စောင်ကို ကုမ္ပဏီတွင်ပါဝင်သူအားလုံးထံသို့ ဖြန့်ဝေရမည်။

(ဂ) ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအားကုမ္ပဏီ၏ ဒါရိုက်တာများအနက်မှ နှစ်ဦးထက်မနည်းသော ဒါရိုက်တာများမှ ဖြစ်စေ၊ ဒါရိုက်တာတစ်ဦးတည်းရှိသော ကုမ္ပဏီတွင် တစ်ဦးတည်းရှိသော ဒါရိုက်တာမှဖြစ်စေ၊ ဒါရိုက်တာများကိုယ်စားဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသော ဒါရိုက်တာများ၏ ဥက္ကဋ္ဌကဖြစ်စေ မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ယင်းအစီရင်ခံစာတွင် အောက်ပါတို့ကိုဖော်ပြရမည် -

(၁) ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာအရေအတွက် စုစုပေါင်း၊ ယင်းတို့တွင် အပြည့်အဝကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငွေသားဖြင့် ပေးချေထားသောခွဲဝေသတ်မှတ်ထားသည့်အစုရှယ်ယာများအား ပိုင်းခြားဖော်ပြချက်၊ ငွေသားဖြင့် မဟုတ်ဘဲ အခြားနည်းတစ်ရပ်ရပ်ဖြင့် ပေးချေထားသော အစုရှယ်ယာပိုင်းခြားဖော်ပြချက်၊ တစ်စိတ်တစ်ဒေသကို ပေးချေထားသည့် အစုရှယ်ယာဖြစ်လျှင် ထိုသို့ပေးချေထားသည့် ပမာဏနှင့်အပြည့်အဝကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေထားသည့် အစုရှယ်ယာတန်ဖိုး၊

(၂) အထက်တွင်ဖော်ပြပါရှိသကဲ့သို့ ခွဲဝေသတ်မှတ်ပြီးပိုင်းခြားဖော်ပြထားသော အစုရှယ်ယာအားလုံးနှင့်စပ်လျဉ်း၍ ကုမ္ပဏီက လက်ခံရရှိပြီးဖြစ်သည့် ငွေသားပမာဏစုစုပေါင်း၊

(၃) ခေါင်းစဉ်အလိုက်ခွဲခြားဖော်ပြထားသော အစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် အခြားကဏ္ဍများမှ ကုမ္ပဏီကလက်ခံရရှိမှု၊ ငွေပေးချေမှု၊ လက်ဝယ်ရှိရငွေ သုံးငွေဆိုင်ရာနှင့်သက်ဆိုင်သည့်အသေးစိတ်ဖော်ပြချက်များ၊ အစုရှယ်ယာများထုတ်ဝေခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ပေးချေရသောကော်မရှင်ကြေး သို့မဟုတ် လျှော့ပေါ့တန်ဖိုးတို့ကို သီးခြားစီဖော်ပြလျက် ကုမ္ပဏီ၏ ကနဦးကုန်ကျစရိတ်များအတွက် ငွေစာရင်း သို့မဟုတ် ခန့်မှန်းတွက်ချက်မှုများနှင့် အတူ အစီရင်ခံစာပြုလုပ်သည့်နေ့မှ (၇)ရက်ကာလအတွင်းရှိ နေ့ရက်တစ်ရက်ရက်အထိ ကုမ္ပဏီကလက်ခံရရှိမှုများ၊ ပြုလုပ်ခဲ့သောငွေပေးချေမှုများနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ဖော်ပြချက်၊

(၄) ကုမ္ပဏီဖွဲ့စည်း တည်ထောင်သည့်နေ့မှစ၍ ဖော်ပြပါရှိခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာများ၊ စာရင်းစစ်များနှင့် အတွင်းရေးမှူးရှိခဲ့လျှင် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ နိုင်ငံသားနှင့် အခြားသက်ဆိုင်သည့်ဖော်ပြချက်များ၊ ယင်းတို့အား ပြောင်းလဲပြင်ဆင်ထားသည့် ဖော်ပြချက်များရှိခဲ့လျှင် ယင်းပြင်ဆင်ဖော်ပြချက်များ၊

(၅) အစည်းအဝေးတွင် အတည်ပြုချက်ရယူရန် တင်ပြမည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ပါ အကြောင်းအရာများ၊ ပြင်ဆင်ချက်များနှင့် ပြင်ဆင်မည့်အကြောင်းအရာများ သို့မဟုတ် အဆိုပြုတင်ပြသည့်ပြင်ဆင်ချက်များ၊

(၆) အာမခံပဋိညာဉ်စာချုပ်များရှိခဲ့လျှင် ယင်းစာချုပ်များအရ ဆောင်ရွက်ပေးရမည့် တာဝန်များကို မည်သည့်အတိုင်းအတာအထိဆောင်ရွက်ပြီးစီးခြင်းများ၊

(၇) ဒါရိုက်တာများထံမှတောင်းခံမှုအရပေးချေရမည့်ကြွေးကျန်များရှိခဲ့လျှင်ယင်းကြွေးကျန်များနှင့်

(၈) အစုရှယ်ယာများအားထုတ်ဝေခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဒါရိုက်တာ သို့မဟုတ် အရာရှိထံသို့ပေးချေခဲ့သော သို့မဟုတ် ပေးချေရမည်ဖြစ်သော ကော်မရှင်ကြေး သို့မဟုတ် ပွဲစားခများအတွက် ဖော်ပြချက်များ၊

(ဃ) ကုမ္ပဏီမှ ခွဲဝေသတ်မှတ်ထားသည့်အစုရှယ်ယာများနှင့်လည်းကောင်း၊ ကုမ္ပဏီမှ အဆိုပါအစုရှယ်ယာများအတွက် လက်ခံရရှိခဲ့သည့်ငွေကြေး၊ လက်ခံရရှိမှုများနှင့် ပေးချေမှုများနှင့်လည်းကောင်း သက်ဆိုင်ခဲ့လျှင် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ကုမ္ပဏီ၏စာရင်းစစ်များမှ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(င) ဒါရိုက်တာများသည် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့ပြီးနောက် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားသည့် အဆိုပါအစီရင်ခံစာ၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ထားရှိနိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ပေးပို့ရမည်။

(စ) ဒါရိုက်တာများသည် ကုမ္ပဏီတွင်ပါဝင်သူများ၏အမည်များ၊ ၎င်းတို့နှင့် သက်ဆိုင်သည့်ဖော်ပြချက်များ၊ နိုင်ငံသားနှင့်နေရပ်လိပ်စာတို့ကိုလည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူ အသီးသီးကပိုင်ဆိုင်ထားသည့် အစုရှယ်ယာအရေအတွက်ကိုလည်းကောင်း ဖော်ပြထားသည့်စာရင်းတစ်ခုကို အစည်းအဝေးစတင်သည့်အခါတွင် တင်ပြနိုင်ရန်အတွက် ပြုစုထားရှိရမည်ဖြစ်ပြီး အစည်းအဝေးကျင်းပနေစဉ် ကာလတစ်လျှောက် ကုမ္ပဏီတွင် ပါဝင်သူများက အလွယ်တကူရယူအသုံးပြုနိုင်စေရန်ထားရှိရမည်။

(ဆ) အစည်းအဝေးသို့တက်ရောက်ကြသောကုမ္ပဏီတွင်ပါဝင်သူများသည်ကုမ္ပဏီဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဥပဒေအရ ပြုစုဆောင်ရွက်ရမည့်အစီရင်ခံစာနှင့် စပ်လျဉ်း၍လည်းကောင်း ကြိုတင်အကြောင်းကြားခြင်း ပြုခဲ့သည်ဖြစ်စေ၊ မပြုခဲ့သည်ဖြစ်စေ ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို လွတ်လပ်စွာဆွေးနွေးခွင့်ရှိသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီအကြောင်းကြားခြင်းမရှိခဲ့လျှင် မည်သည့်ဆုံးဖြတ်ချက်ကိုမျှချမှတ်ခြင်းမပြုရ။

(ဇ) အစည်းအဝေးကို အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်ပြီး ထိုသို့ရွှေ့ဆိုင်းကျင်းပသည့် အစည်းအဝေးတစ်ရပ်ရပ်တွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီအကြောင်းကြား၍ ယခင်အစည်းအဝေး မကျင်းပမီတွင်လည်းကောင်း၊ ကျင်းပပြီးနောက်ပိုင်းတွင် လည်းကောင်း ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်။ ထိုသို့ရွှေ့ဆိုင်းဆောင်ရွက်သည့်အစည်းအဝေးသည် ပုံမှန်ကျင်းပသည့် အစည်းအဝေးတစ်ရပ်ကဲ့သို့ အလားတူဆောင်ရွက်နိုင်ခွင့် အာဏာများရှိစေရမည်။

(ဈ) ဥပဒေအရပြုစုဆောင်ရွက်ရမည့်အစီရင်ခံစာအား တင်ပြဆောင်ရွက်ရာတွင် လည်းကောင်း၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပရာတွင် လည်းကောင်း ပျက်ကွက်မှု တစ်စုံတစ်ရာရှိသောအကြောင်းကြောင့် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို အပိုင်း (၅) တွင် သတ်မှတ်ဖော်ပြထားသော နည်းလမ်းများနှင့်အညီ တရားရုံးသို့တင်ပြလာပါက တရားရုံးသည်ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန် ညွှန်ကြားမည့်အစား ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာကိုတင်ပြဆောင်ရွက်စေခြင်း သို့မဟုတ် ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့်ကုမ္ပဏီ အစည်းအဝေးအား ကျင်းပစေခြင်းတို့အတွက် လမ်းညွှန်မှုများ ပြုလုပ်နိုင်သည် သို့မဟုတ် သင့်လျော်မျှတမည့် အခြားဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်နိုင်သည်။

၁၄၉။ပုဒ်မ ၁၄၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အဆိုပါပျက်ကွက်မှုအတွက် အပြစ်ရှိသော သို့မဟုတ် သိလျက်ဖြင့် တမင်ဆောင်ရွက်ခွင့်ပြုသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသောဒဏ်ငွေကိုပေးဆောင်ရမည်။

၁၅၀။**အစည်းအဝေးများ**

ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား အောက်ပါအတိုင်း သတ်မှတ်နိုင်မည်ဖြစ်သည်-

(က) ပုဒ်မ၁၄၆အရကျင်းပသည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၊ သို့မဟုတ်

(ခ) ပုဒ်မ ၁၄၈ အရ ကျင်းပသည့် ဥပဒေအရလိုက်နာကျင်းပရသည့် အစည်းအဝေး၊ သို့မဟုတ်

(ဂ) အထူးကျင်းပသည့် အထွေထွေအစည်းအဝေး၊ ယင်းသည်ပုဒ်မ ၁၅၁ ၏ ပုဒ်မခွဲ(က) အပါအဝင် ဤဥပဒေ၌ ဖော်ပြထားသည့် အခွင့်အရေးနှင့် လုပ်ထုံးလုပ်နည်းများအရ ခေါ်ယူကျင်းပသော ကုမ္ပဏီတွင် ပါဝင်သူများ၏အခြားသောအထွေထွေ အစည်းအဝေးတစ်ရပ်ရပ်ဖြစ်သည်။

၁၅၁။**အစည်းအဝေးများခေါ်ယူကျင်းပခြင်း**

(က) ကုမ္ပဏီတစ်ခု၏အထွေထွေအစည်းအဝေးတစ်ရပ်ကို -

(၁) လျော်ကန်သင့်မြတ်သည့်ကိစ္စရပ်အတွက် သင့်လျော်သော အချိန်နှင့်နေရာတွင်ကျင်းပရမည်၊

(၂) အစည်းအဝေးကျင်းပနေစဉ် ကာလတစ်လျှောက် ကုမ္ပဏီတွင်ပါဝင်သူ အနည်းဆုံးနှစ်ဦး သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် ပိုမိုများပြားသည့် အရေအတွက်ရှိမှသာ အစည်းအဝေးအထမြောက်စေရမည်၊

(၃) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာများက ရွေးချယ်ထားသော ပုဂ္ဂိုလ်တစ်ဦးကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်။ သို့ရာတွင် အစည်းအဝေးသို့ ထိုပုဂ္ဂိုလ်မတက်ရောက်နိုင်ပါက အစည်းအဝေးတက်ရောက်သူများက ဥက္ကဋ္ဌကိုရွေးချယ်ရမည်၊

(၄) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင် မဲအရေအတွက်အများစု ပိုင်ဆိုင်ကြသည့်တက်ရောက်သူများက ဥက္ကဋ္ဌအား အစည်းအဝေးရွှေ့ဆိုင်းပေးစေရန် သဘောတူညီလျှင် သို့မဟုတ် ညွှန်ကြားလျှင်အစည်းအဝေးအား ရွှေ့ဆိုင်းရမည်၊

(၅) ကုမ္ပဏီ၏ စာရင်းစစ်သည်တက်ရောက်နိုင်၍ ထိုစာရင်းစစ်သည် အစည်းအဝေးအကြောင်းကြားစာများ အားလုံးကို လက်ခံနိုင်ပြီး အစည်းအဝေးတွင် စာရင်းစစ်နှင့်သက်ဆိုင်သည့် အစည်းအဝေးလုပ်ငန်း အစိတ်အပိုင်းအားလုံးနှင့် စပ်လျဉ်း၍ပါဝင်ဆွေးနွေးခွင့်ရှိသည်၊

(၆) ဒါရိုက်တာအဖွဲ့၏ဥက္ကဋ္ဌသည် အခါအားလျော်စွာခေါ်ယူကျင်းပနိုင်သည်၊

(၇) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာတစ်ဦးဦးက သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့်အခြားသူတစ်ဦးဦးကခေါ်ယူနိုင်သည်၊

(၈) ဤပုဒ်မ၏ပုဒ်မခွဲ (ခ) နှင့်အညီ ကုမ္ပဏီတွင်ပါဝင်သူများက တရားဝင်စာဖြင့် ရေးသားတောင်းဆိုလျှင် ဒါရိုက်တာများက ခေါ်ယူကျင်းပရမည်၊

(၉) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ်ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံအောက်မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ထားသောကုမ္ပဏီတွင် ပါဝင်သူများက ခေါ်ယူကျင်းပ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အဆိုပါကုမ္ပဏီတွင် ပါဝင်သူများသည် အစည်းအဝေးခေါ်ယူကျင်းပသည့် စရိတ်များကို ကျခံရမည်ဖြစ်ပြီး ဒါရိုက်တာများမှ ခေါ်ယူကျင်းပသည့် ကုမ္ပဏီ၏ အစည်းအဝေးများတွင် ဆောင်ရွက်သည့် နည်းလမ်းများအတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက် ကျင်းပရမည်၊ ၎င်းပြင်

(၁၀) ကုမ္ပဏီ၏အစည်းအဝေး၌ အခြားနည်းဖြင့်ခေါ်ယူကျင်းပရန် မသင့်လျော်၍ဖြစ်စေ၊ ထိုသို့ဆောင်ရွက်ရန် သင့်လျော်မျှတမှုမရှိသည်ဟု တွေ့ရှိလျှင်ဖြစ်စေ တရားရုံးသည် အမိန့်တစ်ရပ်ရပ်ချမှတ်၍ အစည်းအဝေးအား ခေါ်ယူကျင်းပနိုင်သည်။ အစည်းအဝေးတွင် မဲပေးခွင့်ရှိသော ဒါရိုက်တာ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် အမိန့်တစ်ရပ်ကိုချမှတ်နိုင်သည်။ တရားရုံးသည်သင့်သည် ထင်မြင်သည့်အတိုင်း အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်။

(ခ) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံအောက်မနည်းသည့်ဆန္ဒမဲများကို ပိုင်ဆိုင်ထားသော အစုရှယ်ယာရှင်များကဖြစ်စေ၊ သို့မဟုတ် အစည်းအဝေး၌ ဆန္ဒမဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူအနည်းဆုံး ဦးရေ (၁၀၀)က ဖြစ်စေ စာဖြင့်ရေးသားတောင်းဆိုသည့်အခါ အဆိုပြုထားသော ဆောင်ရွက်မည့်လုပ်ငန်းသည် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်ဖြစ်ခဲ့လျှင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်မရှိစေကာမူအစုရှယ်ယာမတည်ငွေရင်းပါရှိသော ကုမ္ပဏီ၏ဒါရိုက်တာများသည် ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန်ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) လျှောက်ထားတောင်းဆိုမှုကို စာဖြင့်ရေးသားပြုလုပ်ရမည်ဖြစ်ပြီး အစည်းအဝေး၏ ရည်ရွယ်ချက်များနှင့် အဆိုပြုလိုသည့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်တို့ကို ဖော်ပြပါရှိစေရမည်။ ၎င်းအားလျှောက်ထားသူများက လက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်းသို့ပေးပို့ရမည်။ ထိုလျှောက်ထားမှုတွင် အလားတူစာရွက်စာတမ်းများစွာပါရှိနိုင်ပြီး ထိုစာရွက်စာတမ်းတစ်ခုစီတွင် လျှောက်ထားသူတစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ လက်မှတ်ရေးထိုးထားရမည်။

(ဃ) သို့ရာတွင်အစည်းအဝေးမှာ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရခေါ်ယူကျင်းပခြင်းမပြုသင့်ကြောင်း ဒါရိုက်တာများက ဆုံးဖြတ်ခဲ့ပြီး ထိုအကြောင်းအရာအား လျှောက်ထားသူများသို့ အကြောင်းကြားခဲ့ခြင်းမှအပ ဒါရိုက်တာများသည် အစည်းအဝေးအားခေါ်ယူကျင်းပမည်ဖြစ်ကြောင်း လျှောက်ထားတင်ပြအကြောင်းကြားသည့်နေ့မှစ၍ (၂၁) ရက်အတွင်း ဆောင်ရွက်ခြင်းမပြုခဲ့လျှင် လျှောက်ထားသူများကဖြစ်စေ၊ ၎င်းတို့အနက်မှမဲအများစုပေးခွင့်ရှိသူမှဖြစ်စေ ၎င်းတို့ ကိုယ်တိုင်အစည်းအဝေးအား ခေါ်ယူကျင်းပနိုင်သည်။ သို့သော် ထိုသို့ခေါ်ယူကျင်းပသည့်အစည်းအဝေးသည်လျှောက်ထားတင်ပြအကြောင်းကြားသည့်နေ့မှစ၍ (၃)လအတွင်းကျင်းပရမည်။

(င) လျှောက်ထားသူများက ဤပုဒ်မအရခေါ်ယူကျင်းပသည့်အစည်းအဝေးကို ဒါရိုက်တာများက ခေါ်ယူကျင်းပသည့် အစည်းအဝေးများတွင် ဆောင်ရွက်သည့်နည်းလမ်းများအတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက်ကျင်းပရမည်။ လျှောက်ထားသူများက ဤကိစ္စရပ်အတွက် မှတ်ပုံတင်စာရင်း၏ မိတ္တူတစ်ရပ်ရပ်ကို တောင်းဆိုလျှင် ကုမ္ပဏီသည် အဆိုပါမိတ္တူကို၎င်းတို့ထံတင်ပြရမည်။

(စ) ဒါရိုက်တာများက အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန် ပျက်ကွက်ခဲ့သည့်အတွက် လျှောက်ထားသူများကကျခံခဲ့ရသည့် ထိုက်သင့်သည့် ကုန်ကျစရိတ်များကို ကုမ္ပဏီက လျှောက်ထားသူများထံပြန်လည်ပေးချေရမည်။ ထိုသို့ပြန်လည် ပေးချေခဲ့သည့် ငွေပမာဏကို ကုမ္ပဏီသည်ပျက်ကွက်ခဲ့သည့်ဒါရိုက်တာများသို့ ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအတွက် ကုမ္ပဏီမှပေးချေရမည့် အဖိုးအခ သို့မဟုတ် အခြားအခကြေးငွေတို့မှ ထုတ်နုတ်၍ပြန်လည်ရယူရမည်။

(ဆ) ကုမ္ပဏီ၏ အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံအောက်မနည်းသည့်ဆန္ဒမဲများကို ပိုင်ဆိုင်ရရှိထားသော အစုရှယ်ယာရှင်များမှဖြစ်စေ၊ သို့မဟုတ် အစည်းအဝေး၌ ဆန္ဒမဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူ အနည်းဆုံးဦးရေ (၁၀၀)မှဖြစ်စေ ကုမ္ပဏီ၏အစည်းအဝေး၌ ပြောင်းလဲရမည့် အဆိုပြုထားသော ဆုံးဖြတ်ချက်အတွက် ကုမ္ပဏီသို့အကြောင်းကြားစာပေးပို့နိုင်သည်။

**စာမျက်နှာ ၂ သို့**

စာမျက်နှာ ၁ မှ

(ဇ) ဤပုဒ်မ၏ပုဒ်မခွဲ (ဆ) အရပေးပို့သည့်အကြောင်းကြားစာအား စာဖြင့်ရေးသားဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပြုသည့် ဆုံးဖြတ်ချက်ကို ရေးသားဖော်ပြပါရှိစေရမည်။ ထိုအကြောင်းကြားစာအား ယင်းသို့ဆောင်ရွက်ရန် အဆိုပြုသည့် ကုမ္ပဏီတွင် ပါဝင်သူများမှ လက်မှတ်ရေးထိုးရမည်။ အကြောင်းကြားစာတွင် အကျဉ်းချုပ် ရှင်းလင်းဖော်ပြချက်ကို ပူးတွဲ၍တင်ပြနိုင်သည်။

(ဈ) ဤပုဒ်မ၏ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသည့် အဆိုပြုထားသော ဆုံးဖြတ်ချက်သည် အစည်းအဝေး၌ တင်ပြရမည့်အဆိုပြုထားသော ဆုံးဖြတ်ချက်ဖြစ်ပြီး ဆုံးဖြတ်ချက်သည်လည်းကောင်း၊ ပူးတွဲတင်ပြသည့် ရှင်းလင်းဖော်ပြချက်သည်လည်းကောင်း အလွန်ရှည်လျားခြင်း သို့မဟုတ် တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေခြင်း မရှိလျှင် ကုမ္ပဏီသည် အဆိုပါ အကြောင်းကြားစာနှင့်ရှင်းလင်းဖော်ပြချက်များကို ကုမ္ပဏီသို့ပေးပို့သော နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ သို့ရာတွင် နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးသည် ဆုံးဖြတ်ချက်ဆိုင်ရာအကြောင်းကြားစာအား လက်ခံရရှိသည့်နေ့မှ (၂) လအတွင်း၌ ကျင်းပမည်ဆိုလျှင် အဆိုပါ အကြောင်းကြားစာကိုပေးပို့ရန်မလို။ သို့သော်အကြောင်းကြားစာကိုပေးပို့၍ အစည်းအဝေးအား လက်ခံရရှိသည့်နေ့မှ (၁၂) လအတွင်းကျင်းပရမည်။

(ည) ဤဥပဒေအရသတ်မှတ်ထားသော အစည်းအဝေးအကြောင်းကြားချက်များနှင့် မဲပေးခြင်းဆိုင်ရာများအတွက် သတ်မှတ်ချက်များကို လိုက်နာလျက် ကုမ္ပဏီတွင် ပါဝင်သူများက အစည်းအဝေးကို သင့်လျော်စွာ ကျင်းပဆောင်ရွက်ပြီး ပါဝင်နိုင်ကြမည့်နည်းလမ်းတစ်ရပ်ဖြင့် အစည်းအဝေးများ ကျင်းပနိုင်စေရန် ကုမ္ပဏီသည် ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အစည်းအဝေးခေါ်ယူကျင်းပခြင်းအတွက် ကုမ္ပဏီတွင် ပါဝင်သူများဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်နိုင်စေရန် သတ်မှတ်ထည့်သွင်းဖော်ပြနိုင်သည်။

၁၅၂။ **အစည်းအဝေးများအတွက်အကြောင်းကြားခြင်းနှင့်မဲပေးခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ**

(က) အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏အစည်းအဝေးများခေါ်ယူခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် အကျိုးသက်ရောက်စေရမည် -

(၁) ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို စာဖြင့်ရေးသား၍ (၂၁) ရက်ထက်မနည်းသော သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသော ပိုမိုကြာမြင့်သည့်ကာလအတွင်း ကြိုတင်အကြောင်းကြားစာ သို့မဟုတ် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီဖြစ်ခဲ့လျှင် စာဖြင့်ရေးသား၍ (၂၈) ရက်အတွင်း ကြိုတင်အကြောင်းကြားစာဖြင့် ခေါ်ယူကျင်းပနိုင်သည်။ သို့သော် အစည်းအဝေးတစ်ရပ်ရပ်အတွက် အကြောင်းကြားစာကိုလက်ခံရရှိနိုင်သည့်ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ သဘောတူညီချက်ဖြင့် အစည်းအဝေးကို ပိုမိုတိုတောင်းသည့်ကာလအတွင်း ပေးပို့သည့်အကြောင်းကြားစာဖြင့် ခေါ်ယူနိုင်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက သင့်သည်ထင်မြင်သော နည်းလမ်းများဖြင့် ကျင်းပနိုင်သည်။

(၂) ကုမ္ပဏီ၏အစည်းအဝေးအတွက် စာဖြင့်ရေးသားထားသည့်အကြောင်းကြားစာကို အစည်းအဝေးတွင် မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး ဒါရိုက်တာအားလုံးနှင့်စာရင်းစစ်များထံသို့ ပေးပို့ရမည်။ အကြောင်းကြားစာကို အောက်ပါနည်းလမ်းများဖြင့်ပေးပို့နိုင်သည်-

(ကက) လူကိုယ်တိုင်သော်လည်းကောင်း၊

(ခခ) ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသော ၎င်းတို့၏လိပ်စာများ သို့မဟုတ် ဤကိစ္စရပ်အလို့ငှာ ကုမ္ပဏီတွင် ပါဝင်သူများက သတ်မှတ်ဖော်ပြထားသည့် အခြားလိပ်စာများသို့ စာတိုက်မှဖြစ်စေ၊ အခြားတိုက်ရိုက်ပေးပို့သည့် နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊

(ဂဂ) ဤကိစ္စရပ်အလို့ငှာ ကုမ္ပဏီတွင် ပါဝင်သူများက သတ်မှတ်ဖော်ပြထားသည့် ဖက်စ်နံပါတ် သို့မဟုတ် အီလက်ထရွန်နစ်လိပ်စာသို့ အီလက်ထရွန်နစ်နည်းဖြင့်လည်းကောင်း၊

(ဃဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် လည်းကောင်း၊ သို့ရာတွင် ကုမ္ပဏီတွင် ပါဝင်သူများထံသို့အကြောင်းကြားစာပေးပို့ရာတွင် မတော်တဆကျန်ရစ်ခဲ့ခြင်း သို့မဟုတ် အကြောင်းကြားစာမရရှိခြင်းတို့သည် အစည်းအဝေးတစ်ရပ်ရပ်၏ ဆောင်ရွက်ရမည့် လုပ်ငန်းများကို တရားမဝင်ခြင်းမရှိစေရ။

(၃) အစည်းအဝေးအကြောင်းကြားစာတွင် အောက်ပါတို့ကို ဖော်ပြပါရှိစေရမည်-

(ကက) အစည်းအဝေးကျင်းပမည့်နေရာ၊ နေ့ရက်နှင့်အချိန်၊

(ခခ) အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာအထွေထွေဖော်ပြချက်များ၊

(ဂဂ) အစည်းအဝေးသည် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၊ ဥပဒေအရ လိုက်နာကျင်းပရသည့် အစည်းအဝေး သို့မဟုတ် အထူးကျင်းပသည့် အထွေထွေအစည်းအဝေးတစ်ရပ်ရပ်ဖြစ်ကြောင်း ဖော်ပြချက်များ၊

(ဃဃ) ကုမ္ပဏီတွင် ပါဝင်သူများက အဆိုပြုသည့်ဆုံးဖြတ်ချက်များ သို့မဟုတ် အထူးဆုံးဖြတ်ချက်များပါရှိခြင်း သို့မဟုတ် မပါရခြင်းဆိုသော အချက်များအပါအဝင် လိုအပ်သော ရှင်းလင်းတင်ပြချက်များနှင့်တကွ အစည်းအဝေးတွင် အဆိုပြုမည့်ဆုံးဖြတ်ချက်များ၊

(ငင) ကိုယ်စားလှယ်များ သို့မဟုတ် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များနှင့် လမ်းညွှန်ချက်များ၊ ယင်းတို့တွင် အဆိုပါ ခန့်အပ်မှုများအတွက် အကြောင်းကြားစာများ လက်ခံရရှိနိုင်သည့်အချိန်၊ အဆိုပါ ခန့်အပ်မှုများအား ပေးပို့ရမည့်နည်းလမ်းများပါဝင်ရမည်၊ ၎င်းပြင်

(စစ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ၊ ဤဥပဒေတွင်ဖြစ်စေ သတ်မှတ်ဖော်ပြထားသော လိုအပ်သည့် အခြားအချက်အလက်များ။

(၄) ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းဖော်ပြပါရှိသော အစုရှယ်ယာပိုင်ရှင်တစ်ဦးဦးသည် တူညီသော အစုရှယ်ယာအမျိုးအစားကို ပိုင်ဆိုင်ကြသော အခြားအစုရှယ်ယာရှင်များကဲ့သို့ တူညီသည့်အခွင့်အရေးများရရှိခံစားနိုင်ပြီး တူညီသောတာဝန်ရှိမှုများနှင့်လည်းသက်ဆိုင်စေရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ အစည်းအဝေးများ၌ မဲပေးခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အကျိုးသက်ရောက်စေရမည် -

(၁) အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်နှင့်အတူ ဆက်စပ်ပါရှိသော အခွင့်အရေးများ သို့မဟုတ် ကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီ၏အစည်းအဝေး၌ -

(ကက) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီက လက်ပြ၍ဆန္ဒမဲတစ်မဲပေးခွင့်ရှိသည်၊

(ခခ) ဆန္ဒမဲပေးရာတွင် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီသည် ၎င်းတို့ ပိုင်ဆိုင်သော အစုရှယ်ယာတစ်ခုစီအတွက် ဆန္ဒမဲတစ်မဲပေးခွင့်ရှိသည်၊

(ဂဂ) အစုရှယ်ယာတစ်ခုအား ပူးတွဲပိုင်ဆိုင်ကြလျှင် အမည်စာရင်းတင်သွင်းထားသော အစုရှယ်ယာပိုင်သူများအနက်မှတစ်ဦးက မဲပေးခွင့်ရှိသည်၊ ၎င်းပြင်

(ဃဃ) ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲတစ်မဲပေးခွင့်ရှိသည်၊

(၂) မဲပေးနိုင်သည့်အခွင့်အရေးတစ်စုံတစ်ရာအပေါ် ဆန့်ကျင်တင်ပြလိုလျှင် အစည်းအဝေး၌သာပြုလုပ်နိုင်ပြီး ယင်းနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်စေရမည်၊

(၃) အစည်းအဝေးတွင် မဲခွဲဆောင်ရွက်ရန် တင်ပြသည့် ဆုံးဖြတ်ချက်ကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်းမရှိလျှင် လက်ပြ၍ ဆန္ဒပြုခြင်းဖြင့်ဆုံးဖြတ်ရမည်။

(၄) ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဆန္ဒမဲပေးရန် အောက်ပါပုဂ္ဂိုလ်များက တောင်းဆိုဆောင်ရွက်နိုင်သည် -

(ကက) ဥက္ကဋ္ဌ၊ သို့မဟုတ်

(ခခ) ကုမ္ပဏီတွင် ပါဝင်သူများမှအနည်းဆုံး (၅) ဦး၊ သို့မဟုတ်

(ဂဂ) ဆန္ဒမဲပေးရာတွင် အဆုံးအဖြတ်ပေးနိုင်သည့် မဲအရေအတွက် အနည်းဆုံး ၁၀ % ကိုရရှိထားသည့်ကုမ္ပဏီတွင်ပါဝင်သူများ

(၅) လက်ပြ၍ ဆန္ဒမဲပေးခြင်း မပြုမီအချိန်တွင် သော်လည်းကောင်း၊ လက်ပြ၍ ဆန္ဒမဲပေးသည့်ရလဒ်များကို ကြေညာခြင်း မပြုမီ သို့မဟုတ် ကြေညာပြီးနောက် ချက်ချင်းအချိန်တွင်လည်းကောင်း ဆန္ဒမဲပေးခြင်းကို ပြုလုပ်ရန်တောင်းဆိုနိုင်သည်၊

(၆) ဆန္ဒမဲပေးခြင်းကို ဥက္ကဋ္ဌက ညွှန်ကြားသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရမည်၊

(၇) လက်ပြ၍ဖြစ်စေ၊ ဆန္ဒမဲဖြင့်ဖြစ်စေ ဆန္ဒမဲပေးခြင်းမပြုလုပ်မီအချိန်တွင် ဥက္ကဋ္ဌသည် လက်ခံရရှိထားသော ကိုယ်စားလှယ်ဖြင့် ပေးသည့်မဲများနှင့် အဆိုပါမဲများကို မည်သို့အဆုံးအဖြတ်ပြုစေမည်ဆိုသည်ကို အစည်းအဝေးသို့ အသိပေးပြောကြားရမည်၊ ၎င်းပြင်

(၈) လက်ပြ၍ဆန္ဒမဲပေးရာတွင် ဥက္ကဋ္ဌ၏ကြေညာချက်သည် အဆုံးအဖြတ်ရလဒ်အတွက် ပြည့်စုံခိုင်လုံသော သက်သေခံချက်ဖြစ်စေရမည်။ သို့ရာတွင် အဆိုပါ ကြေညာချက်သည် လက်ပြ၍ ဆန္ဒပြုမှုများနှင့် လက်ခံရရှိထားသော ကိုယ်စားလှယ်များ၏ ဆန္ဒပြုမှုများကိုအခြေခံရမည်။

(ဂ) ကုမ္ပဏီ၏ အစည်းအဝေးတစ်ရပ်ရပ်ကို ခေါ်ယူကျင်းပနိုင်မည့် နည်းလမ်းတစ်ရပ်ရပ်အရ အစည်းအဝေးအား ခေါ်ယူကျင်းပရန်အတွက်ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရသတ်မှတ်ထားသည့် နည်းလမ်းဖြင့်ကုမ္ပဏီ၏ အစည်းအဝေးအား ကျင်းပရန်အတွက်ဖြစ်စေ အကြောင်းတစ်စုံတစ်ရာကြောင့် မပြုလုပ်နိုင်ခဲ့လျှင် တရားရုံးသည် ကိုယ်တိုင်အရေးယူဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ အစည်းအဝေးတွင် မဲပေးခွင့်ရရှိသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရဖြစ်စေ၊ ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို တရားရုံးမှသင့်သည်ထင်မြင်သည့် နည်းလမ်းဖြင့် ခေါ်ယူကျင်းပစေရန် အမိန့်ချမှတ်နိုင်သည်။ အဆိုပါ အမိန့်တစ်ရပ်ကိုချမှတ်သည့်အခါ တရားရုံးသည် လိုအပ်မည်ထင်သော အထောက်အပံ့ဖြစ်စေမည့် ညွှန်ကြားချက်များကို ချမှတ်နိုင်သည်။ ဖော်ပြပါအမိန့်တစ်ရပ်ရပ်နှင့်အညီ ခေါ်ယူကျင်းပသည့်အစည်းအဝေးတစ်ရပ်ရပ်ကို ကုမ္ပဏီ၏နည်းလမ်းတကျခေါ်ယူကျင်းပသော အစည်းအဝေးတစ်ရပ်အဖြစ်မှတ်ယူရမည်။

၁၅၃။ **ကုမ္ပဏီများ၏ အစည်းအဝေးများသို့ တက်ရောက်ရန်ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များခန့်ထားခြင်း**

(က) အခြားကုမ္ပဏီတစ်ခု၏ အဖွဲ့ဝင်ဖြစ်သော ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် ယင်း၏အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ဖော်ပြပါ အခြားကုမ္ပဏီ၏ အစည်းအဝေးတစ်ရပ်ရပ်၌ ယင်း၏ကိုယ်စားပြုပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်စေရန်နှင့်မဲပေးရန်အတွက် ယင်း၏ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်စေရန် အပ်နှင်းနိုင်သည်။ ထိုသို့အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အခြားကုမ္ပဏီ၏အစည်းအဝေး၌ လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌ လည်းကောင်း၊ ၎င်းအားအခွင့်အာဏာအပ်နှင်းသည့်ကုမ္ပဏီက ကျင့်သုံးဆောင်ရွက်သကဲ့သို့ ယင်းကုမ္ပဏီ၏ကိုယ်စား အလားတူအခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ခ) ကုမ္ပဏီသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ တစ်ဦးထက်ပိုသောကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ သို့ရာတွင် ဖော်ပြပါ အခွင့်အာဏာများကို တစ်ကြိမ်တွင် ကိုယ်စားပြုပုဂ္ဂိုလ်တစ်ဦးကသာလျှင် ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ခန့်အပ်ထားသော ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်အား ကုမ္ပဏီ၏အစည်းအဝေးသို့ တက်ရောက်စေခြင်းနှင့်စပ်လျဉ်း၍ကုမ္ပဏီသည်ယင်းကိုယ်စားပြုပုဂ္ဂိုလ်အားတရားဝင်ခန့်ထားခြင်းနှင့် သက်ဆိုင်သောအထောက်အထားများကို ကြည့်ရှုရန်အတွက် တောင်းဆိုနိုင်သည်။ ထို့အပြင် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များခန့်အပ်ခြင်းအတွက် ပုံစံတစ်ခုကို ကုမ္ပဏီဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်နိုင်သည်။

၁၅၄။ **ကုမ္ပဏီများ၏ အစည်းအဝေးများသို့ တက်ရောက်ရန်ကိုယ်စားလှယ်များအားခန့်ထားခြင်း**

(က) ကုမ္ပဏီ၏အစည်းအဝေးသို့ တက်ရောက်၍ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ၎င်းကိုယ်စား အစည်းအဝေးသို့ တက်ရောက်စေရန်နှင့် မဲပေးရန်အတွက် ယင်း၏အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်စေရန် ကိုယ်စားလှယ်တစ်ဦးဦးကိုခန့်ထားနိုင်သည်။

(ခ) ကိုယ်စားလှယ်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ရန်မလို။ ၎င်းသည်ကုမ္ပဏီ၏ အစည်းအဝေး၌လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌ လည်းကောင်း ၎င်းအား ခန့်အပ်သည့် ကုမ္ပဏီတွင် ပါဝင်သူကကျင့်သုံးဆောင်ရွက်သကဲ့သို့ ၎င်းကိုယ်စား အလားတူအခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးက ကိုယ်စားလှယ်တစ်ဦးကိုခန့်ထားရာတွင် အသုံးပြုမည့်လျှောက်လွှာပုံစံကို ယင်းကုမ္ပဏီက ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားနိုင်ပြီး ထိုသို့သတ်မှတ်ထားသည့် လျှောက်လွှာပုံစံရှိခဲ့လျှင် ၎င်းအားကုမ္ပဏီတွင် ပါဝင်သူများအားလုံးထံသို့ ပေးပို့ရမည်။ ကုမ္ပဏီသည်ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်နိုင်သူများ၏ စာရင်းတစ်ခုကို ထိုလျှောက်လွှာပုံစံနှင့်အတူထည့်သွင်းဖော်ပြနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)အရ လျှောက်လွှာပုံစံတစ်ခုကို သတ်မှတ်ထားခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ကိုယ်စားလှယ်ခန့်အပ်မှုသည် ခန့်အပ်သူက လက်မှတ်ရေးထိုးပြီး ၎င်းတွင်အောက်ပါအချက်အလက်များပါဝင်ခဲ့လျှင်တရားဝင်သည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူ၏အမည်နှင့်နေရပ်လိပ်စာ၊

(၂) ကုမ္ပဏီ၏အမည်၊

(၃) ကိုယ်စားလှယ်၏အမည်နှင့်

(၄) ကိုယ်စားလှယ်မှ တက်ရောက်မည့် အစည်းအဝေးများ (အစည်းအဝေးများအားလုံးလည်းဖြစ်နိုင်သည်။)

(င) ကိုယ်စားလှယ်ခန့်အပ်မှုတစ်ရပ် စတင်အကျိုးသက်ရောက်စေရန်အတွက် ကိုယ်စားလှယ်ခန့်အပ်သည့်စာရွက်စာတမ်းကို သက်ဆိုင်ရာ အစည်းအဝေးမစတင်မီအနည်းဆုံး (၄၈)နာရီ ကြိုတင်၍ ကုမ္ပဏီမှလက်ခံရရှိပြီးဖြစ်ရမည်။ အကြောင်းကိစ္စအသီးသီးတွင် အဆိုပါ စာရွက်စာတမ်းများကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် အစည်းအဝေးအကြောင်းကြားစာတွင် ကုမ္ပဏီက ဖော်ပြထားသည့်အခြားနေရာ၊ လိပ်စာ သို့မဟုတ် နံပါတ်များသို့ ပေးပို့ရမည်။

(စ) ကုမ္ပဏီသည် ကိုယ်စားလှယ်ခန့်အပ်သော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးထံမှ စာရွက်စာတမ်းတစ်ခုထက်ပိုမို၍ လက်ခံရရှိခဲ့လျှင် နောက်ဆုံးလက်ခံရရှိခဲ့သော စာရွက်စာတမ်းသည် ယခင်ပေးပို့ခဲ့သော စာရွက်စာတမ်းကို ပြန်လည်ရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

(ဆ) ကိုယ်စားလှယ်ခန့်အပ်သည့် စာရွက်စာတမ်းတွင်ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်က မည်သို့ဆန္ဒမဲပေးရမည်ကို သတ်မှတ်ဖော်ပြရမည် သို့မဟုတ် ကိုယ်စားလှယ်၏ ဆုံးဖြတ်ချက်ဖြင့် မဲပေးနိုင်ခွင့်ရှိကြောင်း ဖော်ပြနိုင်ပြီး မည်သို့မဲပေးရန် သတ်မှတ် ထားလျှင်

**စာမျက်နှာ ၃ သို့**

**စာမျက်နှာ ၂ မှ**

ကိုယ်စားလှယ်သည် အဆိုပါသတ်မှတ်ချက်အတိုင်းဆန္ဒမဲပေးရမည်။

(ဇ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးသည် အကြောင်းတစ်ခုခုကြောင့် ဆုံးဖြတ်ချက်တစ်ခုအတွက် မဲပေးနိုင်ခွင့်မရှိခဲ့လျှင် ထိုသူ၏ ကိုယ်စားလှယ်သည်၎င်း၏ကိုယ်စား မဲပေးခွင့်မရှိစေရ။

၁၅၅။ **သာမန်ဆုံးဖြတ်ချက်များ**

ဤဥပဒေတွင်ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ အထူးဆုံးဖြတ်ချက် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ သတ်မှတ်ထားသော ရာခိုင်နှုန်း သို့မဟုတ် အရေအတွက်ဖြင့် အတည်ပြု၍ ဆောင်ရွက်ရမည်ဟု အတိအလင်းဖော်ပြထားသည့်ကိစ္စများမှတစ်ပါး ဤဥပဒေအရ ဖြစ်စေ၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဖြစ်စေ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန် လိုအပ်သည့်ကိစ္စရပ်တွင် ထိုကိစ္စရပ်ကို သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ဆောင်ရွက်နိုင်သည်။

၁၅၆။ **အစည်းအဝေးများကျင်းပခြင်းမပြုဘဲ စာဖြင့်ရေးသား၍ဆုံးဖြတ်ချက်များ ချမှတ်ခြင်း**

(က) ဒါရိုက်တာတစ်ဦးသာရှိသောကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာများ၏ အစည်းအဝေးများကို ခေါ်ယူကျင်းပရန် မလိုပါ။ လိုအပ်သော ဆုံးဖြတ်ချက်များကို စာဖြင့် ရေးသားမှတ်တမ်းတင်လက်မှတ်ရေးထိုးပြီးချမှတ်နိုင်သည်။

(ခ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးသာရှိသော ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးများကိုခေါ်ယူကျင်းပရန် မလို။ လိုအပ်သော ဆုံးဖြတ်ချက်များကို စာဖြင့်ရေးသားမှတ်တမ်းတင်လက်မှတ်ရေးထိုးပြီးချမှတ်နိုင်သည်။

(ဂ) ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မဲပေးခွင့်ရှိသော ဒါရိုက်တာအားလုံးသည် စာရွက်စာတမ်းတွင် ရေးသားထားသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်းဖော်ပြချက်ပါရှိသော အဆိုပါ စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် ကုမ္ပဏီတစ်ခုခုသည် ဒါရိုက်တာများ၏ အစည်းအဝေးကို ခေါ်ယူကျင်းပခြင်းမပြုဘဲ ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါ စာရွက်စာတမ်း၏သီးခြားမိတ္တူများတွင်လည်းလက်မှတ်ရေးထိုးနိုင်ပြီး နောက်ဆုံးဒါရိုက်တာတစ်ဦးက လက်မှတ်ရေးထိုးပြီးသည့်အခါတွင် ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည်ဟုသတ်မှတ်ရမည်။

(ဃ) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူအားလုံးသည် စာရွက်စာတမ်းတွင် ရေးသားထားသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်းဖော်ပြချက်ပါရှိသော အဆိုပါ စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခုခုသည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပခြင်းမပြုဘဲ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါ စာရွက်စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီး ကုမ္ပဏီတွင်ပါဝင်သူနောက်ဆုံးတစ်ဦးက လက်မှတ်ရေးထိုးပြီးသည့်အခါတွင် ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည်ဟုသတ်မှတ်ရမည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ) အရ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည့် ကုမ္ပဏီသည်ဆုံးဖြတ်ချက်တစ်ရပ်အား အထွေထွေအစည်းအဝေး၌ချမှတ်ရာတွင် လိုအပ်သော ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပြီးဖြစ်စေရမည့်အပြင် ဤဥပဒေအရအောက်ပါ လိုအပ်ချက်များကိုလည်းလိုက်နာဆောင်ရွက်ပြီးဖြစ်စေရမည်-

(၁) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သောအချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများအား လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်းနှင့်အတူ ပေးပို့ရန်၊

(၂) မှတ်ပုံတင်အရာရှိထံသို့ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေးအကြောင်းကြားစာ တင်ပြရန် ကုမ္ပဏီတွင်ပါဝင်သူများက လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်း၏မိတ္တူတစ်စောင်တို့အား ပေးပို့တင်ပြရန်နှင့်

(၃) ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့်အစည်းအဝေးအကြောင်းကြားစာ တင်ပြရန် ဤပုဒ်မ၏ ပုဒ်မခွဲ(င) အပိုဒ်(၁)တွင် သတ်မှတ်ဖော်ပြထားသော အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများ၏ မိတ္တူတစ်စောင်စီကိုပေးပို့တင်ပြရန်

၁၅၇။ **အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် စာဖြင့်ရေးသားချမှတ်သည့် ဆုံးဖြတ်ချက်များဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများ**

(က) ကုမ္ပဏီအားလုံးသည်အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် စာဖြင့်ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်သက်ဆိုင်သည့် ဆောင်ရွက်မှုများအားလုံး၏ မှတ်တမ်းများကို ယင်းတို့အတွက် ပြုလုပ်ထားရှိသော မှတ်တမ်းစာအုပ်အသီးသီးတွင်ရေးသားဖော်ပြရန်အတွက် ပြုလုပ်ဆောင်ရွက်ရမည်။ သက်ဆိုင်ရာမှတ်တမ်းများ သို့မဟုတ် ဆုံးဖြတ်ချက်များကို ယင်းတို့နှင့်သက်ဆိုင်သည့် မှတ်တမ်းစာအုပ်များတွင် အစည်းအဝေးကျင်းပသည့်နေ့ရက် သို့မဟုတ် စာဖြင့်ရေးသားပြုလုပ်သည့်ဆုံးဖြတ်ချက် ချမှတ်သောနေ့ရက်မှစ၍ ၂၁ ရက်အတွင်းရေးသားဖော်ပြရမည်ဖြစ်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အခွင့်အာဏာအပ်နှင်းခြင်းခံရသည့် အခြားဒါရိုက်တာတစ်ဦးဦးက လက်မှတ်ရေးထိုးထားရမည်။

(ခ) အဆိုပါမှတ်တမ်း သို့မဟုတ် စာဖြင့်ရေးသားချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ၎င်းတို့အား ပြုလုပ်ဆောင်ရွက်ခဲ့သည့် အစည်းအဝေး၏ ဥက္ကဋ္ဌက ဖြစ်စေ၊ နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေး၏ ဥက္ကဋ္ဌကဖြစ်စေ လက်မှတ်ရေးထိုးသကဲ့သို့ ဆောင်ရွက်ခဲ့လျှင် ၎င်းဆောင်ရွက်မှုများ သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ခဲ့မှုများအတွက် သက်သေထင်ရှားပြီးဖြစ်စေရမည်။

(ဂ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် အတည်ပြုလက်မှတ်ရေးထိုးထားသောမှတ်တမ်းများတွင် ပါရှိသော ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး သို့မဟုတ် ဒါရိုက်တာအစည်းအဝေးများအားလုံးကို နည်းလမ်းတကျ ခေါ်ယူကျင်းပဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုအားလုံးသည် နည်းလမ်းတကျရှိခဲ့သည်ဟု သတ်မှတ်ရမည့်အပြင် ဒါရိုက်တာများ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်မှုအားလုံးသည်လည်း တရားဝင်သည်ဟု မှတ်ယူရမည်။

(ဃ) ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးဆိုင်ရာဆောင်ရွက်မှုမှတ်တမ်းများနှင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ စာဖြင့်ရေးသားချမှတ်ခဲ့သော ဆုံးဖြတ်ချက်များပါရှိသော စာရင်းစာအုပ်များကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း၌ဖြစ်စေ၊ ဤဥပဒေနှင့်အညီ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများထားရှိရာ အခြားနေရာတွင်ဖြစ်စေ ထိန်းသိမ်းထားရှိရမည်။ ယင်းတို့အား ရုံးလုပ်ငန်းအချိန်ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ခွင့်ပြုရမည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် အထွေထွေအစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင် အချိန်(၂)နာရီ အောက်မနည်းသော ကာလကိုခွင့်ပြုရန် သတ်မှတ်နိုင်သည်ဟူသော ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(င) အစည်းအဝေးကျင်းပသည့်နေ့မှ (၇) ရက်ကာလနောက်ပိုင်းမည်သည့်အချိန်တွင်မဆို ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြပါရှိသော မှတ်တမ်း သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသောသင့်လျော်သည့် အဖိုးအခကို ပေးသွင်း၍၎င်းတောင်းဆိုသည့် နေ့ရက်မှ (၇) ရက်အတွင်းရရှိခွင့်ရှိစေရမည်။

၁၅၈။ ပုဒ်မ၁၅၇ ၏ ပုဒ်မခွဲ(ဃ)အရ ဆောင်ရွက်သည့်စစ်ဆေးမှုတစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၁၅၇ ၏ ပုဒ်မခွဲ(င) အရ တောင်းဆိုသည့်မိတ္တူတစ်စုံတစ်ရာကို ပုဒ်မ ၁၅၇ ၏ ပုဒ်မခွဲ(င) တွင်သတ်မှတ်ထားသည့်အချိန်အတွင်း ပေးအပ်ခြင်းမပြုခဲ့လျှင် ထိုသို့ပျက်ကွက်မှု၌ သိလျက်ဖြင့် တမင်ပြုလုပ်ဆောင်ရွက်ခဲ့သော အဆိုပါ ကုမ္ပဏီနှင့်ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ(၃)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၅၉။ ပုဒ်မ ၁၅၈ တွင် ဖော်ပြထားသည့်ငြင်းပယ်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းအတွက် တရားရုံးသည်အမိန့်တစ်ရပ်ချမှတ်၍ အထွေထွေအစည်းအဝေး၏ ဆောင်ရွက်မှုများအားလုံး သို့မဟုတ် စာဖြင့်ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်သက်ဆိုင်သော စာရင်းစာအုပ်များကို ချက်ချင်းစစ်ဆေးဆောင်ရွက်မှု ပြုလုပ်စေနိုင်သည် သို့မဟုတ် မိတ္တူတောင်းခံသော ပုဂ္ဂိုလ်များထံသို့ လိုအပ်သောမိတ္တူများကို ပေးပို့စေရန် ညွှန်ကြားနိုင်သည်။

**အခန်း (၁၈) ဒါရိုက်တာများ၊ ၎င်းတို့၏လုပ်ပိုင်ခွင့်များနှင့်တာဝန်များ**

**ဒါရိုက်တာများ၏လုပ်ပိုင်ခွင့်များ**

၁၆၀။ **ဒါရိုက်တာများ၏လုပ်ပိုင်ခွင့်များ**

(က) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည် သို့မဟုတ် ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာတစ်ဦးတည်း၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်ရမည်။

(ခ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို စီမံဆောင်ရွက်ရာတွင် ဒါရိုက်တာများ သို့မဟုတ် တစ်ဦးတည်းရှိသော ဒါရိုက်တာသည် ကုမ္ပဏီ၏ လုပ်ပိုင်ခွင့်များအားလုံးကို ဤဥပဒေတွင်လည်းကောင်း၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်လည်းကောင်း အတိအလင်းဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီတွင်ပါဝင်သူများက ကျင့်သုံးဆောင်ရွက်ရန်လိုအပ်သော လုပ်ပိုင်ခွင့်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာများက ကျင့်သုံးဆောင်ရွက်နိုင်သော လုပ်ပိုင်ခွင့်များမှတစ်ရပ်ရပ်ကို အုပ်ချုပ်မှုဒါရိုက်တာ (managing director) တစ်ဦးထံသို့ အပ်နှင်းနိုင်သည်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ယင်း၏လုပ်ပိုင်ခွင့်များမှတစ်ရပ်ရပ်ကို အောက်ပါပုဂ္ဂိုလ်များထံသို့ အပ်နှင်းနိုင်သည်-

(၁) ဒါရိုက်တာများမှပါဝင်သောကော်မတီတစ်ရပ်ရပ်၊

(၂) ဒါရိုက်တာတစ်ဦးဦး၊

(၃) ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးဦး၊

(၄) အခြားပုဂ္ဂိုလ်တစ်ဦးဦး။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသူသည် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အဆိုပါ လုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်ရမည့်အပြင် ထိုသို့အပ်နှင်းခြင်းခံရသူက လုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်မှုသည် ဒါရိုက်တာများက အဆိုပါ လုပ်ပိုင်ခွင့်များအား ကျင့်သုံး ဆောင်ရွက်သည့်အတိုင်းအကျိုးသက်ရောက်သည်။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ ဒါရိုက်တာများသည် လုပ်ပိုင်ခွင့်တစ်ရပ်ကိုအပ်နှင်းခဲ့သည့်အခါ အောက်ပါအချက်များကို ဖော်ပြနိုင်ခြင်းမရှိခဲ့လျှင် ဒါရိုက်တာများကိုယ်တိုင် အဆိုပါ လုပ်ပိုင်ခွင့်အား ကျင့်သုံးဆောင်ရွက်သကဲ့သို့ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ဆောင်ရွက်မှုအတွက်တာဝန်ရှိစေရမည်-

(၁) လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူသည် ဤဥပဒေနှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အရ ကုမ္ပဏီ၏ ဒါရိုက်တာများအပေါ် သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများနှင့်အညီ လုပ်ပိုင်ခွင့်အား အမြဲကျင့်သုံးဆောင်ရွက်သည်ဟု သင့်လျော်သည့်အကြောင်းပြချက်များရှိခြင်းနှင့်

(၂) သဘောရိုးဖြင့်သင့်လျော်သည့်စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးရန် လိုအပ်သည့်အခြေအနေရှိခဲ့လျှင် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူသည် လွှဲအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အားထားရသော အရည်အချင်းပြည့်ဝသူဖြစ်သည်ဟု သင့်လျော်သည့်အကြောင်းပြချက်များရှိခြင်း။

၁၆၁။ **ဒါရိုက်တာများကအချက်အလက်များကိုရယူနိုင်ခြင်း**

(က) ဒါရိုက်တာတစ်ဦးသည် သင့်လျော်သည့်အချိန်တိုင်းတွင် ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) ဒါရိုက်တာအဖြစ်မှ ရပ်နားခဲ့သူတစ်ဦးဦးသည် ဒါရိုက်တာအဖြစ်မှ ရပ်နားပြီးနောက် (၇)နှစ်ကာလအတွင်း သင့်လျော်သည့်အချိန်တိုင်းတွင်အောက်ပါတရားစွဲဆိုဆောင်ရွက်မှုများအတွက် ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်ပြီး ယင်းတို့၏မိတ္တူများကိုရယူနိုင်သည်-

(၁) ဖော်ပြပါ ပုဂ္ဂိုလ်သည် အမှုသည်အဖြစ် ပါဝင်နေသောကိစ္စ၊

(၂) ဖော်ပြပါ ပုဂ္ဂိုလ်သည် သဘောရိုးဖြင့် တရားစွဲဆိုရန် ရည်ရွယ်ခြင်း၊

(၃) ဖော်ပြပါ ပုဂ္ဂိုလ်သည် ယင်းအပေါ်တရားစွဲဆိုရန် အကြောင်းရှိခြင်း။

၁၆၂။ **ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းသည့်ကန့်သတ်ချက်များ**

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကန့်သတ်ထားလျှင် အဆိုပါ ကုမ္ပဏီ၏ ဒါရိုက်တာများသည် အထွေထွေအစည်းအဝေးတွင် သဘောတူညီချက်ဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်မှအပ အောက်ပါတို့ကိုဆောင်ရွက်ခြင်းမပြုရ -

(က) ကုမ္ပဏီ၏ အဓိကလုပ်ငန်းဆောင်ရွက်မှုများကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖယ်ရှားခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာတစ်ဦးက ပေးချေရမည့် ကြွေးမြီတစ်ရပ်ရပ်ကို ပေးချေခြင်း။

၁၆၃။ **မဲပေးခြင်းနှင့်စပ်လျဉ်းသည့်ကန့်သတ်ချက်များ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင်ဆုံးဖြတ်မည့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ်ရှိခဲ့လျှင် ယင်းဒါရိုက်တာသည် အစည်းအဝေးတွင် အဆိုပါကိစ္စရပ်အား ဆုံးဖြတ်ဆောင်ရွက်နေချိန်၌ တက်ရောက်ခြင်းမပြုရသည့်အပြင် ယင်းကိစ္စရပ်အတွက်မဲပေးခြင်းမပြုရ။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင် ဆုံးဖြတ်မည့်ကိစ္စတစ်ရပ်ရပ်၌ ပုဂ္ဂိုလ်ရေးဆိုင်ရာအကျိုးခံစားခွင့်တစ်ရပ်ရပ်ပါရှိသော ဒါရိုက်တာတစ်ဦးသည် အောက်ပါအချက်များရှိခဲ့လျှင် ဒါရိုက်တာအစည်းအဝေးသို့ တက်ရောက်နိုင်ပြီး ထိုကိစ္စရပ်နှင့်စပ်လျဉ်း၍မဲပေးခွင့်ရှိသည် -

(၁) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာသည်ကုမ္ပဏီ၏လုပ်ငန်းများတွင် ၎င်း၏ အကျိုးခံစားခွင့်နှင့်ပါဝင်ပတ်သက်မှုများ၏အခြေအနေနှင့်အတိုင်းအတာများကို ထုတ်ဖော်ပြောဆိုခြင်း၊ အခြားဒါရိုက်တာများက အဆိုပါ ဒါရိုက်တာနှင့်အကျိုးခံစားခွင့်၏အခြေအနေကိုဖော်ပြသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ အဆိုပါ အကျိုးခံစားခွင့်သည် ထိုဒါရိုက်တာအား အစည်းအဝေးသို့တက်ရောက်ခြင်း သို့မဟုတ် မဲပေးခြင်းများအတွက် ထိခိုက်စေခြင်းမရှိဟု တွေ့ရှိရကြောင်းဖော်ပြခဲ့ခြင်းများရှိခဲ့လျှင်၊ သို့မဟုတ်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ်(၁) ၌ဖော်ပြထားသော ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ကဲ့သို့ အလားတူအကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်တစ်ရပ်အား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ချမှတ်ခဲ့လျှင်၊ သို့မဟုတ်

(၃) အကျိုးခံစားခွင့်သည် ပုဒ်မ ၁၇၂ အရ ထုတ်ဖော်ပြောဆိုရန် မလိုအပ်သော အကျိုးခံစားခွင့်တစ်ရပ်ဖြစ်ခဲ့လျှင်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဤပုဒ်မ၏ပုဒ်မခွဲ (ခ) တွင် ပါရှိသည့်သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် -

(၁) အဆိုပါ ဒါရိုက်တာသည် အကျိုးခံစားခွင့်ပါရှိသော ကိစ္စရပ်နှင့်စပ်လျဉ်း၍မဲပေးနိုင်သည်၊

(၂) အကျိုးခံစားခွင့်ပါရှိသော လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆက်လက်ပြုလုပ်နိုင်သည်၊

(၃) ဒါရိုက်တာတွင် အကျိုးခံစားခွင့်ရှိစေကာမူ အဆိုပါ ဒါရိုက်တာသည် လုပ်ငန်းဆောင်ရွက်မှုမှရရှိသည့် အကျိုးအမြတ်များကိုရယူနိုင်သည်၊ ၎င်းပြင်

**စာမျက်နှာ ၄ သို့**

**စာမျက်နှာ ၃ မှ**

(၄) အကျိုးခံစားခွင့် ပါရှိသည်ဆိုကာမျှဖြင့် ကုမ္ပဏီသည် လုပ်ငန်းဆောင်ရွက်မှုကို ရှောင်ရှားခြင်းမပြုနိုင်။

**ဒါရိုက်တာများနှင့်အရာရှိများ၏တာဝန်များ**

၁၆၄။**တာဝန်များ**

ပုဒ်မ ၁၆၅ မှ ပုဒ်မ ၁၇၂ အထိတို့တွင် ဒါရိုက်တာများနှင့်အရာရှိများအား ပေးအပ်ထားသည့် အဓိကတာဝန်များကို ပြဋ္ဌာန်းထားပါသည်။ သို့သော် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ပေးအပ်ထားသောတာဝန်များကိုကန့်သတ်ထားခြင်းမရှိစေရ။

၁၆၅။**ထိုက်သင့်သောဂရုပြုမှုနှင့်လုံ့လဝီရိယဖြင့်ဆောင်ရွက်ရန်တာဝန်**

(က) ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် အောက်ပါအခြေအနေများတွင် သာမန်ပုဂ္ဂိုလ်တစ်ဦးကထားရှိသော ဂရုပြုမှုနှင့် လုံ့လဝီရိယတို့ဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့်တာဝန်များကို ထမ်းဆောင်ခြင်းတို့ကိုပြုလုပ်ရမည် -

(၁) ဖော်ပြပါ ပုဂ္ဂိုလ်သည် ကုမ္ပဏီ၏အခြေအနေအရပ်ရပ်တို့တွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ်ရှိခဲ့ကြလျှင်၊ သို့မဟုတ်

(၂) ဖော်ပြပါပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ် ရာထူးရယူခဲ့ပြီး ယင်းတို့ကဲ့သို့အလားတူ တာဝန်များရှိခဲ့ကြလျှင်။

(ခ) ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးသည် ယင်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် တာဝန်များကို ထမ်းဆောင်သောအခါ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအားဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသော လုပ်ဆောင်မှုတစ်ရပ်ရပ်ကို ပြုလုပ်မည်၊ မပြုလုပ်မည်ဟူသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်ရာတွင် အောက်ပါကိစ္စရပ်များကို ပြုလုပ်ခဲ့လျှင် ဤပုဒ်မ၏ပုဒ်မခွဲ (က)အရ သတ်မှတ်ချက်များ၊ အလားတူဥပဒေနှင့်အညီ ဖြစ်သော တာဝန်များနှင့်ပုဒ်မ ၁၇၀ ပါ တာဝန်များကို လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည် -

(၁) ဆုံးဖြတ်ချက်အား လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် သဘောရိုးဖြင့်ချမှတ်ခဲ့လျှင်၊

(၂) ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စရပ်တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်မပါရှိလျှင်၊

(၃) ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာများကိုယ်တိုင် သင့်လျော်မျှတသည်ဟု ယုံကြည်လျှင်၊ ၎င်းပြင်

(၄) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာယုံကြည်လျှင်။

၁၆၆။**ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့်တာဝန်**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို အောက်ပါအတိုင်းကျင့်သုံးဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းနှင့် သဘောရိုးဖြင့်ဆောင်ရွက်ခြင်းနှင့်

(၂) လျော်ကန်သင့်မြတ်သောကိစ္စရပ်အတွက်ဆောင်ရွက်ခြင်း။

(ခ) ရာနှုန်းပြည့်လက်အောက်ခံကုမ္ပဏီ (wholly-owned subsidiary) ဖြစ်သည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့ လိုက်နာဆောင်ရွက်ရန် အတိအလင်းခွင့်ပြုထားလျှင် အဆိုပါ လက်အောက်ခံကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးရလဒ် မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ (holding company) အတွက် အကောင်းဆုံးအကျိုးရလဒ်များ ရှိသည်ဟု ၎င်းတို့ယုံကြည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ရာနှုန်းပြည့် ပိုင်ဆိုင်ထားသော လက်အောက်ခံ ကုမ္ပဏီတစ်ခု မဟုတ်သည့် လက်အောက်ခံကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ၎င်း၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့လိုက်နာဆောင်ရွက်ရန် အတိအလင်းခွင့်ပြုထားပြီး ယင်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီမှအပ ကုမ္ပဏီတွင် အခြားပါဝင်သူများ၏ ကြိုတင်သဘောတူညီမှုရှိခဲ့လျှင် လက်အောက်ခံကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးရလဒ်မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ယုံကြည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) အစုရှယ်ယာရှင်များအကြား ဖက်စပ်လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဖက်စပ်လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကိုကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့လိုက်နာဆောင်ရွက်ရန် အတိအလင်းခွင့်ပြုထားလျှင် ကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးရလဒ် မရှိစေကာမူ အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် အစုရှယ်ယာရှင်များအတွက် အကောင်းဆုံးအကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(င) ဤပုဒ်မ၏ပုဒ်မခွဲ (က) အပိုဒ်(၁) အရ တာဝန်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အခွင့်အာဏာများကို ကျင့်သုံးခြင်းနှင့် ၎င်းတို့၏ တာဝန်များကို ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည့်အခါ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် အောက်ပါကိစ္စရပ်များကိုထည့်သွင်းစဉ်းစားရမည် -

(၁) အောက်ပါတို့အပေါ် အကျိုးသက်ရောက်ခြင်း အပါအဝင် ဆုံးဖြတ်ချက်ကြောင့် ကာလရှည်ဖြစ်ပေါ်မည့် အကျိုးဆက်များ -

(ကက) ကုမ္ပဏီ၏ဝန်ထမ်းများ၊

(ခခ) ကုမ္ပဏီ၏ စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်နေမှုများတွင် ကုမ္ပဏီ၏ဝန်ဆောင်မှုများကို သုံးစွဲနေသူများနှင့် ကုမ္ပဏီသို့ပစ္စည်းပေးသွင်းနေသူများ၊

(ဂဂ) သဘာဝပတ်ဝန်းကျင်၊

(ဃဃ) ကုမ္ပဏီ၏ဂုဏ်သိက္ခာနှင့်

(၂) ကုမ္ပဏီတွင်ပါဝင်သူများအကြားတရားမျှတစွာဆောင်ရွက်ရန်လိုအပ်သည်များ။

၁၆၇။ **ရာထူးနေရာကိုအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ၎င်းတို့၏ ရာထူးနေရာအား အောက်ပါကိစ္စရပ်များအတွက် မလျော်မကန်အသုံးပြုခြင်းမရှိစေရ -

(က) မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော် လည်းကောင်း အကျိုးတစ်စုံတစ်ရာရရှိစေရန်၊ သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

၁၆၈။**သတင်းအချက်အလက်များကိုအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအနေဖြင့် ၎င်းတို့လက်ခံရရှိထားသော သတင်းအချက်အလက်များကို အောက်ပါကိစ္စရပ်များအတွက် မလျော်မကန် အသုံးပြုခြင်းမရှိစေရ -

(က) မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း အကျိုးတစ်စုံတစ်ရာရရှိစေရန်၊ သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

၁၆၉။**ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား လိုက်နာရန်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား ဆန့်ကျင်သော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် ကုမ္ပဏီတွင် ထိုသို့ဆန့်ကျင်လျက်ဆောင်ရွက်မည်ဟု သဘောတူလက်ခံခြင်းမပြုရ။

၁၇၀။**ကျိုးကြောင်းစဉ်းစားမှု မပြုဘဲ ကုန်သွယ်ခြင်းမှ ရှောင်ကြဉ်ရန်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည်ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအား ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ မြီရှင်များအတွက် ကြီးမားသည့်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေမည့်နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် သဘောတူခြင်းကို မပြုလုပ်ရ သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်မပြုရ။

၁၇၁။**တာဝန်များရယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့်တာဝန်**

ကုမ္ပဏီသည် တာဝန်တစ်ရပ်ရပ်ကို လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီက ဆောင်ရွက်နိုင်သည်ဟု သင့်လျော်သော အကြောင်းများရှိကြောင်း ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးက ယုံကြည်ခြင်းမရှိလျှင်၎င်းသည် ကုမ္ပဏီမှ ဆောင်ရွက်ပေးရမည့်တာဝန်တစ်ရပ်ရပ်ကို သဘောတူလက်ခံခြင်းမပြုရ။

၁၇၂။**အချို့သောအကျိုးခံစားခွင့်များကို ထုတ်ဖော်ပြောဆိုရမည့်တာဝန်**

(က) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ်ပါရှိသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် အောက်ပါအကြောင်းအရာများအပြင် ယင်း၏အကျိုးခံစားခွင့်နှင့် စပ်လျဉ်းသည့်ကိစ္စများအတွက် အကြောင်းကြားစာကို အခြားဒါရိုက်တာများထံသို့ ပေးပို့ရမည် -

(၁) အကျိုးခံစားခွင့်သည် -

(ကက) ဒါရိုက်တာမှာ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ပြီး အခြားပါဝင်သူများနှင့်အလားတူ ပိုင်ဆိုင်မှုကြောင့် ရရှိခြင်း၊

(ခခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ဒါရိုက်တာ လုပ်အားခနှင့်စပ်လျဉ်း၍ ရရှိခြင်း၊

(ဂဂ) ကုမ္ပဏီတွင်ပါဝင်သူများ၏အတည်ပြုချက်လိုအပ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက အတည်မပြုခဲ့လျှင် ကုမ္ပဏီအပေါ် တာဝန်တစ်ရပ်ရပ် မဖြစ်ပေါ်စေမည့် ကုမ္ပဏီက ပါဝင်ချုပ်ဆိုရန် အဆိုပြုထားသည့် ပဋိညာဉ်တစ်ရပ်ရပ်နှင့်သက်ဆိုင်ခြင်း၊

(ဃဃ) ဒါရိုက်တာကအာမခံသူဖြစ်ခြင်း သို့မဟုတ် ၎င်းအား ကုမ္ပဏီကရယူသည့်ချေးငွေ သို့မဟုတ် အဆိုပြုထားသော ချေးငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအတွက်လျော်ကြေးငွေတစ်ရပ်ရပ် သို့မဟုတ် အာမခံချက်တစ်ရပ်ရပ်ပေးခြင်းကြောင့်ဖြစ်ပေါ်လာခြင်း၊

(ငင) အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသည့် အာမခံချက် သို့မဟုတ် လျော်ကြေးငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဒါရိုက်တာသည်အစားထိုးဆောင်ရွက်နိုင်ခွင့် (right of subrogation) ရှိခြင်းကြောင့်ဖြစ်ပေါ်လာခြင်း၊

(စစ) ကုမ္ပဏီကိုဖြစ်စေ၊ ဆက်စပ်သည့်အဖွဲ့အစည်းကို ဖြစ်စေ အာမခံချက်ပေးသူအဖြစ် ဆောင်ရွက်စေခြင်း မရှိစေဘဲ ကုမ္ပဏီ၏အရာရှိတစ်ဦးအဖြစ် ဒါရိုက်တာက ဆောင်ရွက်ပေးရသော တာဝန်ရှိမှုများအပေါ် အာမခံစေသော သို့မဟုတ် အာမခံစေမည်ဖြစ်သော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာခြင်း၊

(ဆဆ) ပုဒ်မ ၁၈၁ အရ ခွင့်ပြုထားသောလျော်ကြေးငွေ သို့မဟုတ် အဆိုပါ လျော်ကြေးငွေနှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းက ငွေပေးချေမှုတစ်ရပ်ရပ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာခြင်း၊

(ဇဇ) ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုနှင့်ဖြစ်စေ၊ ထိုအဖွဲ့အစည်း၏ အကျိုးအတွက်ဖြစ်စေ၊ သို့မဟုတ် ထိုအဖွဲ့အစည်း၏ ကိုယ်စားဖြစ်စေ ချုပ်ဆိုသော သို့မဟုတ် ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်တွင်ပါရှိပြီး ဒါရိုက်တာသည် ဆက်စပ်သည့်အဖွဲ့အစည်း၏ ဒါရိုက်တာဖြစ်သော အကြောင်းကြောင့်ဖြစ်ပေါ်လာခြင်း။

(၂) ဒါရိုက်တာသည် အကျိုးခံစားခွင့်၏ အခြေအနေ၊အတိုင်းအတာပမာဏနှင့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများတွင် ယင်း၏သက်ဆိုင်မှုတို့နှင့်စပ်လျဉ်းသော အကြောင်းကြားစာကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးပို့ဆောင်ရွက်ပြီးဖြစ်သည့်အပြင် ထိုအကြောင်းကြားစာမှာ ဆက်လက်အကျိုးသက်ရောက်နေခြင်း၊သို့မဟုတ်

(၃) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးသာရှိပြီး အဆိုပါ ဒါရိုက်တာ၊ ၎င်းနှင့်ဆက်နွယ်သည့်ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသာလျှင်ဖြစ်ခြင်း။

တစ်ဦးတည်း ဒါရိုက်တာရှိသည့်ကုမ္ပဏီတွင် အခြားအစုရှယ်ယာရှင်ရှိခဲ့လျှင် ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ ပေးပို့ရန် လိုအပ်သည့် အကြောင်းကြားစာကိုထိုအစုရှယ်ယာရှင်များထံသို့ပေးပို့ရမည်။

(ခ) အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် အကြောင်းကြားစာကို လိုအပ်သည့်အချိန်တိုင်းတွင် ပေးပို့နိုင်သည် သို့မဟုတ် ပေါ်ပေါက်လာသည့်ကိစ္စရပ်တွင်အကျိုးခံစားခွင့်ပါရှိသော ကုမ္ပဏီ၏ဒါရိုက်တာသည် အခြားဒါရိုက်တာများထံသို့ အကျိုးခံစားခွင့်၏ အခြေအနေနှင့် အတိုင်းအတာပမာဏတို့နှင့် သက်ဆိုင်သောတည်မြဲအကြောင်းကြားစာ (standing notice) ကို ပေးပို့နိုင်သည်။

(ဂ) အကြောင်းကြားစာပေးပို့သည့်အချိန်တွင် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများနှင့်သက်ဆိုင်သော ကိစ္စရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တည်မြဲအကြောင်းကြားစာကို မည်သည့်အချိန်တွင် မဆိုပေးပို့နိုင်သည်။ သို့ရာတွင် ဒါရိုက်တာအဖွဲ့တွင် ဒါရိုက်တာအသစ်တစ်ဦးအား ခန့်ထားပါက ယခင်ကပေးပို့ထားသော တည်မြဲအကြောင်းကြားစာများကို အသစ်ဖွဲ့စည်းထားသော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးတွင် ပြန်လည်တင်ပြရမည်။

(ဃ) အကြောင်းကြားစာတွင် ဖော်ပြထားသော အကျိုးခံစားခွင့်၏ အခြေအနေ သို့မဟုတ် အတိုင်းအတာပမာဏမှာ သိသာစွာ တိုးမြင့်လာလျှင် အဆိုပါ တည်မြဲအကြောင်းကြားစာ၏ အကျိုးသက်ရောက်မှုမှာရပ်စဲသည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ထားသော အကြောင်းကြားစာတစ်ရပ်ရပ်သည် -

(၁) အကျိုးခံစားခွင့်၏အခြေအနေ၊ အတိုင်းအတာပမာဏတို့နှင့် သက်ဆိုင်သောအချက်အလက်အသေးစိတ်ကိုဖော်ပြပါရှိစေရမည်၊၎င်းပြင်

(၂) ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ပေးပို့တင်ပြရမည်ဖြစ်ပြီး မှတ်တမ်းများတွင်စာရင်းရေးသွင်းထားရမည်။

(စ) ဒါရိုက်တာတစ်ဦးဦးက ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်လျက်ဆောင်ရွက်ခြင်းများသည် မည်သည့်ဆောင်ရွက်ချက်၊ လုပ်ငန်းဆောင်ရွက်မှု၊ သဘောတူညီချက်၊ စာချုပ်စာတမ်း၊ ဆုံးဖြတ်ချက် သို့မဟုတ် အခြားကိစ္စရပ်များ၏တရားဝင် အတည်ဖြစ်မှုကို ထိခိုက်စေခြင်းမရှိစေရ။

(ဆ) အကျိုးစီးပွား ဆန့်ကျင်ခြင်းနှင့်စပ်လျဉ်းသော အခြားဥပဒေတစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း တစ်ရပ်ရပ်တို့အပြင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရမည်။

**ဒါရိုက်တာများအားခန့်အပ်ခြင်း၊ ၎င်းတို့၏ အခကြေးငွေနှင့် ခန့်အပ်မှုအား ရပ်စဲခြင်း**

၁၇၃။**ဒါရိုက်တာများအားခန့်အပ်ခြင်း**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိခြင်းမရှိလျှင် ယင်း၏အခြားစည်းမျဉ်းစည်းကမ်းများနှင့်အညီ -

(၁) ကုမ္ပဏီ၏ပထမဦးဆုံးဒါရိုက်တာများမှာဤဥပဒေ၏အပိုင်း (၂) အရ ပြုလုပ်သောကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှုအတွက် လျှောက်လွှာတွင် အမည်စာရင်းဖော်ပြထားသော ပုဂ္ဂိုလ်များဖြစ်သည်၊

(၂) ယင်းနောက်ပိုင်းတွင် ကုမ္ပဏီ၏ ဒါရိုက်တာများကို အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ကုမ္ပဏီတွင်ပါဝင်သူများကခန့်အပ်ရမည်၊ ၎င်းပြင်

(၃) ဒါရိုက်တာများအနက် ရုတ်တရက်လစ်လပ်သွားသော ဒါရိုက်တာနေရာတွင် အဆိုပါ ဒါရိုက်တာများသည်အစည်းအဝေးအထမြောက်စေမည့်အရေအတွက်တွင် မပါဝင်သော်လည်း ထိုသို့ လစ်လပ်သွားသော နေရာအတွက် ဒါရိုက်တာများက ဖြည့်စွက်ခန့်ထားရမည်။ သို့သော်ထိုသို့ခန့်အပ်ခံရသူအတွက် အဆိုပါ ခန့်အပ်မှုကိုပြုလုပ်ပြီးနောက်တွင် ကျင်းပသည့်

**စာမျက်နှာ ၅ သို့**

စာမျက်နှာ ၄ မှ

ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ ကုမ္ပဏီတွင်ပါဝင်သူများ၏အတည်ပြုချက်ကိုရယူရမည်။ အဆိုပါအစည်းအဝေးအား ခန့်အပ်မှုပြုလုပ်ပြီးနောက် (၆)လအတွင်း ခေါ်ယူကျင်းပရမည်။

(ခ) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတစ်ရပ်စီ၌ ဒါရိုက်တာဦးရေစုစုပေါင်း၏ သုံးပုံတစ်ပုံ သို့မဟုတ် သုံးပုံတစ်ပုံနှင့် အနီးစပ်ဆုံးဖြစ်သည့်အရေအတွက်သည် ရာထူးမှအငြိမ်းစားယူရမည်။ အစည်းအဝေးတစ်ရပ်ရပ်တွင် အငြိမ်းစားယူရမည့် ဒါရိုက်တာများသည် နောက်ဆုံးရွေးကောက်တင်မြှောက်ထားသည့်အချိန်မှစ၍ ရာထူးနေရာတွင် သက်တမ်းအကြာဆုံး ထမ်းဆောင်ပြီးသူများဖြစ်ရမည်။ သို့သော်တစ်နေ့တည်းတွင် ဒါရိုက်တာများအဖြစ် ရွေးချယ်ခံခဲ့ရသူများအကြား အနားယူရမည့်သူကို ရွေးချယ်ရာတွင် ဥက္ကဋ္ဌကဆုံးဖြတ်ရမည်။

(ဂ) ဒါရိုက်တာတစ်ဦးကို ခန့်အပ်နိုင်ရန်အတွက် အထွေထွေအစည်းအဝေး၌ ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်တွင် အဆိုပြုထားသည့် ဒါရိုက်တာတစ်ဦးကိုသာလျှင် ဖော်ပြနိုင်မည်ဖြစ်သည်။ သို့သော် အခြားဒါရိုက်တာများခန့်ထားရန် သီးခြားဆုံးဖြတ်ချက်များကို အစည်းအဝေးတစ်ရပ်တည်း၌ ချမှတ်နိုင်သည်။

(ဃ) ဒါရိုက်တာများသည် ယင်းတို့အနက်မှ ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကို ကာလတစ်ရပ်အတွက် ဒါရိုက်တာများက သင့်သည်ထင်မြင်သော စည်းကမ်းချက်များဖြင့် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ (managing director) အဖြစ် ခန့်အပ်နိုင်သည်။ ထိုသူသည် ဒါရိုက်တာတစ်ဦးအဖြစ်မှရပ်စဲလျှင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ်မှရပ်စဲရမည်။

(င) အခြားဒါရိုက်တာများ၏ အတည်ပြုချက်ဖြင့် ဒါရိုက်တာတစ်ဦးသည် သတ်မှတ်ထားသော ကာလတစ်ရပ်အတွက် ထိုဒါရိုက်တာ၏ လုပ်ပိုင်ခွင့်အချို့ကိုဖြစ်စေ သို့မဟုတ် အားလုံးကိုဖြစ်စေ ကျင့်သုံးစေရန် အခြားသူတစ်ဦးကို ခန့်အပ်နိုင်သည်။ အဆိုပါ အလှည့်ကျဒါရိုက်တာအဖြစ် ခန့်အပ်ခံရသူသည် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ဒါရိုက်တာက ကျင့်သုံးဆောင်ရွက်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။ ခန့်အပ်မှုအားစာဖြင့်ရေးသားဆောင်ရွက်ရမည်ဖြစ်ပြီး ကုမ္ပဏီသို့ ပေးပို့တင်ပြရမည်။ ခန့်အပ်မှုအား ထိုသို့ခန့်အပ်သည့် ဒါရိုက်တာက မည်သည့်အချိန်တွင်မဆိုပြန်လည်ရုပ်သိမ်းနိုင်သည်။

(စ) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသော ဒါရိုက်တာလည်းဖြစ်သော၊ တစ်ဦးတည်းသောအစုရှယ်ယာရှင်လည်းဖြစ်သော ဒါရိုက်တာသည် စာဖြင့်ရေးသားချမှတ်သည့် ဆုံးဖြတ်ချက်ဖြင့် အခြားဒါရိုက်တာတစ်ဦးကိုခန့်အပ်နိုင်သည်။

(ဆ) ကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသော ဒါရိုက်တာလည်းဖြစ်သော၊ တစ်ဦးတည်းသော အစုရှယ်ယာရှင်လည်းဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး သေဆုံးခြင်း သို့မဟုတ် မသန်စွမ်းသူတစ်ဦးဖြစ်လာခြင်းရှိခဲ့လျှင် ထိုပုဂ္ဂိုလ်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူသည် ပုဂ္ဂိုလ်တစ်ဦးဦးအားကုမ္ပဏီ၏ ဒါရိုက်တာအဖြစ်ခန့်အပ်နိုင်သည်။

(ဇ) ကုမ္ပဏီတွင် ဒါရိုက်တာများမရှိခဲ့လျှင် သို့မဟုတ် ဒါရိုက်တာဦးရေသည် ဒါရိုက်တာအစည်းအဝေးတစ်ရပ် ကျင်းပရာတွင် အထမြောက်စေရန် သတ်မှတ်ထားသည့် အနည်းဆုံးဦးရေ မပြည့်မီခဲ့လျှင် ဤဥပဒေပါပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများနှင့်အညီ ဒါရိုက်တာများကို ခန့်ထားရန်မဖြစ်နိုင်လျှင် သို့မဟုတ် ဆောင်ရွက်၍မရခဲ့လျှင် အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကို ခန့်ထားပေးစေရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။ တရားရုံးသည် ကုမ္ပဏီ၏အကျိုးအတွက် ထိုသို့ခန့်အပ်ရန်ဆုံးဖြတ်လျှင် ထိုခန့်အပ်မှုအား ပြုလုပ်နိုင်ပြီး ထိုသို့ခန့်အပ်မှုတစ်ရပ်ရပ်ကို တရားရုံးကသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၇၄။ **ဒါရိုက်တာများကိုဖယ်ရှားခြင်း**

ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာတစ်ဦးဦးအား ဖယ်ရှားရန်ရည်ရွယ်ချက်ဖြင့် ခေါ်ယူကျင်းပသည့် အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက် တစ်ရပ်ကိုချမှတ်၍ဖြစ်စေ၊ ဤဥပဒေနှင့်အညီ စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်၍ဖြစ်စေ ဒါရိုက်တာတစ်ဦးဦးကို ဖယ်ရှားနိုင်သည်။

၁၇၅။ **ဒါရိုက်တာ၏အရည်အချင်းများ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသော အစုရှယ်ယာများကို ပိုင်ဆိုင်ရန်လိုအပ်ပြီး ထိုသို့သတ်မှတ်ချက်နှင့် မပြည့်စုံသေးသော ဒါရိုက်တာအားလုံးသည် ၎င်းအား ဒါရိုက်တာအဖြစ် ခန့်အပ်သည့်နေ့မှ (၂) လအတွင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်နိုင်သည့်ပိုမိုတိုတောင်းသော ကာလအတွင်း အဆိုပါသတ်မှတ်ချက်နှင့်ကိုက်ညီစေရန် ဆောင်ရွက်ရမည့်တာဝန်ရှိသည်။

(ခ) အနည်းဆုံးအသက် (၁၈) နှစ်ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ကိုသာလျှင် ဒါရိုက်တာတစ်ဦးအဖြစ်ခန့်ထားရမည်။

(ဂ) ဒါရိုက်တာသည် စိတ်ပေါ့သွပ်သောသူ မဖြစ်စေရ။

(ဃ) ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ရန် တားမြစ်ထားခြင်းခံရသူတစ်ဦးသည် ထိုသို့တားမြစ်ထားသည့်အချိန်ကာလအတွင်း ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ခြင်းမပြုနိုင်။

(င) လူမွဲအဖြစ် ခံယူထားသူတစ်ဦးသည် ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ခြင်းမပြုနိုင်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီကထည့်သွင်းသတ်မှတ်နိုင်သော သီးခြားအရည်အချင်းများကို ထိခိုက်စေခြင်း မရှိစေရ၊ သို့သော် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော အရည်အချင်းတစ်ရပ်ရပ်နှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

(ဆ) ဒါရိုက်တာတစ်ဦးအဖြစ် ၎င်းအားခန့်အပ်ရာတွင် အရည်အချင်းတစ်ရပ်ရပ်နှင့်ပြည့်စုံမှု မရှိဟုဆိုစေကာမူ ယင်းတာဝန်တွင် ထမ်းဆောင်သူသည် ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့် ဒါရိုက်တာတစ်ဦး၏ တာဝန်ဝတ္တရားများကို ဖောက်ဖျက်ခြင်းအတွက် တာဝန်ရှိသည်ဟု သတ်မှတ်နိုင်သည်။

၁၇၆။ **ဒါရိုက်တာများ၏ဆောင်ရွက်မှုများသည်တရားဝင်အတည်ဖြစ်ခြင်း**

ဒါရိုက်တာတစ်ဦး၏ ဆောင်ရွက်မှုများသည် ၎င်းအား ခန့်အပ်ပြီးနောက်ပိုင်း ချို့ယွင်းချက်တစ်ခုခုတွေ့ရှိခြင်း သို့မဟုတ် ဤဥပဒေအရ ဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ ဒါရိုက်တာအဖြစ်ခန့်အပ်ရန် သတ်မှတ်ထားသည့် အရည်အချင်းတစ်ရပ်ရပ်နှင့် မညီညွတ်စေကာမူ တရားဝင်အတည်ဖြစ်စေရမည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးအား ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းသည် တရားဝင်အတည်ဖြစ်ခဲ့သော်လည်း တရားဝင်မဟုတ်သော ဆောင်ရွက်မှုတစ်ရပ်ရပ်ကိုတရားဝင်အတည်ဖြစ်စေသည်ဟု ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ မှတ်ယူခြင်းမရှိစေရ။

၁၇၇။ **ဒါရိုက်တာများ၏လုပ်ငန်းများကိုလွှဲပြောင်းခြင်း**

မည်သည့်ကုမ္ပဏီတွင်မဆို ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအား ယင်း၏လုပ်ငန်းကို အခြားသူတစ်ဦးဦးသို့ လုပ်ပိုင်ခွင့်လွှဲအပ်နိုင်ရေးအတွက် စည်းကမ်းချက်များကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ကုမ္ပဏီအကြား ချုပ်ဆိုခဲ့သော သဘောတူစာချုပ်ဖြင့်ဖြစ်စေ သတ်မှတ်ခဲ့လျှင် အဆိုပါ စည်းကမ်းချက်နှင့်အညီပြု လုပ်သည့်လုပ်ငန်းလွှဲအပ်ခြင်းသည် တစ်စုံတစ်ရာနှင့်ဆန့်ကျင်စေကာမူ ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်ဖြင့်အတည်မပြုမီကာလအထိ အကျိုးသက်ရောက်ခြင်းမရှိစေရ။

သို့ရာတွင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် လုပ်ငန်းမဆောင်ရွက်နိုင်သည့်ကာလအတွင်း အလှည့်ကျဒါရိုက်တာတစ်ဦးကို ခန့်အပ်ရန်အတွက် လုပ်ပိုင်ခွင့်အား ကျင့်သုံးခြင်းကို ဤပုဒ်မ၏အဓိပ္ပာယ်ဖော်ပြချက်အတွင်း လုပ်ငန်းလွှဲပြောင်းခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။ ထို့အပြင် အဆိုပါအလှည့်ကျဒါရိုက်တာသည် ယင်းအားခန့်အပ်သောသူက လုပ်ငန်းဆောင်ရွက်နေသည့်ကာလများတွင် ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်းမပြုရ။

၁၇၈။ **ဒါရိုက်တာ၏ရာထူးနေရာရပ်နားရခြင်း**

(က) ဒါရိုက်တာတစ်ဦး၏ရာထူးနေရာတွင် အောက်ပါကိစ္စတစ်ရပ်ရပ်လာဖြစ်ပေါ်လာခဲ့လျှင်ရပ်နားရမည် -

(၁) ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်ရေးအတွက် လိုအပ်သော အစုရှယ်ယာပိုင်ဆိုင်မှု သတ်မှတ်ချက်ရှိပါက ပုဒ်မ ၁၇၅ ၏ ပုဒ်မခွဲ(က)တွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကာလနောက်ပိုင်း ကာလတစ်ရပ်ရပ်တွင် ထားရှိရန် ပျက်ကွက်ခဲ့လျှင်၊

(၂) စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတစ်ခုခုက စိတ်ပေါ့သွပ်သောသူဖြစ်ကြောင်းတွေ့ရှိခဲ့လျှင်၊

(၃) ဒေဝါလီခံရကြောင်း သို့မဟုတ် လူမွဲဖြစ်ကြောင်း ဆုံးဖြတ်ခြင်းခံရလျှင်၊

(၄) အစုရှယ်ယာများအတွက် ငွေပေးချေရန် တောင်းခံမှု ပြုလုပ်သည့်နေ့မှ (၆) လအတွင်း ဒါရိုက်တာများ ပိုင်ဆိုင်ထားသည့် အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ၎င်းတို့အပေါ် တောင်းခံသည့်ငွေအား ပေးချေရန်ပျက်ကွက်လျှင်၊

(၅) တစ်ဆက်တစ်စပ်တည်းပြုလုပ်သော ဒါရိုက်တာများ အစည်းအဝေး (၃)ရပ် သို့မဟုတ် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပြက္ခဒိန်လ (၃)လ၊ ယင်းတို့အနက် ပိုမိုကြာမြင့်သည့်ကာလအတွင်း ကျင်းပပြုလုပ်သော ဒါရိုက်တာများအစည်းအဝေးအားလုံးသို့ ဒါရိုက်တာအဖွဲ့ထံမှ ခွင့်ယူခြင်းမရှိဘဲ သို့မဟုတ် အလှည့်ကျဒါရိုက်တာအားခန့်အပ်ခြင်းမပြုဘဲ တက်ရောက်ရန်ပျက်ကွက်လျှင်၊

(၆) ကုမ္ပဏီသို့ စာဖြင့်ရေးသားအကြောင်းကြား၍ ဒါရိုက်တာအဖြစ် ၎င်း၏ရာထူးနေရာမှ နုတ်ထွက်လျှင်၊

(၇) သေဆုံးခဲ့လျှင်၊

(၈) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ လုပ်ငန်းမှဖယ်ရှားခြင်းခံရလျှင်၊

(၉) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသော ဒါရိုက်တာရာထူးနေရာအတွက် လိုအပ်သည့်အရည်အချင်းတစ်ရပ်ရပ်ကိုရရှိရန်သို့မဟုတ်ညီညွတ်ရန်ပျက်ကွက်လျှင်။

(ခ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ဒါရိုက်တာ၏ လုပ်ငန်းကို ဤပုဒ်မတွင် သတ်မှတ်ထားသည့်ပြဋ္ဌာန်းချက်များအပြင် အခြားအကြောင်းများကြောင့် ဖယ်ရှားခံရမည်ဟုကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိစေရန်အတွက် ကုမ္ပဏီက ဆောင်ရွက်နိုင်ခြင်းကို ပိတ်ပင်ထားခြင်းမရှိစေရ။

၁၇၉။ **အတွင်းရေးမှူးများ**

(က) အတွင်းရေးမှူးတစ်ဦးကို ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် ခန့်အပ်နိုင်သည်။

(ခ) အနည်းဆုံးအသက် (၁၈) နှစ်ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ကိုသာလျှင် အတွင်းရေးမှူးတစ်ဦးအဖြစ် ခန့်ထားရမည်။

(ဂ) အတွင်းရေးမှူးသည်စိတ်ပေါ့သွပ်သောသူ မဖြစ်စေရ။

(ဃ) ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် အရာရှိတစ်ဦးအဖြစ်ဆောင်ရွက်ရန် တားမြစ်ထားခြင်း ခံရသူတစ်ဦးသည် ထိုသို့တားမြစ်ထားသည့်အချိန်ကာလအတွင်း အတွင်းရေးမှူးတစ်ဦးအဖြစ်ဆောင်ရွက်ခြင်းမပြုနိုင်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ကုမ္ပဏီကထည့်သွင်းသတ်မှတ်နိုင်သော အတွင်းရေးမှူးတစ်ဦးတွင်ရှိရမည့် သီးခြားအရည်အချင်းများကို ထိခိုက်စေခြင်းမရှိစေရ၊ သို့သော်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များသည် ဤပုဒ်မပါပြဋ္ဌာန်းချက်များအရ လိုအပ်သော အရည်အချင်းတစ်ရပ်ရပ်နှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

(စ) အတွင်းရေးမှူးတစ်ဦး၏ ဆောင်ရွက်မှုများသည် ၎င်းတို့အား ခန့်အပ်ပြီးနောက်ပိုင်း ချို့ယွင်းချက်တစ်ခုခုတွေ့ရှိခြင်း သို့မဟုတ် ဤဥပဒေအရဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ ၎င်းတို့အား ခန့်အပ်ရန် သတ်မှတ်ထားသည့် အရည်အချင်းတစ်ရပ်ရပ်နှင့် မညီညွတ်စေကာမူ တရားဝင်အတည်ဖြစ်စေရမည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးအား ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းသည် တရားဝင်အတည်ဖြစ်ခဲ့သော်လည်း တရားဝင်မဟုတ်သော ဆောင်ရွက်မှုတစ်ရပ်ရပ်ကို တရားဝင်အတည်ဖြစ်စေသည်ဟု ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ မှတ်ယူခြင်းမရှိစေရ။

**လျော်ကြေးငွေ၊ အာမခံ၊ တာဝန်ရှိမှုမှ သက်သာခွင့်များနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များနှင့် အကန့်အသတ်မရှိသော တာဝန်ရှိမှုဆိုင်ရာပြဋ္ဌာန်းချက်များ**

၁၈၀။ **ဒါရိုက်တာများ၊ အရာရှိများနှင့် စာရင်းစစ်များ၏ တာဝန်ရှိမှုမှ ကင်းလွတ်ခွင့်ပြုနိုင်သော ပြဋ္ဌာန်းချက်များကိုရှောင်ရှားခြင်း**

ဤအခန်းတွင် ပြဋ္ဌာန်းပါရှိသည်မှတစ်ပါး ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိကို လည်းကောင်း၊ ကုမ္ပဏီ၏ အရာရှိတစ်ဦးဖြစ်သည် ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ စာရင်းစစ်အဖြစ် ခန့်အပ်ထားသော အခြားသူတစ်ဦးဦးကိုလည်းကောင်း၊ ၎င်းတို့အပေါ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ကုမ္ပဏီနှင့်အခြားနည်းဖြင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်တို့တွင် ဖော်ပြထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီနှင့်သက်ဆိုင်သော အပြစ်ရှိစေနိုင်မည့် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ တာဝန်ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံမှုကိုဖောက်ဖျက်မှုတို့နှင့်စပ်လျဉ်း၍ ကုမ္ပဏီသို့တာဝန်ရှိမှု တစ်ရပ်ရပ်မှကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ဖော်ပြထားသည့်ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ပျက်ပြယ်စေရမည်။

၁၈၁။ **လျော်ကြေးငွေများ**

(က) ဤပုဒ်မတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီ၏ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်တစ်ဦးအဖြစ် ကျခံဆောင်ရွက်ပေးရန် ဖြစ်ပေါ်လာသည့် အောက်ပါတာဝန်ရှိမှုတစ်ရပ်ရပ်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား လျော်ကြေးမပေးရ -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုသို့ ဆောင်ရွက်ပေးရမည့်တာဝန်ရှိမှုတစ်ရပ်ရပ်၊ သို့မဟုတ်

(၂) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်း တစ်ခုမှအပ အခြားသူတစ်ဦးဦးသို့ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သဘောရိုးဖြင့်ဆောင်ရွက်ခြင်း မဟုတ်သည့် တာဝန်ရှိမှုတစ်ရပ်ရပ်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များအတွက် ကုန်ကျစရိတ်ကျခံခြင်းမှတစ်ပါး ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုအား ကုမ္ပဏီ၏ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်တစ်ဦးအဖြစ် ကျခံဆောင်ရွက်ပေးရမည့်တာဝန်ရှိမှုတစ်ရပ်အတွက် တရားစွဲဆိုမှုကို ခုခံချေပရာတွင် ကုန်ကျသည့်တရားရုံးစရိတ်များအပေါ် တာဝန်ရှိမှုအတွက် လျော်ကြေးပေးခြင်းကိုတားမြစ်ခြင်းမရှိစေရ -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ လျော်ကြေးမပေးရသော တာဝန်ရှိမှုတစ်ရပ်နှင့် စပ်လျဉ်းသော တရားစွဲဆိုမှုများတွင်ခုခံချေပခြင်း၊ သို့မဟုတ်

(၂) အပြစ်ရှိသောသူပါဝင်သည့် ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုများတွင် ခုခံချေပခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ တရားရုံးအမိန့်တစ်ရပ် ချမှတ်ရန်အတွက် စွဲဆိုသည့်အမှုများတွင် တရားရုံးကအမိန့်တစ်ရပ်ချမှတ်ရန်လိုအပ်ကြောင်း အထောက်အထားများရှိခဲ့လျှင် ထိုအမှုများကိုခုခံချေပခြင်း၊ သို့မဟုတ်

(၄) ဤဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးကို သက်သာခွင့်ပြုရန်အတွက် တရားစွဲဆိုသောအမှုဖြစ်ပြီး တရားရုံးကထိုသက်သာခွင့်ကို ငြင်းပယ်သည့်အမှုများနှင့်စပ်လျဉ်းခြင်း။ **စာမျက်နှာ ၆ သို့**

စာမျက်နှာ ၅ မှ

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါကိစ္စရပ်များအတွက် တရားစွဲဆိုမှုများ၏ရလဒ်သည် တရားစွဲဆိုမှုများနှင့် အယူခံမှုတို့၏ ရလဒ်ကို ဆိုလိုသည်။

၁၈၂။ **အာမခံထားရှိခြင်း**

(က) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အောက်ပါကိစ္စရပ်တစ်ခုခုကြောင့်ပေါ်ပေါက်လာသော တာဝန်ရှိမှုတစ်ရပ်အပေါ် တရားရုံးစရိတ်များအတွက် တာဝန်ရှိမှုမှအပ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်ဖြစ်သူအတွက် အာမခံပဋိညာဉ်တစ်ရပ်၏ ပရီမီယံကြေး (premium) ကို ပေးဆောင်ခြင်းမပြုရ သို့မဟုတ် ပေးဆောင်ရန်သဘောတူခြင်းမပြုရ -

(၁) ကုမ္ပဏီနှင့် သက်ဆိုင်သော တာဝန်တစ်ရပ်ကို တမင်ဖောက်ဖျက်ခြင်းများ ပါဝင်သော ဆောင်ရွက်မှုများပြုလုပ်ခြင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၁၆၇ သို့မဟုတ် ၁၆၈ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်း။

(ခ) အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ် (၁) သို့မဟုတ် (၂)တွင် ရည်ညွှန်းသည့်တာဝန်ရှိမှုတစ်ရပ်မှအပ အခြားတာဝန်ရှိမှုကို ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသည် ပေးချေရန် သို့မဟုတ် ပေးချေရန် သဘောတူခြင်း၊ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်ဖြစ်သူအတွက် အာမခံထား ပဋိညာဉ်တစ်ရပ်၏ ပရီမီယံကြေး (premium) ပေးဆောင်ခြင်းကို ဤပုဒ်မ၏ ပုဒ်မခွဲ (က) သည် တားမြစ်ခြင်းမရှိ။

၁၈၃။ **တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတွင် ဒါရိုက်တာများ၌ အကန့်အသတ်မရှိသောတာဝန်ရှိမှုများရှိနိုင်ခြင်း**

ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်းမရှိစေဘဲ ဤဥပဒေစတင်အကျိုးသက်ရောက်ခြင်း မရှိမီက ဖွဲ့စည်းတည်ထောင်ခဲ့သည့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် ဤဥပဒေစတင်အကျိုးသက်ရောက်ခြင်းမရှိမီက ခန့်အပ်ထားသော ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၏ တာဝန်ရှိမှုများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထိုသို့အကန့်အသတ်မရှိကြောင်း သတ်မှတ်ဖော်ပြထားလျှင် အကန့်အသတ်မရှိ ထားရှိနိုင်သည်။

**ဒါရိုက်တာများ၊ အရာရှိများနှင့် အခြားဆက်နွယ်သည့် ပုဂ္ဂိုလ်များ၏ အကျိုး ခံစားခွင့်များနှင့်၎င်းတို့နှင့်ဆက်သွယ်ဆောင်ရွက်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်**

၁၈၄။ **အငြိမ်းစားယူခြင်းအတွက်အကျိုးခံစားခွင့်များထောက်ပံ့ခြင်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည်အကျိုးခံစားခွင့်ပေးရန်အတွက် ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင်ပါဝင်သူများ၏အတည်ပြုချက်မရရှိဘဲ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ အရာရှိတစ်ဦးအဖြစ်မှ ပုဂ္ဂိုလ်တစ်ဦးဦးက အငြိမ်းစားယူခြင်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ထိုပုဂ္ဂိုလ်အားပေးအပ်ခြင်းမပြုရ။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်သည် အရာရှိ၏ အလုပ်ခန့်ထားခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ် သို့မဟုတ် ကုမ္ပဏီနှင့် အလားတူစီစဉ်ဆောင်ရွက်ထားမှုအရ သို့မဟုတ် ယင်းတို့နှင့် စပ်လျဉ်း၍ ဥပဒေအရသော်လည်းကောင်း၊ သဘောရိုးဖြင့် သော်လည်းကောင်း ပေးချေရန်လိုအပ်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ပေးချေခြင်းအား ကန့်သတ်ထားခြင်းမရှိစေရ။

၁၈၅။ **တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းကို လွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသည့်အကျိုးခံစားခွင့်များပေးအပ်ခြင်း**

ကုမ္ပဏီတစ်ခုသည်ယင်း၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုခု၏ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သောအရာရှိတစ်ဦးကိုဖြစ်စေ၊ ယင်းတို့၏ ဇနီးမယား၊ ဆွေမျိုး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင်ပါဝင်သူများ၏ အတည်ပြုချက်မရရှိဘဲ ယင်းကုမ္ပဏီ၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းပေးခြင်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အား ပေးအပ်ခြင်းမပြုရ။

၁၈၆။ **အကျိုးခံစားခွင့်ဆိုင်ရာများကို ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

(က) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တို့တွင် ဖော်ပြထားသော အကျိုးခံစားခွင့် တစ်မျိုးမျိုးကို ကုမ္ပဏီတစ်ခု၊ အဆိုပါ ကုမ္ပဏီ၏ မူရင်းအစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီရှိခဲ့ပါက ၎င်းကုမ္ပဏီနှင့် အခြားဆက်စပ်သည့်အဖွဲ့အစည်းများမှ ထိုကုမ္ပဏီများတွင် ပါဝင်သူများ၏ အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့လျှင် ပေးအပ်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ကျင်းပသော အစည်းအဝေးတစ်ရပ်ရပ်အတွက် အကြောင်းကြားစာတွင် အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့်အသေးစိတ်ဖော်ပြချက်များနှင့်ယင်းအတွက် မည်သို့မဲပေးဆောင်ရွက်မည်ဟူသည့်ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် အရေးကြီးသောအချက်အလက်များကို ဖော်ပြပါရှိရမည်။

(ဂ) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တို့တွင် ဖော်ပြထားသောအရာရှိ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သောအရာရှိ သို့မဟုတ် အကျိုးခံစားခွင့်ကိုရရှိနိုင်သော အခြားသူတစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးထံမှ ကိုယ်စားလှယ်အဖြစ် မည်သို့မဲပေးရမည်ကို ညွှန်ကြားထားလျှင်မှတစ်ပါး အဆိုပါ အကျိုးခံစားခွင့်နှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်တစ်ရပ်ရပ်အတွက် မဲပေးခြင်းပြုရ။

၁၈၇။ **ဒါရိုက်တာများ၏ အခကြေးငွေနှင့်ဒါရိုက်တာများနှင့် ဆက်နွယ်သည့်ပုဂ္ဂိုလ်များသို့ပေးအပ်သည့်အခြားအကျိုးခံစားခွင့်များ**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေတွင်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်လည်းကောင်း ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါကိစ္စရပ်များကို ခွင့်ပြုနိုင်သည် -

(၁) ဒါရိုက်တာအဖြစ် သို့မဟုတ် အခြားရာထူးနေရာတွင် ဆောင်ရွက်ခြင်းအတွက် ကုမ္ပဏီကဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ၎င်းနှင့်ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ပေးရမည့် အခကြေးငွေ သို့မဟုတ် အခြားအကျိုးခံစားခွင့်များကိုပေးချေခြင်း၊

(၂) လုပ်ငန်းလက်လွှတ်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကို ကုမ္ပဏီက ဒါရိုက်တာ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာတစ်ဦးဦးသို့ ပေးချေခြင်း၊

(၃) ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ချေးငွေထုတ်ပေးခြင်း၊

(၄) ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့်ပုဂ္ဂိုလ်တစ်ဦးဦးက ပေးချေရမည့်ကြွေးမြီများအတွက် ကုမ္ပဏီကအာမခံချက်များ ပြုလုပ်ပေးခြင်း၊

(၅) အပိုဒ်(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင်ဖော်ပြပါရှိသည့် ကိစ္စရပ်များအနက်မှ တစ်ရပ်ရပ်ကို ပြုလုပ်ပေးရန် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ အခြားနည်းအားဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိသည့် ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့်ပုဂ္ဂိုလ်အတွက် အခြားသော ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ် ပြုလုပ်ပေးခြင်းနှင့်

(၆) ဘုတ်အဖွဲ့သည် အောက်ပါကိစ္စရပ်များကို ကျေနပ်လက်ခံလျှင် -

(ကက) ထိုသို့ ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံးအကျိုးစီးပွားအတွက်ဖြစ်ခြင်း၊

(ခခ) ထိုသို့ဆောင်ရွက်ခြင်းသည် ဆောင်ရွက်နေသော အခြေအနေများနှင့် ကျိုးကြောင်းညီညွတ်မှုရှိခြင်းနှင့်

(ဂဂ) ထိုသို့ငွေပေးချေခြင်း သို့မဟုတ် အကျိုးခံစားခွင့် သို့မဟုတ် ချေးငွေ သို့မဟုတ် အာမခံချက် သို့မဟုတ် ပဋိညာဉ်သည် ကုမ္ပဏီ၏ရှုထောင့်မှကြည့်ပါက နှစ်ဦးနှစ်ဖက်လွတ်လပ်စွာဖြင့် ဘက်လိုက်မှုမရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့် စည်းကမ်းချက်များဖြင့် သတ်မှတ်၍ ဆောင်ရွက်ခြင်း။

(ခ) ဒါရိုက်တာအဖွဲ့သည် ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်းများ ပြုလုပ်ရန်ခွင့်ပြုပြီးနောက်တွင် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်နှင့် စပ်လျဉ်းသည့်အချက်အလက်များကို ပုဒ်မ ၁၈၉ အရ ကုမ္ပဏီက ထိန်းသိမ်းထားရှိသည့်အကျိုးခံစားခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရခွင့်ပြုထားသော ပဋိညာဉ်တစ်ရပ်ရပ်အရ ဒါရိုက်တာတစ်ဦး သို့မဟုတ် ဆက်နွယ်သည့်ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အခကြေးငွေများပေးချေခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များပေးအပ်ခြင်းတို့ကို အဆိုပါ ပုဒ်မခွဲအရ ထပ်မံခွင့်ပြုပေးရန် မလို။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ခွင့်ပြုရန်အတွက် ဆန္ဒမဲပေးသော ဒါရိုက်တာများသည် ၎င်းတို့၏ ထင်မြင်ချက်အရ ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်းများသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်ကြောင်း၊ ကုမ္ပဏီ၏ရှုထောင့်မှကြည့်ပါက နှစ်ဦးနှစ်ဖက်လွတ်လပ်စွာဖြင့် ဘက်လိုက်မှုမရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့်စည်းကမ်းချက်များဖြင့် ပြုလုပ်ကြောင်း၊ ဆောင်ရွက်နေသော အခြေအနေများနှင့် ကျိုးကြောင်းညီညွတ်မှုရှိကြောင်း၊ အဆိုပါ ထင်မြင်ယူဆချက်များအတွက် အခြေခံ အထောက်အထားများအား ဖော်ပြထားသည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြရမည်။

(င) ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း သို့မဟုတ် အာမခံချက်များ ပေးခြင်းများကို ဤပုဒ်မ၏ ပုဒ်မခွဲ(က) နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါကိစ္စရပ်တစ်ခုခု ဖြစ်ပေါ်ခဲ့သည့်အခါတွင် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ (က) နှင့် (ဃ) ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ထားခြင်းမရှိလျှင်၊သို့မဟုတ်

(၂) ဤပုဒ်မ၏ပုဒ်မခွဲ(ဃ) အရ ထုတ်ပေးသည့်အထောက်အထား လက်မှတ်တွင် ဖော်ပြပါရှိသည့်ထင်မြင်ချက်များအတွက် သင့်လျော်သော အခြေခံအထောက်အထားများမရှိခဲ့လျှင်၊ ငွေပေးချေမှုကို လက်ခံခဲ့သည့် သို့မဟုတ် အကျိုးခံစားခွင့်ပေးခြင်းကိုရရှိခဲ့သည့် သို့မဟုတ် အာမခံချက်ပေးခြင်းနှင့် သက်ဆိုင်ခဲ့သည့် ဒါရိုက်တာ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ငွေပေးချေခြင်း၊ အကျိုးခံစားခွင့်ပေးခြင်း၊ အာမခံချက်ပေးခြင်းများကို ပြုလုပ်သည့်အချိန်က ယင်းသို့ ဆောင်ရွက်မှုများသည် ကုမ္ပဏီအပေါ် မျှတမှုရှိခဲ့ကြောင်း သက်သေထင်ရှားပြနိုင်သည့်ကိစ္စရပ်မှအပ ပေးချေထားသည့်ငွေပမာဏ၊ အကျိုးခံစားခွင့်အတွက် တန်ဖိုးငွေပမာဏ၊ သို့မဟုတ် အာမခံချက်အရ ကုမ္ပဏီက ပေးချေခဲ့သည့် ငွေပမာဏများအတွက် ကုမ္ပဏီသို့ တစ်ဦးချင်းအလိုက် မိမိတို့ကိုယ်တိုင် တာဝန်ရှိစေရမည်။

(စ) ချေးငွေထုတ်ပေးခြင်းကို ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါကိစ္စရပ် တစ်ခုခုဖြစ်ပေါ်ခဲ့သည့်အခါတွင် -

(၁) ဤပုဒ်မ၏ပုဒ်မခွဲ (က) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ထားခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ) အရထုတ်ပေးသည့် တရားဝင်အထောက်အထား လက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော်သော အခြေခံအထောက်အထားများမရှိခဲ့လျှင်။

ချေးငွေထုတ်ပေးသည့်အချိန်က အဆိုပါ ချေးငွေကိုပြုလုပ်ခြင်းသည် ကုမ္ပဏီအပေါ် မျှတမှုရှိကြောင်း သက်သေထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ချေးငွေနှင့်စပ်လျဉ်း၍ ပြုလုပ်ထားသည့် စည်းကမ်းချက်များ၊ သဘောတူညီချက်များစေကာမူ ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ထုတ်ပေးထားသည့်ချေးငွေကို ကုမ္ပဏီသို့ ချက်ချင်းပြန်လည်ပေးဆပ်ရမည်။

(ဆ) ဒါရိုက်တာများသည်ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ကုမ္ပဏီ၏ နောက်တစ်ကြိမ်ကျင်းပသော နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီတွင် ပါဝင်သူများထံသို့ သေချာစွာ ထုတ်ဖော်တင်ပြရမည်။

၁၈၈။ **ဒါရိုက်တာများ၏ အခကြေးငွေနှင့် ဒါရိုက်တာများ၊ ဆက်နွယ်သည့်ပုဂ္ဂိုလ်များသို့ ပေးအပ်သည့်အကျိုးခံစားခွင့်များအား ကုမ္ပဏီတွင် ပါဝင်သူများက အတည်ပြုခြင်း**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီတွင် ပါဝင်သူများက အတည်ပြုခဲ့လျှင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေနှင့်အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာတစ်ဦး သို့မဟုတ် အခြားဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးသို့ ပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)တွင် ဖော်ပြပါရှိသော ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာအစည်းအဝေးကျင်းပရန်အတွက် အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိသို့ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည်အောက်ပါတို့ကိုပေးပို့တင်ပြရမည်-

(၁) အဆိုပြုမည့် ဆုံးဖြတ်ချက်စာသားများအား ရေးသားဖော်ပြပါရှိသည့် အဆိုပြုအစည်းအဝေးအကြောင်းကြားစာ၊

(၂) ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အား လက်ခံရရှိသော ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့်ပုဂ္ဂိုလ်များ၏အသေးစိတ်အချက်အလက်များ၊ အဆိုပါငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်အသေးစိတ်အချက်အလက်များ အပါအဝင် ဆုံးဖြတ်ချက်ကို မည်သို့မဲပေးဆုံးဖြတ်မည်ဟူသည့်ကိစ္စရပ်အတွက် အရေးပါသော အချက်အလက်များဖြစ်သော ကုမ္ပဏီကသိရှိထားသည့်အချက်အလက်များအားလုံးကိုဖော်ပြထားသည့် အဆိုပြုထားသော ရှင်းလင်းဖော်ပြချက်တစ်စောင်နှင့်

(၃) အစည်းအဝေးကျင်းပမည့်အကြောင်းကြားစာနှင့်အတူ ပူးတွဲတင်ပြမည့် အခြားစာရွက်စာတမ်းများနှင့် အဆိုပြုထားသော ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သော အခြားစာရွက်စာတမ်းများ။

(ဂ) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှ ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစည်းအဝေးအကြောင်းကြားစာ ပေးပို့ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို (၂၈)ရက်အတွင်းဆုံးဖြတ်ရမည်။ မှတ်ပုံတင်အရာရှိက အကြောင်းကြားစာ ပေးပို့ရန်အတည်ပြုခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း အတည်ပြုချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူများအား ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ)အရ အတည်ပြုချက်တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူများအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါတွင် ပုဒ်မခွဲ(ခ)အရ တင်ပြသော စာရွက်စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီအား ညွှန်ကြားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၂)တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူအရေးကြီးသော အကြောင်းများရှိခဲ့ကြောင်းနှင့် စပ်လျဉ်း၍ သင့်လျော်သည့်အကြောင်းအရာများကိုတွေ့ရှိရလျှင် အစည်းအဝေးအကြောင်းကြားစာ ထုတ်ဝေပေးပို့ခြင်းငြင်းပယ်နိုင်သည်။

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

(စ) ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာဆက်နွယ်သည့် ပုဂ္ဂိုလ်သည် အထွေထွေအစည်းအဝေး၌ အခြားပုဂ္ဂိုလ်တစ်ဦးထံမှ ကိုယ်စားလှယ်အဖြစ်မည်သို့ မဲပေးရမည်ကို ညွှန်ကြားထားလျှင်မှတစ်ပါး ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်ရန်အတွက် မဲပေးခြင်းမပြုရ။

(ဆ) ကုမ္ပဏီသည်ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုချမှတ်ပြီးနောက် (၁၄) ရက်အတွင်း ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကိုမှတ်ပုံတင်အရာရှိထံပေးပို့တင်ပြရမည်။

**ဒါရိုက်တာများ၏အချက်အလက်များနှင့်အခြားအကြောင်းအရာများ**

၁၈၉။ **ဒါရိုက်တာများ၊ အတွင်းရေးမှူးများနှင့်သက်ဆိုင်သည့်မှတ်တမ်းများ**

(က) ကုမ္ပဏီအားလုံးသည် ယင်းတို့၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ယင်းတို့၏ မှတ်ပုံတင်စာရင်းများထားရှိရာ အခြားနေရာ၌ အောက်ပါအချက်အလက်များပါဝင်သော ဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများနှင့် အတွင်းရေးမှူးများနှင့်သက်ဆိုင်သည့်မှတ်ပုံတင်စာရင်းတစ်ရပ်ကိုထိန်းသိမ်းထားရှိရမည် -

(၁) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၏ လက်ရှိအမည်အပြည့်အစုံ၊ ယခင်အသုံးပြုခဲ့သည့် အမည်အပြည့်အစုံ၊ မွေးနေ့၊ အမြဲတမ်းနေရပ်လိပ်စာ၊ နိုင်ငံ၊ နိုင်ငံသားနှင့်အခြားနိုင်ငံသားအဖြစ် ထပ်မံခံယူထားလျှင် ယင်းနိုင်ငံသား၊ စီးပွားရေးအလုပ်အကိုင်ရှိခဲ့လျှင် ယင်းအလုပ်အကိုင်၊ အခြားဒါရိုက်တာနေရာ သို့မဟုတ် ဒါရိုက်တာနေရာများကို ရယူထားခြင်းရှိခဲ့လျှင် အဆိုပါနေရာများ၏ အကြောင်းအရာများ၊

(၂) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာတစ်ဦးဦးက ကြေညာသည့်အကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့်

(၃) ပုဒ်မ ၁၈၇ အရ ဒါရိုက်တာတစ်ဦးဦးထံသို့ ပေးအပ်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်။

(ခ) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာနှင့် အတွင်းရေးမှူးတစ်ဦးစီသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ထိန်းသိမ်းထားရှိရသော မှတ်ပုံတင်စာရင်းတွင်ရေးသွင်းဖော်ပြရန်လိုအပ်သည့်အချက်အလက်များကို ကုမ္ပဏီသို့ပေးအပ်ရမည်။

(ဂ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ ဆောင်ရွက်သောနှစ်စဉ်အစီရင်ခံစာအား တင်ပြရန်တာဝန်၏ တစ်စိတ်တစ်ဒေသအဖြစ် အဆိုပါမှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော အကြောင်းအရာများပါဝင်သည့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်နှစ်စဉ်အစီရင်ခံစာအား မှတ်ပုံတင်အရာရှိထံပေးပို့တင်ပြရမည်။ ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသော ဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများနှင့် အတွင်းရေးမှူးများ ပြောင်းလဲခြင်း သို့မဟုတ် အချက်အလက်တစ်ရပ်ရပ် ပြောင်းလဲခြင်းများအတွက် ထိုသို့ပြောင်းလဲသည့်နေ့မှ (၂၈)ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်အကြောင်းကြားချက်တစ်ရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းကို ရုံးလုပ်ငန်းအချိန်ကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ခွင့်ပြုရမည်ဖြစ်ပြီး အခြားသူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုကို စစ်ဆေးမှုတစ်ရပ်အတွက် ကုမ္ပဏီက သတ်မှတ်ထားသည့်သင့်လျော်သော ငွေပမာဏတစ်ရပ်ကို ပေးသွင်းစေလျက် ခွင့်ပြုရမည်။ သို့ရာတွင် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သို့မဟုတ် အထွေထွေအစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင်အချိန် (၂)နာရီအောက်မနည်းသောကာလကို ခွင့်ပြုရန်သတ်မှတ်နိုင်သည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် တရားရုံးသည် စစ်ဆေးမှုအတွက် ငြင်းပယ်ခံရသူ၏ လျှောက်ထားချက်နှင့် ကုမ္ပဏီ၏အကြောင်းကြားချက်တို့အရ မှတ်တမ်းကို ချက်ချင်းစစ်ဆေးဆောင်ရွက်မှုပြုလုပ်စေရန်အမိန့်တစ်ရပ်ချမှတ်၍ညွှန်ကြားနိုင်သည်။

**ဤအခန်းပါပြဋ္ဌာန်းချက်များကိုဖောက်ဖျက်ခြင်း**

၁၉၀။ **ဤအခန်းတွင်ပါရှိသည့်သတ်မှတ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်မှုအတွက်အကျိုးဆက်များ**

(က) အခန်း(၁၈)၏ ပုဒ်မတစ်ရပ်ရပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် အဆိုပါပျက်ကွက်မှုတွင် ပတ်သက်သော ဒါရိုက်တာအားလုံး သို့မဟုတ် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အား ကန့်သတ်ခြင်းမရှိစေဘဲ ပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ပြုလုပ်ခဲ့သော ဒါရိုက်တာအားလုံး သို့မဟုတ် ဤအခန်းပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအတိုင်းပြုလုပ်ရမည် -

(၁) ပျက်ကွက်မှုတွင် ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မရိုးသားမှုများပါဝင်ခဲ့လျှင် တရားရုံးမှသတ်မှတ်သည့် သီးခြားဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်ကိုကျခံရမည်၊ ၎င်းပြင်

(၂) မှတ်ပုံတင်အရာရှိမှ လျှောက်ထားတင်ပြလာလျှင် တရားရုံးမှ သတ်မှတ်သည့်ကာလအတွင်း ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် အခြားအရာရှိအဖြစ် ဆောင်ရွက်ရန် တားမြစ်ထားခြင်းဖြစ်စေရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဒါရိုက်တာများ၊ ဤအခန်း၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အကျုံးဝင်သော ပုဂ္ဂိုလ်တစ်ဦးဦး၏ အခြားသောတာဝန်ရှိမှု တစ်ရပ်ရပ်ကို ဖြစ်စေ၊ အောက်တွင်ဖော်ပြပါရှိသော ပုဒ်မ ၁၉၃ နှင့် ၂၀၀ တို့ပါပြဋ္ဌာန်းချက်များ အပါအဝင် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးက ၎င်းတို့အပေါ် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ကန့်သတ်ထားခြင်းမရှိစေရ။

၁၉၁။ **သတင်းအချက်အလက်များသို့မဟုတ်အကြံဉာဏ်များအပေါ်ယုံကြည်အားထားခြင်း**

(က) ဒါရိုက်တာတစ်ဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်အရတာဝန်တစ်ရပ်ရပ် သို့မဟုတ် အလားတူဥပဒေအရ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှုပြုသည် မပြုသည်ကိုဆုံးဖြတ်နိုင်ရန်အတွက် ပြုလုပ်သော တရားစွဲဆိုဆောင်ရွက်မှုများတွင် သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှ ယုံကြည်အားထားမှုမှာ လျော်ကန်မှုရှိကြောင်း ပေါ်ပေါက်လျှင် အောက်ပါကိစ္စရပ်များ ဖြစ်ပေါ်ပါက ထိုသို့သော သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှယုံကြည်အားထားမှုမှာ လျော်ကန်မှုရှိသည်ဟုသတ်မှတ်ရမည် -

(၁) သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို အောက်ပါပုဂ္ဂိုလ်များကပေးလျှင် သို့မဟုတ် ပြုစုခဲ့လျှင် -

(ကက) သက်ဆိုင်ရာကိစ္စရပ်အတွက် ယုံကြည်အားထားရန် သင့်လျော်သည့် အခြေခံအကြောင်းများရှိပြီး အရည်အချင်းပြည့်ဝကြောင်း ဒါရိုက်တာကယုံကြည်သည့် ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးဦး၊ သို့မဟုတ်

(ခခ) လုပ်ငန်းကျွမ်းကျင်မှု သို့မဟုတ် အရည်အချင်းပြည့်ဝမှုရှိကြောင်း ဒါရိုက်တာကယုံကြည်ရန် သင့်လျော်သည့် အခြေခံအကြောင်းများရှိသော သက်ဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်းသည့် အတတ်ပညာဆိုင်ရာအကြံပေး သို့မဟုတ် ကျွမ်းကျင်သူတစ်ဦးဦး၊ သို့မဟုတ်

(ဂဂ) ဒါရိုက်တာ သို့မဟုတ် အရာရှိတို့၏ လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များနှင့် ဆက်စပ်သည့်အခြား ဒါရိုက်တာသို့မဟုတ်အရာရှိ၊ သို့မဟုတ်

(ဃဃ) အဆိုပါ ဒါရိုက်တာမပါဝင်သည့် ဒါရိုက်တာများ၏ ကော်မတီတစ်ရပ်ရပ်၏ လုပ်ပိုင်ခွင့်အတွင်းမှကိစ္စရပ်များကိုဆောင်ရွက်နေသည့်ကော်မတီနှင့်

(၂) ဒါရိုက်တာများ၏ ကုမ္ပဏီနှင့်စပ်လျဉ်း၍ သိရှိနားလည်မှု၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်မှုများ ခက်ခဲနက်နဲမှုတို့အပါအဝင် သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို လွတ်လပ်သော လေ့လာအကဲဖြတ်မှုပြုပြီးနောက် ယုံကြည်အားထားမှုကို သဘောရိုးဖြင့်ပြုလုပ်ခဲ့လျှင်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် မှတ်ယူဆောင်ရွက်ခြင်းများကို ချေပနိုင်ပြီး ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆို၍ မမှန်ကန်ကြောင်းပြဆိုနိုင်သည်။

**အခန်း (၁၉) ကုမ္ပဏီတွင်ပါဝင်သူများ၏အခွင့်အရေးနှင့်ကုစားခွင့်များ**

**တရားမျှတမှုမရှိသောကိစ္စရပ်များတွင် ကုမ္ပဏီတွင်ပါဝင်သူများနှင့် အခြားသူများ၏တရားစွဲဆိုဆောင်ရွက်မှုများ**

၁၉၂။ **တရားမျှတမှုမရှိသောလုပ်ငန်းဆောင်ရွက်မှုများ**

အကယ်၍-

(က) ကုမ္ပဏီ၏လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သောဆောင်ရွက်မှု၊ သို့မဟုတ်

(ခ) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ အမှန်တကယ်ဆောင်ရွက်မှု သို့မဟုတ် အဆိုပြုထားသော ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု၊ သို့မဟုတ်

(ဂ) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူအမျိုးအစားတစ်ရပ်တွင် ပါရှိသောသူများက ချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် အဆိုပြုသော ဆုံးဖြတ်ချက်တို့သည် အောက်ပါတို့အနက်မှ တစ်ရပ်ရပ်ကိုဖြစ်ပေါ်စေခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ်ချမှတ်နိုင်သည် -

(ဃ) ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အကျိုးခံစားခွင့်နှင့်ဆန့်ကျင်ခြင်း၊

(င) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ပါဝင်သူ ရာထူးနေရာတွင်သော်လည်းကောင်း၊ အခြားရာထူးနေရာတွင်သော်လည်းကောင်း ၎င်းတို့အပေါ် မတရားဖြစ်စေခြင်း၊ မမျှမတဖြစ်စေခြင်း သို့မဟုတ် မတရားသဖြင့်ခွဲခြားပြုမူခြင်း။

ဤအခန်းပါ ကိစ္စရပ်များအတွက် ကုမ္ပဏီရှိအစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်တစ်ဦးဦးကို ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်သတ်မှတ်ရမည်။

၁၉၃။ **တရားရုံးကချမှတ်နိုင်သည့်အမိန့်များ**

(က) တရားရုံးသည် ဤပုဒ်မအရအောက်ပါ အမိန့်တစ်ရပ်ရပ်အပါအဝင် ကုမ္ပဏီနှင့် စပ်လျဉ်း၍သင့်လျော်သည်ဟု၎င်းမှ ထင်မြင်လျှင်အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

(၂) ကုမ္ပဏီ၏ လက်ရှိဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်၊

(၃) နောင်တွင် ဆောင်ရွက်မည့်ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များအတွက် စည်းကမ်းချက်များ သတ်မှတ်ရန်၊

(၄) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိအစုရှယ်ယာတစ်ရပ်ရပ်ကိုသေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးက အစုရှယ်ယာတစ်ရပ်ရပ်ကိုဝယ်ယူရန်၊

(၅) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းအား သင့်လျော်သည့်ပမာဏကိုလျှော့ချခြင်းဖြင့် အစုရှယ်ယာများကိုဝယ်ယူရန်၊

(၆) ကုမ္ပဏီအတွက် တရားစွဲဆိုမှုတစ်ရပ်ရပ်ကိုပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်၊

(၇) ကုမ္ပဏီ၏အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ ကိုယ်စားတရားစွဲဆိုမှု တစ်ရပ်ရပ်ကိုပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိအစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဆောင်ရွက်ခွင့်ပြုရန်၊

(၈) ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် အားလုံးအတွက် ပစ္စည်းလက်ခံထိန်းသိမ်းသူ (receiver) တစ်ဦးအား ခန့်အပ်ရန်၊

(၉) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့်အပြုအမူကို ပြုမူစေခြင်း သို့မဟုတ် ပြုလုပ်စေခြင်းမှရှောင်ကြဉ်စေရန်၊

(၁၀) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့်ဆောင်ရွက်မှုတစ်ရပ်ရပ်ကိုပြုလုပ်စေရန်။

(၁၁) နစ်နာကြေးများပေးလျော်ရန်။

(ခ) ဤပုဒ်မအရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်ခဲ့လျှင် ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် လိုအပ်သလိုပြောင်းလဲပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်များအားလိုက်နာရမည်။

(ဂ) ဤပုဒ်မအရကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ခဲ့လျှင် အမိန့်၌ ထိုသို့ဆောင်ရွက်ခွင့်ပြုထားခြင်း မရှိလျှင်ဖြစ်စေ သို့မဟုတ် ကုမ္ပဏီသည်တရားရုံး၏ ခွင့်ပြုမှုကိုဦးစွာရယူထားခြင်း မရှိလျှင်ဖြစ်စေ အဆိုပါ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းသည် အမိန့်တွင်ပါရှိသည့်စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိလျှင် ကုမ္ပဏီသည်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်အတွက်ပုဒ်မ ၁၇ အရ လုပ်ပိုင်ခွင့်မရှိ။

၁၉၄။ **တရားရုံးအမိန့်တစ်ရပ်အတွက်လျှောက်ထားခြင်း**

ကုမ္ပဏီနှင့် စပ်လျဉ်း၍ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားမှုကို အောက်ပါပုဂ္ဂိုလ်များက ပြုလုပ်နိုင်သည် -

(က) လျှောက်ထားမှုသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆန့်ကျင်သည့် ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော်လည်း ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး -

(၁) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှတစ်ပါး အခြားရာထူးနေရာတစ်ခုခုတွင် ဆောင်ရွက်နေသော ကုမ္ပဏီတွင်ပါဝင်သူ၊ သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် ၎င်းတို့၏ ရာထူးနေရာတွင် ဆောင်ရွက်နေသော ကုမ္ပဏီတွင်ပါဝင်သောအခြားသူများ။

(ခ) မတည်ငွေရင်း ရွေးချယ်လျှော့ချခြင်းကြောင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းမှဖယ်ရှားခံရသူ၊

(ဂ) လျှောက်ထားမှုသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှရပ်စဲသည့် အခြေအနေနှင့်သက်ဆိုင်ခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှရပ်စဲခံရသူ၊

(ဃ) ကုမ္ပဏီရှိအစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(င) အောက်ပါကိစ္စရပ်များအား စုံစမ်းစစ်ဆေးနေသည့် သို့မဟုတ် စုံစမ်းစစ်ဆေးပြီးသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍မှတ်ပုံတင်အရာရှိမှသင့်လျော်သည်ဟုထင်မြင်ယူဆသူ တစ်ဦးဦး-

(၁) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်သော ကိစ္စရပ်များ။

၁၉၅။ **ချမှတ်သည့်အမိန့်ကိုမှတ်ပုံတင်အရာရှိထံပေးပို့တင်ပြရန်လိုအပ်ခြင်း**

ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ်အား ချမှတ်ခဲ့လျှင် လျှောက်ထားသူသည် အဆိုပါ အမိန့်အား ချမှတ်သည့်နေ့မှ (၂၁)ရက်အတွင်း ယင်းအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ပေးပို့တင်ပြရမည်။

**ကုမ္ပဏီကိုယ်စားတရားစွဲဆိုဆောင်ရွက်မှုများ**

၁၉၆။ **ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကြားဝင်ဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီကိုယ်စား တာဝန်ယူဆောင်ရွက်ရန်အတွက် သို့မဟုတ် အဆိုပါ တရားစွဲဆိုမှုများတွင် စေ့စပ်ညှိနှိုင်းခြင်း သို့မဟုတ် ဖြေရှင်းဆောင်ရွက်ခြင်းကဲ့သို့ လိုအပ်သည့်ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန်အတွက် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်နိုင်သည် သို့မဟုတ် ကုမ္ပဏီမှ အမှုသည်အဖြစ် ပါဝင်သော တရားစွဲဆိုမှုတစ်ရပ်ရပ်တွင်ကြားဝင်ဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတွင်ပါဝင်သူ၊ ယင်းတို့တွင်ပါဝင်ခဲ့သူ (former member) သို့မဟုတ် ယင်းတို့တွင်

စာမျက်နှာ ၈ သို့

**စာမျက်နှာ ၇ မှ**

ပါဝင်သူတစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(၂) ကုမ္ပဏီတစ်ခု၏ဒါရိုက်တာ၊ ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ (former officer) ဖြစ်ရမည့်အပြင်

(၃) ပုဒ်မ ၁၉၇ အရ ခွင့်ခံစားခွင့်ရရှိထားသော တာဝန်ထမ်းဆောင်နေဆဲ ပုဂ္ဂိုလ်တစ်ဦးဦး။

(ခ) ကုမ္ပဏီကိုယ်စားဆောင်ရွက်သည့် တရားစွဲဆိုမှုများကို ကုမ္ပဏီ၏အမည်ဖြင့်စွဲဆိုဆောင်ရွက်ရမည်။

(ဂ) ကုမ္ပဏီကိုယ်စားတရားစွဲဆိုဆောင်ရွက်ရန် သို့မဟုတ် ကြားဝင်ဆောင်ရွက်ရန် အခြားဥပဒေတစ်ရပ်ရပ်၌ ဖော်ပြထားသည့်ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကို ပယ်ဖျက်ရမည်။

၁၉၇။**တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း**

(က) ပုဒ်မ၁၉၆ပုဒ်မခွဲ(က) အပိုဒ်(၁) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆိုမှုများ ဆောင်ရွက်ရန် သို့မဟုတ် တရားစွဲဆိုမှုများတွင် ကြားဝင်ဆောင်ရွက်ခွင့်ရရှိရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် လျှောက်ထားမှုအား ခွင့်ပြုရမည်-

(၁) ကုမ္ပဏီကိုယ်တိုင်က တရားစွဲဆိုမှုများကို မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် အဆိုပါ ကိစ္စများအတွက် တာဝန်ယူဆောင်ရွက်နိုင်ခြင်း သို့မဟုတ် လိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊

(၂) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း၊

(၃) လျှောက်ထားသူအပေါ် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်စေမည်ဖြစ်ကြောင်း၊

(၄) လျှောက်ထားသူသည် တရားစွဲဆိုဆောင်ရွက်ရန်အတွက် ခွင့်ပြုချက် လျှောက်ထားလျှင် အရေးကြီးသောကိစ္စရပ်ကို ဖြေရှင်းရန်ရှိကြောင်းနှင့်

(၅) အောက်ပါကိစ္စတစ်ရပ်ရပ်ရှိခဲ့လျှင် -

(ကက) လျှောက်လွှာမတင်မီအနည်းဆုံး(၁၄)ရက် ကြိုတင်၍ လျှောက်ထားသူသည် ခွင့်ပြုချက်လျှောက်ထားရန် ရည်ရွယ်ကြောင်းနှင့် ထိုသို့လျှောက်ထားရသည့်အကြောင်းရင်းတို့ကို စာဖြင့်ရေးသား၍ ကုမ္ပဏီသို့ အကြောင်းကြားရမည်၊သို့မဟုတ်

(ခခ) အပိုဒ်ခွဲငယ် (ကက) ပါ ဖော်ပြချက်ကိုလက်ခံနိုင်ခြင်း မရှိသော်လည်း ခွင့်ပြုချက်ပေးရန် သင့်လျော်မှုရှိရမည်။

(ဂ) အောက်ပါတို့ကို တွေ့ရှိရလျှင် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံးအကျိုးခံစားခွင့်အတွက် မဟုတ်ကြောင်းချေပနိုင်သည့် မှတ်ယူချက်တစ်ခုဖြစ်သည်-

(၁) တရားစွဲဆိုခြင်းသည် -

(ကက) တတိယပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ကုမ္ပဏီမှတရားစွဲဆိုမှုဖြစ်ခြင်း၊သို့မဟုတ်

(ခခ) ကုမ္ပဏီအပေါ် တတိယပုဂ္ဂိုလ်တစ်ဦးဦးက တရားစွဲဆိုမှုဖြစ်ခြင်းနှင့်

(၂) ကုမ္ပဏီမှအောက်ပါတို့ကိုဆုံးဖြတ်ခဲ့လျှင် -

(ကက) တရားစွဲဆိုမှုကို မဆောင်ရွက်ရန်၊ သို့မဟုတ်

(ခခ) တရားစွဲဆိုမှုတွင်ခုခံချေပခြင်းမပြုရန်၊သို့မဟုတ်

(ဂဂ) တရားစွဲဆိုမှုကိုရပ်စဲရန်၊ ဖြေရှင်းရန် သို့မဟုတ် စေ့စပ်ညှိနှိုင်းရန်နှင့်

(၃) အဆိုပါဆုံးဖြတ်ချက်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ဒါရိုက်တာများအားလုံးသည် -

(ကက) လျော်ကန်သင့်မြတ်သောကိစ္စရပ်အတွက် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြခြင်း၊

(ခခ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာအကျိုးခံစားခွင့်မပါရှိခြင်း၊

(ဂဂ) ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ၎င်းတို့ကိုယ်တိုင် သင့်လျော်မျှတသည်အထိ စုံစမ်းခြင်းနှင့်

(ဃဃ) ဆုံးဖြတ်ချက်သည်ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်ခြင်း။

(ဃ) အလားတူအခြေအနေတွင် သာမန်ပုဂ္ဂိုလ်တစ်ဦးက လက်ခံဆောင်ရွက်နိုင်ခြင်း မရှိခြင်းမှတစ်ပါး ထိုဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ဒါရိုက်တာများ၏ ယုံကြည်မှုသည် ကျိုးကြောင်းညီညွတ်သော ယုံကြည်မှု ဖြစ်သည်။

(င) ဤပုဒ်မ၏ပုဒ်မခွဲ(ဂ) တွင်ပါရှိသောကိစ္စရပ်များအတွက် -

(၁) ပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီ၏ဆက်နွယ်သည့်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါက ထိုပုဂ္ဂိုလ်သည် တတိယပုဂ္ဂိုလ်တစ်ဦးဖြစ်သည်၊ ၎င်းပြင်

(၂) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီအပေါ် တွင်လည်းကောင်း တရားစွဲဆိုမှုများတွင် ယင်းသို့ တရားစွဲဆိုမှုများတွင် ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်အား အယူခံဝင်ခြင်းများလည်း ပါဝင်သည်။

၁၉၈။**တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့်ရရှိသောသူအတွက်အခြားသူ တစ်ဦးဦးကိုအစားထိုးဖြည့်စွက်ခြင်း**

(က) ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိထားသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် အစားထိုးဖြည့်စွက်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် အောက်ပါပုဂ္ဂိုလ်များအနက်မှ တစ်ဦးဦးသည် တရားရုံးသို့ လျှောက်ထားရမည် -

(၁) ကုမ္ပဏီသို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင်ပါဝင်ခဲ့သူ (former member)၊သို့မဟုတ် ယင်းတို့တွင် ပါဝင်သူတစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပုဂ္ဂိုလ်တစ်ဦးဦး၊

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သောဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သောအရာရှိ (former officer)။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင်အမိန့်တစ်ရပ်ကိုချမှတ်ရမည် -

(၁) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်းနှင့်

(၂) အကြောင်းခြင်းရာအားလုံးတွင် အမိန့်ချမှတ်ရန်သင့်လျော်မှုရှိကြောင်း။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အခြားသူတစ်ဦးအတွက် အစားထိုးဖြည့်စွက်ရန် ချမှတ်သည့်အမိန့်သည် အောက်ပါအတိုင်းအကျိုးသက်ရောက်မှုရှိသည် -

(၁) ခွင့်ပြုချက်ပေးခြင်းသည် အစားထိုးဖြည့်စွက်သောပုဂ္ဂိုလ်အကျိုးငှာ ပြုလုပ်သည်ဟု သတ်မှတ်ရမည်၊ ၎င်းပြင်

(၂) အခြားသူတစ်ဦးသည် တရားစွဲဆိုဆောင်ရွက်မှုအား ပြုလုပ်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီးဖြစ်လျှင် အစားထိုးဖြည့်စွက်သော ပုဂ္ဂိုလ်သည် အဆိုပါ တရားစွဲဆိုမှုကို ဆောင်ရွက်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။

၁၉၉။**ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီတွင် ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကိုအတည်ပြုခဲ့လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် ထိုအတည်ပြုချက် သို့မဟုတ် ထောက်ခံချက်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦးဦးအား ပုဒ်မ ၁၉၇ အရ ခွင့်ခံစား၍တရားစွဲဆိုမှုများကို ပြုလုပ်ခြင်း သို့မဟုတ် ယင်းတို့တွင် ကြားဝင်ဆောင်ရွက်ခြင်းကိုဖြစ်စေ၊ အဆိုပါ ပုဒ်မပါပြဋ္ဌာန်းချက်အရ ခွင့်ခံစားနိုင်ရန်အတွက် လျှောက်ထားခြင်းကိုဖြစ်စေ တားမြစ်ထားခြင်းမရှိစေရ။

(၂) ပုဒ်မ ၁၉၇ အရ ခွင့်ခံစား၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများကို တရားပြိုင်၏ အကျိုးအတွက် ဆုံးဖြတ်ပေးရမည် သို့မဟုတ် အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားခြင်းကို ငြင်းပယ်ရမည်ဟုအကျိုးသက်ရောက်ခြင်းမရှိစေရ။

(ခ) ကုမ္ပဏီတွင် ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခဲ့လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများတွင် လည်းကောင်း၊ အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း နစ်နာမှုများ အပါအဝင် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ရာ၌ ဖော်ပြပါ အတည်ပြုချက် သို့မဟုတ် ထောက်ခံချက်ကိုထည့်သွင်းစဉ်းစားနိုင်သည်။ ထိုသို့ချမှတ်ဆောင်ရွက်ခဲ့လျှင် ယင်းဆုံးဖြတ်ချက်တွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) ကုမ္ပဏီတွင်ပါဝင်သူများမှ ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြု၊ မပြု သို့မဟုတ် ထောက်ခံခြင်းပြု၊ မပြုဆုံးဖြတ်ရာတွင် ၎င်းတို့၏ ပြုလုပ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြည့်စုံစွာသိရှိခဲ့ခြင်းနှင့်

(၂) ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ထောက်ခံခြင်းတို့အား ပြုလုပ်ခဲ့သောကုမ္ပဏီတွင် ပါဝင်သူများက လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် ဆောင်ရွက်ခဲ့ခြင်းရှိ၊ မရှိ။

၂၀၀။**တရားရုံး၏အထွေထွေလုပ်ပိုင်ခွင့်များ**

(က) တရားရုံးသည် အောက်ပါကိစ္စများအပါအဝင် ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း သင့်သည်ထင်မြင်သည့်အတိုင်း အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်ပြီး ညွှန်ကြားချက်များကိုပြုလုပ်နိုင်သည် -

(၁) ကြားဖြတ်အမိန့်များ၊

(၂) စေ့စပ်ညှိနှိုင်းခြင်းဆောင်ရွက်ရန် လိုအပ်ခြင်း အပါအဝင် တရားစွဲဆိုဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့်ညွှန်ကြားချက်များ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ အရာရှိတစ်ဦးဦးကို ဆောင်ရွက်မှု တစ်ရပ်ရပ်ပြုလုပ်စေရန် သို့မဟုတ် မပြုလုပ်စေရန် ညွှန်ကြားသည့်အမိန့်တစ်ရပ်နှင့်

(၄) အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန်နှင့် တရားရုံးသို့ အစီရင်ခံတင်ပြစေရန် လွတ်လပ်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုခန့်ထားသည့် အမိန့်တစ်ရပ် -

(ကက) ကုမ္ပဏီ၏ငွေရေးကြေးရေးကိစ္စရပ်များ၊ သို့မဟုတ်

(ခခ) တရားစွဲဆိုသည့်အကြောင်းအရာနှင့် စပ်လျဉ်း၍ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်လာရသည့် အချက်အလက်များ သို့မဟုတ် အခြေအနေများ၊ သို့မဟုတ်

(ဂဂ) တရားစွဲဆိုမှုတွင် ပါဝင်လျက်ရှိကြသော အမှုသည်များနှင့် ခွင့်ပြုချက်ရရှိသောသူတို့က တရားစွဲဆိုမှုတွင် ကုန်ကျခဲ့သည့်စရိတ်များ။

(ခ) ဤပုဒ်မ၏ပုဒ်မခွဲ (က) အပိုဒ် (၄) အရတရားရုံးက ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီသို့ သင့်လျော်သည့် အကြောင်းကြားမှု ပြုလုပ်၍၎င်းအားခန့်အပ်မှုနှင့် သက်ဆိုင်သောလုပ်ငန်းများအတွက် ကုမ္ပဏီ၏ စာရင်းစာအုပ်များကိုစစ်ဆေးခွင့်ရှိသည်။

(ဂ) တရားရုံးသည် ဤပုဒ်မ၏ပုဒ်မခွဲ(က) အပိုဒ်(၄) အရပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခဲ့လျှင် -

(၁) တရားရုံးသည် ထိုသို့ ခန့်အပ်ထားခြင်းခံရသူအတွက် အခကြေးငွေနှင့်ကုန်ကျစရိတ်များကို မည်သူကကျခံရမည်ဖြစ်ကြောင်းဖော်ပြပါရှိသည့်အမိန့်တစ်ရပ်ကိုလည်းချမှတ်ရမည်၊

(၂) တရားရုံးသည် အဆိုပါအမိန့်ကို မည်သည့်အချိန်တွင်မဆို ပြောင်းလဲနိုင်သည်၊

(၃) အဆိုပါအမိန့်အရ သို့မဟုတ် ထိုသို့ပြောင်းလဲထားသောအမိန့်အရ ပြုလုပ်ဆောင်ရွက်ရန် တာဝန်ရှိသောပုဂ္ဂိုလ်များမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်သည်-

(ကက) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုတွင် အမှုသည်အဖြစ် ပါဝင်သူအားလုံး သို့မဟုတ် အမှုသည်တစ်ဦးဦးနှင့်

(ခခ) ကုမ္ပဏီ။ ၎င်းပြင်

(၄) အဆိုပါအမိန့် သို့မဟုတ် ထိုသို့ပြောင်းလဲထားသော အမိန့်တွင် သက်ဆိုင်သူ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများအား တာဝန်ရှိကြောင်းဖော်ပြထားလျှင် ထိုအမိန့်တွင် ထိုသို့ သက်ဆိုင်သူတစ်ဦးစီ၏ တာဝန်ရှိမှုအခြေအနေနှင့် အတိုင်းအတာပမာဏကိုလည်း ဆုံးဖြတ်ပေးနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်များသည် ကုန်ကျစရိတ်နှင့် စပ်လျဉ်းသည့် တရားရုံး၏လုပ်ပိုင်ခွင့်များကို ထိခိုက်စေခြင်းမရှိစေရ။

၂၀၁။**ကုန်ကျစရိတ်ဆိုင်ရာ အမိန့်များကို ချမှတ်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဆိုပါပုဒ်မပါပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သော အောက်ပါပုဂ္ဂိုလ်များ၏ ကုန်ကျစရိတ်များမှာ သင့်လျော်သည်ဟုယူဆလျှင် မည်သည့်အချိန်တွင်မဆို အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် -

(က) တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် လျှောက်ထားသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူ၊

(ခ) ကုမ္ပဏီနှင့်

(ဂ) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုများတွင် ပါဝင်သော အခြားအမှုသည် တစ်ဦးဦး။

ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ချမှတ်သည့်အမိန့်တစ်ရပ်ရပ်သည် ကုန်ကျစရိတ်များကို ပေးချေရန်တာဝန်ချမှတ်နိုင်သည်။

## အခန်း (၂၀) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများက အစုရှယ်ယာ ရောင်းချရန်ကမ်းလှမ်းမှုများနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ

### ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus)

၂၀၂။**ဤအခန်းပါပြဋ္ဌာန်းချက်များအားလိုက်နာဆောင်ရွက်ခြင်း**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)မှအပ ဤအခန်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် ယင်းတို့၏ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းခြင်းများနှင့် သက်ဆိုင်စေရမည်။ ဤပြဋ္ဌာန်းချက်များအား ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည့်အပြင် အဆိုပါ သက်ဆိုင်ရာဥပဒေများနှင့် အညီလိုက်နာဆောင်ရွက်ရမည်။

(ခ) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီမှအပ အခြားကုမ္ပဏီအမျိုးအစားများသည် ၎င်းတို့၏အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းခြင်း၊ သို့မဟုတ် အများပြည်သူသို့ရောင်းချရန်အတွက် ကမ်းလှမ်းရန် ရည်ရွယ်လျက် ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန်သဘောတူညီခြင်းတို့ကိုမပြုလုပ်ရ။

၂၀၃။**ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အားတင်ပြခြင်း**

(က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ၊ အဆိုပြုကုမ္ပဏီဖြစ်စေထုတ်ဝေသည့် သို့မဟုတ် ယင်းကုမ္ပဏီနှင့် စပ်လျဉ်းသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အားလုံးတွင်ရက်စွဲပါရှိရမည်ဖြစ်ပြီး အဆိုပါရက်စွဲသည် ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့် ရက်စွဲအဖြစ်သတ်မှတ်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

